# ချိုင်းနားရီဗျူး

# CHINA REVIEW

မင်းသော့

# ykEdyfrSwfwrf;

**ပုံနှိပ်ခြင်း** - ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၂၀ ခုနှစ်

**ပုံနှိပ်သူ** - မုံရွေးပုံနှိပ်တိုက်
ဦးဝင်းကျော်ထွန်း (မြ-၀၀၁၃၅)
အမှတ် ၁၄၀၊ ၄၅ လမ်း (အထက်)၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** - ဦးထက်ပိုင်အောင်
ပန်းဆက်လမ်း စာအုပ်တိုက် (မြ-၀၀၇၈၄)
အမှတ် (၄၅၄)၊ မြင်တော်သာလမ်း၊ သာကေတ၊ ရန်ကုန်မြို့။
Website/ pannsattlann.com , Mobile App/ Pann Satt Lann
Facebook page/ Pann Satt Lann Books

**ဖြန့်ချိရေး** - ပန်းဆက်လမ်း စာအုပ်တိုက်
ဖုန်း - ၀၉ ၇၃၁၆၇၃၄၆၊ ၀၉ ၂၅၀၄၂၁၀၈၁။

**အုပ်ရေ** - ၁၀၀၀
**တန်ဖိုး** - ၂၅၀၀ ကျပ်

မင်းသေ့ ၈၀၈.၈၄
ချိုင်းနားရီဗျူး၊ မင်းသေ့၊ ရန်ကုန်။
ပန်းဆက်လမ်းစာပေ၊ ၂၀၂၀။
စာ-၁၄၄၊ ၁၃.၂ x ၂၁ စင်တီ
(၁) ချိုင်းနားရီဗျူး

# မာတိကာ


| | | |
|---|---|---|
| - | မင်းသေ့ အမေးစာ | ၅ |
| ၁။ | ဘေဂျင်း (သို့မဟုတ်) ပီကင်း | ၉ |
| ၂။ | တရုတ်နဂါး | ၂၂ |
| ၃။ | ပြည်ပရောက်တရုတ်များအရေး | ၃၁ |
| ၄။ | တရုတ်တွေ နီတုန်းလား | ၅၃ |
| ၅။ | မြန်မာဖြစ် တရုတ်မုန်းတီးရေးအမြင် | ၆၀ |
| ၆။ | တရုတ်ကိစ္စ | ၇၁ |
| ၇။ | ချိုင်းနားရီဗျူး | ၇၅ |
| ၈။ | တရုတ်၏ အိုင်ဒီယော်လိုဂျီ ပို့ကုန် | ၈၅ |
| ၉။ | တရုတ်၏ ဆူးကြီး သုံးချောင်း (သို့) တီ သုံး တီ | ၉၆ |
| ၁၀။ | တရုတ်မျိုးချစ် | ၁၁၀ |
| ၁၁။ | စစ်စီးပွားရေးနဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှု ထောင်ချောက် | ၁၁၈ |

# rif,aohtar;pm

ရေးသားဖော်ပြထားတဲ့ စာတွေအကြောင်း ထူးထွေပြီး မှာစရာ အကြောင်း မရှိပါ။ ထူးထူးထွေထွေ မေးစရာတော့ ရှိပါတယ်။ ဒါ့ကြောင့် အမှာစာလို့ မတပ်ဘဲ အမေးစာလို့ ခေါင်းစဉ်တပ်ပါတယ်။

တရုတ်အကြောင်း ဆောင်းပါးတွေကို စုစည်းထုတ်ဝေလိုက်ရခြင်း ရည်ရွယ်ချက်ကို ပြောချင်ပါတယ်။ ဒီစာအုပ်ဟာ ကျွန်တော်ထုတ်ဝေဖူးသမျှ စာအုပ်တွေထဲမှာ စာမျက်နှာ အနည်းဆုံးစာအုပ် ဖြစ်ပါတယ်။ ဒါပေမဲ့ ဆောင်းပါး တစ်ပုဒ်ချင်းစီဟာ ကျွန်တော် အတိုင်းအတာတစ်ခုထိ အားစိုက် ထုတ်ပါမှ ထွက်လာတဲ့ဆောင်းပါးတွေ ဖြစ်ပါတယ်။ ရေးနေကျ နိုင်ငံရေးနဲ့ လူ့အဖွဲ့အစည်းဆိုင်ရာ ဆောင်းပါးတွေလို ခပ်သွက်သွက်မရေးဖြစ်တဲ့ အကြောင်းအရာမို့ ဖြစ်ပါတယ်။ အကြောင်းအရာတစ်ခုကို အထူးပြုရေးသားဖို့ အားစိုက်ထုတ်ရသလို၊ သမားရိုးကျမဟုတ်တဲ့ အမြင်ရှုထောင့်မျိုးက မဟုတ် ဘဲ အမြင်သစ်၊ ရှုထောင့်သစ်ရဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီဆောင်းပါး တွေဟာ ဆောင်းပါးရှည်တွေသာ များတယ်။ တစ်ပုဒ်နှစ်ပုဒ်လောက်သာ ဆောင်းပါးအတိုဖြစ်ပါတယ်။

ချိုင်းနားရီဗျူး စာအုပ်ကို ထုတ်ဝေရခြင်း ရည်ရွယ်ချက်ရှိပါတယ်။ မြန်မာပြည်မှာ တရုတ်ရေးရာကို အထူးပြု အာရုံစိုက်လေ့လာမယ့် လူငယ် မျိုးဆက်သစ် တတ်သိ ကျွမ်းကျင်နားလည်သူ အကယ်ဒမစ်ပညာတတ်တွေ ထွက်ပေါ်စေချင်လို့ ဖြစ်ပါတယ်။ မြန်မာဟာ တရုတ်ကို ငြင်းပယ်ဖို့ ခဲယဉ်း ပါတယ်။ ဒါ့ကြောင့် အသာစီးရဖို့ဆိုတာထက် တရုတ်ချပေးတဲ့ ဖဲချပ်တစ်ချပ် ချင်းစီကို ထိုင်ရှင်းနေရုံနဲ့ အချိန်ကုန် အသက်ကြီးသွားဖွယ်ရာ ရှိပါတယ်။

တရုတ်အရေးနဲ့ ပတ်သက်ပြီး မြန်မာအနေနဲ့ ပေါ့ပေါ့ဆဆဖြစ်လို့ မရပါ။ ယဉ်ကျေးမှုအရ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူဦးရေအရ၊ စစ်ရေးအရ၊ သံခင်းတမန်ခင်းအရ ကိုယ့်ဘက်က များများပြင်ဆင် ထုပ်ပိုးထားနိုင်မှ၊ အပေးအယူကိစ္စတွေနဲ့ နှစ်နိုင်ငံစေ့စပ်ညှိနှိုင်းရေး ကိစ္စတွေမှာ မြန်မာက ရင်ဘောင်တန်း ကစားနိုင်မှာ ဖြစ်ပါတယ်။ ဘယ်ဘက်က ကြည့်ကြည့် မြန်မာနဲ့တရုတ် တွဲပြီး လုပ်တဲ့ ကိစ္စတွေမှာ မြန်မာဘက်က အမြဲတမ်းလိုလို bargaining power ချို့တဲ့တာ တွေ့ရပါတယ်။ ဒါက တတ်သိကျွမ်းကျင်သူတွေကို နံဘေးမှာ မထားနိုင်တဲ့ကိစ္စ ဖြစ်သလို၊ နေရာတကာမှာ အလွယ်လုပ်၊ အပေါ့တွေးပြီး အထူးပြုသမားတွေက ပြင်ဆင်ထုပ်ပိုးတဲ့ ပေါ်လစီအထုပ်အပိုး ချို့တဲ့လို့ ဖြစ်ပါတယ်။ အနာဂတ်မှာ ပညာတတ်ကို စနစ်တကျမွေးပြီး ခိုင်းမစားတတ်တဲ့ အစိုးရတွေရဲ့ ဗီဇစရိုက်ဟာ ဖျောက်နိုင်သေးမယ်မထင်ပါ။ ဒါ့ကြောင့် မြန်မာပြည်မှာ တတ်နိုင်သရွေ့ တရုတ်ရေးရာ ကျွမ်းကျင်သူတွေ တက္ကသိုလ်အဝန်းအဝိုင်းမှာ ထုတ်လုပ်နိုင်ဖို့လိုတယ်။ နိုင်ငံရေးပါတီနဲ့မူဝါဒရေးရာ သုခမိန်အဖွဲ့တွေမှာလည်း တရုတ်အထူးပြုသမားတွေ အလျှိုလျှိုပေါ်ထွက်ဖို့ လိုတယ်။ ဒါကို အားပေးတယ်။ ထောက်ခံတယ်။ လိုလားတယ်။ ဒါ့ကြောင့် ဒီစာအုပ်နဲ့ ကျေးဇူးပြု မျိုးကြဲလိုက်ခြင်းဖြစ်ပါတယ်။

ကျွန်တော် ရေးသားထုတ်ဝေတဲ့စာအုပ်ဟာ ဇီးရွက်ပမာလောက်သာ ကွက်လပ်ဖြည့်နိုင်ပါလိမ့်မယ်။ သို့သော် တရုတ်အရေးနဲ့ ပတ်သက်ပြီး မြန်မာပြည်ကို တစ်ယောက်ယောက်က မပြတ်တပ်လှန့်နေဖို့ လိုပါတယ်။ မြန်မာဟာ ကိုယ့်အချင်းချင်း အလေအလွင့်တွေ၊ အတင်းအဖျင်းတွေ၊ ထိုးနှက်တိုက်ခိုက်မှုတွေ လုပ်ရင်းနဲ့သာ အချိန်ကုန်နေပါတယ်။ ကိုယ့်အလုပ်ကို လုပ်ဖို့ မေ့နေကြတယ်။ မြန်မာဟာ ‘အိမ်ကျယ်’ ဖြစ်နေပါတယ်။ ကိုယ့်အိမ်ထဲမှာပဲ ကိုယ်ကျယ်တဲ့ အိမ်ကျယ် ဖြစ်နေပါတယ်။ နိုင်ငံတကာ/ကမ္ဘာ မပြောနဲ့ အနီးကပ်ဆုံး တရုတ်နဲ့ ယှဉ်ရင်တောင် ခေါင်းငုံ့ပြီး ပြောသမျှ ဟုတ်ကဲ့ . . . လုပ်ပြီး အစ်ကိုကြီး ညီလေး ဆက်ဆံရေးနဲ့ ဗိုလ်ကျ ခံနေရတာ များပါပြီ။ ဒါကိုလည်း သိပ်မနာတတ်ပါ။ နာရင်လည်း ခဏပါပဲ။ ပြီးတော့လည်း မေ့မေ့ပျောက်ပျောက် ပါပဲ။ ဒီနောက်ပိုင်းကာလတွေမှာ တရုတ်က ငွေချမ်းသာ လာပြီး နိုင်ငံတကာလက်တံပိုရှည်လာလို့၊ အိမ်နီးချင်း မြန်မာကို

တစ်ခါတစ်ရံ နားရွက်တံတွေး ဆွတ်ပါတယ်။ မြန်မာကတော့ ရှက်ပြုံးကြီးနဲ့ သွားဖြီးပြနေဆဲပါပဲ။ မြန်မာခေါင်းဆောင်တွေထဲမှာ တရုတ်ကို တန်းတူရင်ဘောင်တန်းနိုင်တဲ့ အထာမျိုး ပိုင်ဆိုင်နိုင်ဖို့ လိုပါတယ်။ ဒီလုပ်ငန်းစဉ်ဟာ မလွယ်ကူပါ။ အချိန်ပေးပြီး တည်ဆောက်ရမယ့်ကိစ္စဖြစ်သလို၊ နိုင်ငံရေးသမားတိုင်း၊ နိုင်ငံရေး ရည်မှန်းချက်ရှိထားသူတိုင်းဟာ တရုတ်အရေးနဲ့ ပတ်သက်ပြီး မပြတ် ထည့်သွင်းစဉ်းစားနေရမယ့် ကိစ္စ ဖြစ်ပါတယ်။

- ❖ ဒီနေ့ မြန်မာပြည်မှာ တရုတ်ရေးရာကို နယ်ပယ်ပေါင်းစုံမှာ နှံ့က်နှံ့က် ချွတ်ချွတ် လေ့လာဆည်းပူးနေသူ ပညာတတ်လူငယ်တွေ ဘယ်၍ ဘယ်မျှ ရှိပါသလဲ။
- ❖ လက်ရှိ မြန်မာအစိုးရဆီမှာ တရုတ်ရေးရာကို စနစ်တကျ လေ့လာသင်ယူ တတ်မြောက်ထားပြီး ကိုင်တွယ်စီမံ ထုပ်ပိုးပေးနိုင်တဲ့သူ ဘယ်နှစ်ယောက် ရှိပါသလဲ။
- ❖ လက်ရှိ တရုတ်ဘာသာစကားတတ်ကျွမ်းသူ မြန်မာနိုင်ငံသားတွေထဲက ဘယ်နှယောက်ဟာ တရုတ်ကို အထူးပြုပြီး နိုင်ငံရေး၊ လုံခြုံရေး၊ နိုင်ငံခြားရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍတွေမှာ ပညာရပ်ဆန်ဆန် လေ့လာနေပါသလဲ။

မြန်မာ့ တရုတ်လော်ဘီ စာရေးဆရာတွေရေးတဲ့ တရုတ်သံရုံးတွေရဲ့ ငွေကြေးအပံ့အပိုးနဲ့ ရေးသားထုတ်ဝေနေတဲ့ စာအုပ်တွေဖတ်ပြီး ပေါ်လစီကိစ္စမှာ ဘဝင်မြင့်နေလို့ မရပါ။ မြန်မာတွေဟာ တရုတ်ရေးရာလေ့လာမှုမှာ နှံ့က်နှံ့က်ချွတ်ချွတ်၊ နက်နက်နဲနဲ၊ တစိုက်မတ်မတ်နဲ့ တတ်သိကျွမ်းကျင်သူလူအရေအတွက်များများစားစား မွေးမြူထားနိုင်ဖို့ လိုနေပြီ။

ဒီအရေးအရာကို စိတ်ဝင်စားတဲ့ ပေါ်လစီ ကော်ရစ်ဒါပေါ်က ခေါင်းဆောင်လူကြီး ဘယ်နှယောက်ရှိနိုင်ပါ့မလဲ။ စိတ်ဝင်စားမှုဟာ မနောက်အဆင့်နဲ့ ရပ်နေလို့ မရပါ။ ကာယကံမြောက် စိတ်ပါဝင်စားဖို့ သင့်ပြီ။

**မင်းသေ့**

**၁၁ ၊ ဩဂုတ်၊ ၂၀၂၀ ။**

**ရန်ကုန်မြို့၊ ဘားလမ်းတိုက်ခန်း။**

❒

# ဘောဂျင်း (သို့မဟုတ်) ပီကင်း

ယခင် / ယခု

တရုတ်ရေးရာလေ့လာချက်များ
ထွက်ရှိစေရေး
တိုက်တွန်းချက်။

မင်းသေ့



# ဘေဂျင်း (သို့မဟုတ်) ပီကင်း

ယခင် / ယခု

❖ တရုတ်ကို လေ့လာဖို့

❖ တရုတ်ကို ပေါင်းဖို့ မဟုတ်

တရုတ်မုန်းတီးရေး အမြင်နဲ့ပတ်သက်ပြီး မြန်မာတွေ သတိထားဖို့ လိုတဲ့အချက်ရှိပါတယ်။ အဲဒါကတော့ တရုတ်မုန်းတီးရေးစိတ်အခံနဲ့ တရုတ်ကို မပစ်ပယ်ဖို့၊ တရုတ်ကို လျစ်လျူမရှုဖို့ ဖြစ်ပါတယ်။ တရုတ်မုန်းတီးရေး အမြင်နဲ့အတူ တရုတ်ကို အလေးမထား၊ ဂရုမစိုက်ဘဲ ထားရင် မြန်မာတွေ အတွက် ပိုဆိုးနိုင်တဲ့ အခြေအနေတွေ များစွာကြုံရနိုင်ပါတယ်။

မြန်မာပြည်မှာ တရုတ်ရေးရာ လေ့လာရေး အစုအဖွဲ့တွေ (China Study Group) ရှိလာဖို့ လွန်ခဲ့တဲ့ (၂)နှစ်နီးပါးလောက်က ကျွန်တော် တိုက်တွန်း ရေးသားခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံမှာ ဆိုင်ရာဒေသအလိုက်၊ နယ်ပယ်အလိုက်၊ ရေးရာအလိုက်၊ နိုင်ငံအလိုက် လေ့လာရေးအဖွဲ့တွေ ရှိထားဖို့ တိုက်တွန်းတာဖြစ်ပါတယ်။ မြန်မာတပ်မတော်ထဲမှာတော့ နိုင်ငံ အလိုက် လေ့လာရေးအုပ်စုတွေဖွဲ့ပြီး စာတမ်းတွေ ပြုစု၊ စာအုပ်တွေ ရေးသား ပြီး လေ့လာဖို့ လုပ်နေတာနှစ်ကာလ အနည်းငယ်ကြာနေပါပြီ။

သို့ပေမယ့် အခုပြောနေတာက အရပ်ဘက်နိုင်ငံရေးအုပ်စုတွေအတွက် မူဝါဒကိစ္စတွေ စဉ်းစားနိုင်ဖို့ အထောက်အပံ့ကောင်းဖြစ်စေမယ့် လေ့လာရေး အုပ်စုတွေ လိုအပ်ပါတယ်။ မြန်မာပြည်အစိုးရဘက်မှာတော့ နိုင်ငံခြားရေး

ဘက်မှာ လုပ်တာတွေ ရှိကောင်း ရှိနိုင်ပါတယ်။ သို့ပေမယ့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ နယ်ပယ်ရေးရာအလိုက်၊ ဒေသအလိုက်၊ နိုင်ငံအလိုက် ကျွမ်းကျင်သူတွေ မြောက်များစွာ လိုအပ်နေပါသေးတယ်။ တရုတ်ရေးရာ လေ့လာချက်တွေကို နိုင်ငံရေးစိတ်ဝင်စားတဲ့ လူငယ်တွေ ဖောင်းပေးလေ့လာဖို့ လိုနေပါတယ်။ ယခင်ကထက်စာရင်၊ မြန်မာပြည်တွင်းမှာ တစ်ယောက်စ၊ နှစ်ယောက်စ ရှိလာပေမယ့် လုံလောက်တဲ့အနေအထား မဖြစ်သေးပါဘူး။ တကယ့် တရုတ်ရေးရာ ကျွမ်းကျင်သူတွေဟာ အစိုးရဘက်မှာရော၊ စစ်ဘက်မှာရော၊ ပါတီဘက်မှာရော၊ အရပ်ဘက်မှာရော၊ အကယ်ဒမစ် အသိုင်းအဝန်းဘက်မှာရော၊ သတင်းမီဒီယာဘက်မှာရော များများစားစား ရှိထားဖို့ လိုပါတယ်။

ဒါ့ကြောင့် တရုတ်နဲ့ပတ်သက်ပြီး မြန်မာတွေ လျစ်လျူမရှုဖို့ တိုက်တွန်းချင်ပါတယ်။ တရုတ်ဟာ မြန်မာပြည်နဲ့ ပထဝီချင်း နီးကပ်တဲ့ နိုင်ငံကြီး ဖြစ်ပါတယ်။ နယ်မြေထိစပ်မှုအရ ထိုင်း၊ အိန္ဒိယနဲ့ တရုတ်တို့ဟာ မြန်မာပြည်နဲ့ အများဆုံးထိစပ်တဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ မြန်မာအဖို့ တရုတ်ကို မခေါ်ချင်လို့လည်း မရဘူး။ မတော်ချင်လို့လည်း မရပါဘူး။ ဒါ့ကြောင့် တရုတ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ မြန်မာဟာ ငြင်းပယ်လို့ မရပါဘူး။ တရုတ်ကို မုန်းလို့ မြန်မာပြည်မြေပုံကြီးကို တရုတ်နဲ့ဝေးရာကို ရွှေ့လို့လည်း မရပါဘူး။ ပထဝီအရ ထိစပ် နီးကပ်နေတာမို့ တော်တော်များများကို ငြင်းခွင့်မရှိပါဘူး။ အနည်းငယ်သော ကိစ္စရပ်တွေမှာသာ ငြင်းလို့ ရနိုင်ပါတယ်။

## ယခင်တရုတ်

မြန်မာအတွက် တရုတ်နဲ့ ပတ်သက်ရင် ရွေးချယ်မှု နည်းတယ်ဆိုပေမယ့်၊ ပေါ်လစီအရ ရွေးချယ်ခွင့် အားသာအောင် လုပ်လို့ ရပါတယ်။ မြန်မာအတွက် ရွေးစရာ ပေါ်လစီများများစားစား ရှိထားဖို့ လိုပါတယ်။ ယခင် ဦးနုခေတ်၊ ဦးနေဝင်းခေတ်မှာ တရုတ်ကို တန်းတူပေါင်းလို့ရပေမဲ့ အခုတရုတ်ကို တန်းတူပေါင်းလို့ မရနိုင်တော့ပါဘူး။

အကြောင်းကတော့ ဦးနုခေတ်၊ ဦးနေဝင်းခေတ်မှာ မော်စီတုန်းတို့ ကွန်မြူနစ်တရုတ်တွေဟာ သူ့ဇာတ်နဲ့ သူ့အရှုပ်ကို သူ့တို့ဘာသာ ပြည်တွင်းမှာ

ဝိုင်းကြိတ်ဖြေရှင်းနေတာမို့၊ ပြည်ပရေးရာကိစ္စတွေကို အခုအချိန်လို သိပ်များများစားစား အာရုံစိုက်ချိန်မရပါ။ တရုတ်က ပါတီတွင်းတိုက်ပွဲတွေလည်း ပြင်းထန်နေသလို၊ ကွန်မြူနစ်က လက်ယာသွေဖည်ရေးသမားတွေကို တိုက်ထုတ်တော်လှန်တာတွေ၊ ဆိုဗီယက်ရုရှားကို (၁၀) နှစ်အတွင်း အမီလိုက်ဖို့ ကြိုးစားနေရတာတွေနဲ့ တရုတ်ဖြူ (ကူမင်တန်)တွေနဲ့ အားပြိုင်နေရတာကြောင့် တရုတ်ဟာ ပြည်တွင်းမှာကို အနိုင်နိုင်ဖြစ်နေရတဲ့ အနေအထားမှာ ရှိခဲ့ပါတယ်။ တစ်ဖက်မှာလည်း တရုတ်မှာ ငတ်ပြတ်နေတယ်။ တော်လှန်ရေး အမျိုးမျိုးကို ဆင်နွှဲနေရလို့ တရုတ်ဟာ သူ့ဇာတ်ကို သူ အနိုင်နိုင်ကနေရတဲ့ အနေအထားဖြစ်နေတယ်။ တိုင်းပြည်ကလည်း လူဦးရေ နင်းကန်ပေါက်ဖွားလို့ တော်တော်ထိန်းချုပ်နေရတဲ့ အခြေအနေမှာ ရောက်နေတယ်။ မိုးခေါင်ရေရှားတာတွေ၊ စားနပ်ရိက္ခာမလုံလောက်တာတွေ၊ တိဘက်ကိစ္စ၊ ထိုင်ဝမ်ကိစ္စတွေနဲ့ လုံးထွေးနေတာမို့လို့ နံဘေးက မြန်မာပြည်ကို ကောင်းကောင်းအာရုံစိုက်ချိန် မရဘူး။ တစ်ဖက်မှာလည်း အိန္ဒိယနဲ့ နယ်စပ်ပြဿနာတွေဖြစ်လိုက်သေးတယ်။

## ယခုတရုတ်

သို့ပေမယ့် အခု တရုတ်ဟာ တိုးတက်လာပြီ။ ကြီးပွားလာပြီ။ ချမ်းသာလာပြီ။ နည်းပညာမြင့်လာပြီ။ တရုတ် ကွန်မြူနစ်ပါတီကလည်း နိုင်ငံကို ဖိဖိစီးစီးနဲ့ အုပ်စီးထားနိုင်ပြီ။ ကမ္ဘာမှာလည်း တရုတ်ရဲ့လက်တံတွေကို နိုင်ငံတော်တော်များများမှာ ဖြန့်ကျက်ထားနိုင်ပြီ။ အထူးသဖြင့် တတိယနိုင်ငံတွေမှာ တရုတ်ဩဇာသက်ရောက်မှု အားကြီးတယ်။ တရုတ်ရဲ့မက်လုံးမြောက်များစွာရှိတဲ့ နိုင်ငံငယ်လေးတွေဟာ တရုတ်ကို လွန်ဆန်ဖို့ခက်လာတယ်။ ပြည်ပရောက် (အဝေးရောက်) တရုတ်တွေကလည်း သူများနိုင်ငံတွေမှာ သူ့နိုင်ငံရဲ့အကျိုးစီးပွားကို ချဲ့ထွင်ပေးနေတဲ့ တရုတ်နေရှယ်နယ်လစ် (တရုတ်အမျိုးသားရေးဝါဒီ)တွေ ဖြစ်လာကြပြီ။ တရုတ် ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) ဟာလည်း ကမ္ဘာ့ထိပ်ဆုံးက စစ်ရေးအင်အားကြီးတပ်မတော် တစ်ခုဖြစ်လာပြီ။ တရုတ်စီးပွားရေးဟာလည်း ကမ္ဘာ့ထိပ်ဆုံးနိုင်ငံဖြစ်လာပြီ။ တရုတ်တွေ အမေရိကန်ကို မယှဉ်နိုင်တဲ့ နယ်ပယ်က ကျဉ်း

သထက်ကျဉ်းလာနေပြီ။ ဒေါ်လာကို မယုံနိုင်သေးတာ၊ တက္ကသိုလ်တွေကို မယုံနိုင်သေးတာနဲ့ စွန့်ဦးတီထွင်မှုကို မယုံနိုင်သေးတာတွေလောက်ပဲ ကျန်တော့တယ်။ နေရာတော်တော်များများမှာ အမေရိကန်ကို ရင်ဘောင်တန်း ယှဉ်ပြိုင်လာနိုင်နေပြီ။ အမေရိကန်တောင် ထိပ်လန့်နေရတဲ့ အနေအထားမှာ ရှိနေတယ်။

ယခင် ကွန်မြူနစ်တရုတ်တွေမှာတော့ ပြည်ပရောက်တရုတ် (Oversea Chinese) တွေအတွက် သီးသန့်မူဝါဒ ရှိဟန်မတူဘူး။ သို့သော်လည်း ချမ်းသာကြွယ်ဝလာတဲ့တရုတ်ဟာ "ပြည်ပရောက်တရုတ်တွေဟာ သူ့နိုင်ငံအတွက် အကျိုးစီးပွားကို အဓိကချဲ့ထွင်ပေးနိုင်တဲ့သူတွေ ဖြစ်တယ်"ဆိုတာကို နားလည်တယ်။ ဒါ့ကြောင့် ပီအာ (ပြည်သူ့ဆက်ဆံရေး - Public Relation) ပေါ်လစီကို ကောင်းကောင်းချတယ်။ ယခင် ကွန်မြူနစ်တရုတ်တွေကတော့ နံဘေးနား တိုင်းပြည်က ကွန်မြူနစ်တွေကို ရေဒီယိုနဲ့အသံလွှင့်ပြီး ဝါဒဖြန့်တယ်။ စစ်ရေးအကူအညီ တချို့ပေးတယ်။ ဒီလောက်နဲ့ပဲဒေသတွင်းက ကွန်မြူနစ် မဟာမိတ်တွေအပေါ်မှာ သူ့ဩဇာကို ထိန်းထားနိုင်တာ။ တိန့်ရှောင်ဖိန် တက်လာပြီးတော့ စီးပွားရေးလီဗာကို ဖိနင်းဖို့ ကြိုးစားနေတဲ့အချိန်မှာ ပြည်ပအထောက်အပံ့တွေကို ဖြတ်ချလိုက်တယ်။ တိန့်က ဒါတွေဟာ တရုတ်တွေအတွက် ဝန်ထုပ်ဝန်ပိုးလို့ နားလည်လာတယ်။ မြန်မာပြည်တွင်းက ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ကိုလည်း အထောက်အပံ့တွေ ဖြတ်ချလိုက်တာနဲ့ပတ်သက်ပြီး နှိုင်းယှဉ်လေ့လာလို့ ရတယ်။ ဒီလိုနဲ့ တိန့်ဟာ သူ့နိုင်ငံမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့တယ်။

၁၉၈၀ နောက်ပိုင်း၊ တရုတ်မှာရှိတဲ့ ဆင်းရဲမွဲတေမှုမျဉ်းဟာ အောက်ဆိုက်ဆင်းသွားတော့တယ်။ ၂၀၀၀ ခုနှစ် နောက်ပိုင်း တရုတ်ရဲ့ ဂျီဒီပီဟာ မိုးကို ထောင်ပြီးတက်သွားတယ်။ ဒီ ခုနှစ်နှစ်ခုဟာ အင်မတန် စိတ်ဝင်စားစရာ ကောင်းတယ်။

## ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်

တရုတ်ပြည် တိုးတက်မှုအကြောင်းကို ပြောရင် တိန့်ရှောင်ဖိန်အကြောင်းက မပါမဖြစ်။ တိန့်ရှောင်ဖိန်ကို ၁၉၀၄ ခုနှစ်၊ ဩဂုတ် (၂၂) ရက်နေ့မှာ

မွေးတယ်။ တိန်ရှောင်ဖိန်က ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ မှာ ကွယ်လွန်တယ်။ တိန့်ရှောင်ဖိန်ကို ပစ်တိုင်းထောင်နိုင်ငံရေးသမားလို့ သတ်မှတ်ကြတယ်။ ကွန်မြူနစ်နိုင်ငံရေးလောကမှာ၊ ဇာတ်ခုံပေါ်က ဆင်းပြီးသွားရင် နှစ်ခါ ပြန်တက်လာရိုးထုံးစံ မရှိလို့။ ဒါပေမယ့် တိန့်ရှောင်ဖိန်ကတော့ အဲသည်လို မဟုတ်ဘူး။ နိုင်ငံရေးဇာတ်ခုံပေါ်ကနေ အခါခါဆင်းရပေမယ့် ပြန်ပြန်တက်လာတယ်။ မော်စီတုန်း သေခါနီးမှာ တိန့်ရှောင်ဖိန် ဩဇာပြန်တက်လာတယ်လို့ ပြောလို့ရတယ်။ တိန့်ရဲ့ အစ်ကိုလိုဖြစ်နေတဲ့ ချိုအင်လိုင်းရဲ့ ကျေးဇူးလည်း ပါတယ်။ ၁၉၇၆ ခုနှစ် မော်စီတုန်း ကွယ်လွန်အပြီး၊ ၁၉၇၇ ခုနှစ်လောက်မှာ တိန့်ရှောင်ဖိန်ရဲ့ နိုင်ငံရေး ဩဇာတက်လာတယ်။ သို့ပေမယ့် တိန့်က အစွန်းရောက်မော်ဝါဒီ အကြွင်းအကျန်တွေအကြားမှာ ရုန်းကန်ရသေးတယ်။ တိန့်ရှောင်ဖိန်က လေးဦးဂိုဏ်းကို ဘယ်လို ကိုင်တွယ်တယ်ဆိုတာ ဆက်လက်ပြီး လေ့လာဖို့ လိုတယ်။ သူ့နိုင်ငံရေးခရီးက ခပ်ဖြောင့်ဖြောင့်တော့ မဟုတ်ဘူး။ ဒါပေမယ့် တိန့်က လက်တွေ့သမား။ တော်တယ်။ ထက်တယ်။ ပုလည်း ပုတယ်။ ပုသလောက်တော်တယ်၊ တော်သလောက်လည်း ပုတယ်။ တရုတ်ပြည်ရဲ့ လက်ရှိအခြေအနေကို ကောင်းကောင်းနားလည်သဘော ပေါက်တယ်။ တိန့်ရှောင်ဖိန်ရဲ့ နာမည်ကျော် အဆိုအမိန့်တွေ ရှိတယ်။ ဒါတွေကလည်း စိတ်ဝင်စားစရာ…

- ❖ ချမ်းသာတာ မင်္ဂလာ။
- ❖ ကြောင်ဖြူတာ မည်းတာက အဓိက မဟုတ်ဘူး။ ကြွက်ခုပ်တတ်ဖို့ အဓိက။
- ❖ လေကောင်းလေသန့်တွေ ဝင်လာဖို့ တံခါးဖွင့်ထားဖို့ လိုတယ်။ တံခါးတွေ ဖွင့်ထားလိုက်ရင် အမှိုက်တွေလည်းဝင်လာနိုင်တာပေါ့။ ဝင်လာတဲ့ အမှိုက်တွေကိုတော့ တချိန်ကျ ပြန်ရှင်းထုတ်ရမှာပဲ။
- ❖ တချို့တွေ အရင်ချမ်းသာပါစေ။
- ❖ သိုသိုသိပ်သိပ်နေပါ။

## တိန့် အဘိဓမ္မာ

တိန်ရှောင်ဖိန်ဟာ မော်ဝါဒီ အတွင်းပိတ် တရားသေ ကွန်မြူနစ်တွေနဲ့

အပြိုင် အဘိဓမ္မာတော်လှန်ရေးကို လုပ်လိုက်ရတယ်။ တရုတ်ကွန်မြူနစ်တွေ အကြားမှာ ရိုက်သွင်းခံထားတဲ့ အမြင်တွေကို ပြောင်းဖို့ ကြိုးစားရတယ်။ လက်ဝဲလက်ယာ ခွဲခြမ်းမှု အားကြီးနေတဲ့ တရုတ်ပြည်မှာ အရင်းရှင်စနစ်ကို အတောင့်လိုက် အစားထိုးသွတ်သွင်းဖို့ ကြိုးစားခဲ့တယ်။ အဲဒီ့အတွက် တိန့်ရှောင်ဖိန် သုံးတဲ့ မဟာဗျူဟာတွေ ရှိတယ်။

### မင်္ဂလာ

တိန့်ရှောင်ဖိန် ပြောခဲ့တဲ့စကားထဲမှာ ချမ်းသာတာ မင်္ဂလာ ဆိုတဲ့စကား ပါတယ်။ ဒါဟာ တကယ်တမ်းကြည့် လိုက်ရင်တော့ ဘယ်ထူးဆန်းမလဲ။ ဆင်းရဲတာထက် ချမ်းသာတာ ပိုကောင်းတာပေါ့။ ချမ်းသာတာဟာ ပိုမင်္ဂလာ ရှိတာပေါ့။ ဘာထူးဆန်းသလဲ။ ဘာမှ မထူးဆန်းပါဘူး။ ဒါပေမယ့် တရုတ်ပြည်အတွက် ထူးဆန်းခဲ့ပါတယ်။

ကွန်မြူနစ်ဝါဒမှာ ချမ်းသာတာမရှိဘူး။ ဆင်းရဲတာ မရှိဘူး။ လူတန်းစား ကွာဟတယ်ဆိုတာကို လက်မခံဘူး။ အားလုံးကို တန်းညှိပစ်လိုက်တဲ့စနစ်။ လူတန်းစားမဲ့ဝါဒ။ ဘုံစနစ်။ စုပေါင်းလုပ်ကိုင်စားသောက်ကြတဲ့ စနစ်။ အားလုံး ညီတူမျှတူ ခွဲခြမ်းရယူတဲ့စနစ်။ ကွန်မြူနစ်ဝါဒက မြင့်တဲ့သူကို လည်း ဆွဲချတယ်။ နိမ့်နေတဲ့လူကိုလည်း ဆွဲတင်တဲ့စနစ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာ အဲသည်လို မဟုတ်ခဲ့ဘူး။ မျက်မှန်တပ်ရင် ပညာတတ် လို့ ထင်တယ်။ ပညာတတ်ဆိုရင် တွေဝေတယ်။ ဖောက်ပြန်တတ်တယ်ဆိုတဲ့ အယူအဆရှိတယ်။ နောက်ပြီး လူတွေ ကြားထဲမှာ ထူးထွေပြီး ပြောင်ပြောင် ရောင်ရောင်ဖြစ်နေရင် ဒီလူဟာ အရင်းရှင်တံဆိပ် အတပ်ခံရတယ်။ ပြုပြင် ပြောင်းလဲရေးစကားတွေ ပြောရင် လက်ယာယိမ်းသမားလို့ သမုတ်ခံရတယ်။ ဒါ့ကြောင့် အားလုံးဝတ်သလို ဝတ်၊ အားလုံးစားသလိုစား၊ အားလုံးနေသလိုနေ၊ အားလုံး အိပ်သလိုအိပ်၊ အားလုံးသုံးသလို လိုက်သုံး။ ကိုယ်က ထူးပြီး သုံးစွဲတာ ရှိရင်၊ ဝတ်ဆင်တာ ရှိရင်၊ အထူးသဖြင့် သူများတကာထက် ထူးပြီး ပိုက်ဆံငွေကြေး ရှိနေရင် ဒီလူဟာ ဖောက်ပြန်ရေးသမားဖြစ်တယ်လို့ သတ်မှတ်ခံကြရတယ်။ ဒါ့ကြောင့် အများဆင်းရဲသလို လိုက်ဆင်းရဲမှ တိုင်းပြည်အပေါ် သစ္စာရှိတယ်။ ပြည်သူတွေနဲ့တစ်သားတည်း ဖြစ်တယ်လို့

ယူဆကြတယ်။ ဆင်းရဲတာ၊ မွဲမွဲတေတေနဲ့ စုတ်ပြတ်နေတာကို ဂုဏ်ယူနေတဲ့ သဘောထားအမြင်တွေဖြစ်တယ်။ ဒီတော့ ဆင်းရဲတာ ၊ မွဲတေ စုတ်ပြတ်ပြီး အနုပ်စုတ် ကုပ်စုတ်နေတာဟာ မင်္ဂလာရှိတယ်ပေါ့။ ဒါ အမြင်တွေကို ချေဖြတ်ဖို့ တိန့်က ချမ်းသာတာ မင်္ဂလာဖြစ်ကြောင်း အတွင်တွင် ပြောခဲ့ရတယ်။ လူတွေကို ချမ်းသာတာ ကောင်းတဲ့ အကြောင်း တကူးတကနားဝင်အောင် ပြောခဲ့ရတယ်။

## ကြောင်ဖြူကြောင်မဲ အဘိဓမ္မာ

တိန့်ရှောင်ဖိန်ရဲ့ ကြောင်ဖြူကြောင်မည်း အဘိဓမ္မာက တရုတ်မှာအတော် ခရီးရောက်ခဲ့တယ်။ အရင်းရှင်တံဆိပ်တပ်ပြီး အရင်းရှင်ရဲ့စနစ်တွေကို ငြင်းဆန်ကန့်ကွက်နေတဲ့ တရုတ်တွေကို ကြောင်ဖြူကြောင်မည်း အဘိဓမ္မာ ဟောပြီး ချေချွတ်ခဲ့ရတယ်။ နောက်ဆုံး ငတ်ပြတ်နေတဲ့ တရုတ်တွေလည်း ဝမ်းဝဖို့ အဓိကပဲ ဆိုပြီး တိန့်ရှောင်ဖိန် အဘိဓမ္မာကို လက်ခံလိုက်ကြပုံပေါ်တယ်။ ဒီလိုနဲ့ တရုတ်ပြည်ဟာ 'တရုတ်နည်း တရုတ်ဟန် ဆိုရှယ်လစ်' ဆိုပြီးဖြစ်လာတယ်။ တကယ်တော့ အရင်းရှင်ဝါဒရဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလိုက်တာပါပဲ။ ဒီလိုနဲ့ အခုအချိန်မှာ ကွန်မြူနစ်တရုတ်ကြီးဟာ တိန့်ရှောင်ဖိန် ကျေးဇူးနဲ့ အရင်းရှင်ထက်ပိုဆိုးလာပြီး အရင်ရှင်းရမယ့် စာရင်းထဲ တောင် ထည့်ရမယ့် သဘောဖြစ်လာပါတယ်။

## တံခါးတွေ ဖွင့်လိုက်

နောက်တစ်ခုက တံခါးဖွင့်လိုက်တဲ့ကိစ္စ။ အမြဲတမ်း အတွင်းကျုံ့ ပေါ်လစီကို ကျင့်သုံးနေတဲ့ တရုတ်နီတွေဟာ တံခါးတွေ ပွင့်သွားမှာ သိပ် ကြောက်တယ်။ တံခါးတွေ ဖွင့်လိုက်မှာလည်း သိပ်စိုးရိမ်တယ်။ ဒါ့ကြောင့် အမြဲတမ်းလိုလို တံခါးပိတ်ပြီးပဲ နေကြတယ်။ တိန့်ရှောင်ဖိန်ကတော့ စီးပွား ရေးပြုပြင်ပြောင်းလဲမှုကို လုပ်ဖို့ တံခါးဖွင့်ရမယ် ဆိုတာကို နားလည်တယ်။ ဒါ့ကြောင့် တရုတ်နီတွေစိုးရိမ်နေတဲ့ကိစ္စကို အဘိဓမ္မာတစ်ကြောင်းနဲ့ ထပ်ပြီး ရှင်း ပြတယ်။ လေကောင်းလေသန့်တွေ ဝင်လာစေချင်ရင်တော့ တံခါးတွေ ဖွင့်လိုက်မှရမှာပေါ့။ လေနဲ့အတူဝင်လာတဲ့ အမှိုက်တွေကိုတော့ တချိန်ကျ

ရှင်းထုတ်ပစ်လိုက်ရုံပေါ့ . . .။ ဒီလိုနဲ့ တရုတ်ပြည်ကြီးမှာ တံခါးပေါက်တွေ အလျှိုလျှိုပေါ်လာတယ်။

## အထူးစီးပွားရေးဇုန်

ဒီတံခါးပေါက်တွေ ပွင့်သွားပေမယ့် ပြည်တွင်းကို အလုံးအရင်း ဝင်လာစေတာ မဟုတ်ပါဘူး။ နေရာကို ကန့်သတ်ပေးထားတယ်။ နေရာကို သီးသန့်ပေးထားတယ်။ တံခါးတွေကို သီးသန့်နေရာတွေအတွက်ပဲ ဖွင့်ပေးတယ်။ တရုတ်တစ်ပြည်လုံးအတွက် ဖွင့်ပေးတာ မဟုတ်သေးပါဘူး။ တရုတ်တွေအတွက် တံခါးတွေ သီးသန့်ဖွင့် ပေးလိုက်တဲ့ နေရာကတော့ (SEZ – Special Economic Zone)လို့ခေါ်တဲ့ အထူးစီးပွားရေးဇုန်တွေပဲ ဖြစ်ပါတယ်။

၁၉၈၀ အစောပိုင်းလောက်မှာ တရုတ်ပြည်မှာ အထူးစီးပွားရေးဇုန် (၄) ခုနဲ့ စတယ်။ နောက်ပိုင်းမှာ တဖြည်းဖြည်းချဲ့ချဲ့သွားတယ်။ တရုတ်က စလုပ်လိုက်တဲ့ အထူးစီးပွားရေးဇုန်တွေရဲ့ မူလရည်ရွယ်ချက်ကတော့ ပြည်ပရောက်တရုတ်တွေ ပြန်ဝင်လာပြီး လုပ်ကိုင်နိုင်ဖို့ရယ်၊ ဟောင်ကောင်က စီးပွားရေးသမားတွေ ပြည်မကြီးအတွင်းကို ဝင်လာဖို့ရယ်အတွက်ပဲ ရည်ရွယ်တယ်။ သို့ပေမယ့် နောက်ပိုင်းမှာ အထူးစီးပွားရေးဇုန် ပရောဂျက်တွေဟာ အတော်အောင်မြင်လာတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့အတူ နည်းပညာပါ ပါလာတယ်။ တီထွင်ဆန်းသစ်မှုတွေကို သယ်လာကြတယ်။ ဒီလိုနဲ့ တရုတ်ပြည်မှာ အထူးစီးပွားရေးဇုန်တွေကို အခြေပြုပြီး မြို့ကြီးပြကြီးတွေဟာ ချမ်းသာကြွယ်ဝလာကြတယ်။ တိန့်ရှောင်ဖိန်ရဲ့ အထူးစီးပွားရေးဇုန် ပေါ်လစီဟာ တရုတ်မှာ အတော်အောင်မြင်ခဲ့တယ်။ အထူးစီးပွားရေးဇုန်ရဲ့ အကျိုးကျေးဇူးကြောင့် တံငါရွာလေးကတောင် တရုတ်ရဲ့စီးပွားရေးအင်ဂျင်ကို မောင်းတဲ့ မြို့ကြီးဖြစ်လာတဲ့အထိ တိုးတက်ခဲ့တယ်။

## အရင်ချမ်းသာကြပါစေ

စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်လိုက် အပြီးမှာ တရုတ်ရဲ့ လူနေမှု အဆင့်အတန်းက တက်လာတယ်။ မြို့ကြီးတွေမှာ အလုပ်အကိုင်လည်း

လွယ်လာတယ်။ ပိုလည်း စားနိုင်သောက်နိုင်လာကြတယ်။ ဒါ့ကြောင့် တရုတ်မြို့ကြီးတွေကို ပြောင်းရွှေ့လာတဲ့ ကျေးလက်က တရုတ်တွေ အလုံးအရင်းဝင်လာတယ်။ တရုတ်ရဲ့စက်မှုတော်လှန်ရေးဟာ ကမ်းရိုးတန်းနားနီးတဲ့ ပြည်နယ်နဲ့မြို့ကြီးတွေမှာ ကွက်ဖြစ်သလို ဖြစ်နေခဲ့တယ်။ ပြည်တွင်းကုန်းတွင်းပိတ် အတွင်းဘက်ကျတဲ့ ပြည်နယ်တွေကတော့ ဆင်းရဲမြဲဆင်းရဲနေဆဲဖြစ်တယ်။ မြို့ကြီးပြကြီးတွေမှာ အလုပ်အကိုင်အခွင့်အလမ်းများလို့ ပြောင်းရွှေ့လာတဲ့ တရုတ်အလုပ်သမားတွေ မြောက်မြားစွာ ရှိတယ်။ ဒီလိုနဲ့ တရုတ်မြို့ကြီးတွေမှာ ဆင်းရဲချမ်းသာ ကွာဟမှုကြီးလာတယ်။

ဆင်းရဲချမ်းသာကွာဟမှုကြီးမားလာခြင်းရဲ့ အကျိုးဆက်ကတော့ လူမှုပဋိပက္ခတွေဖြစ်တာ၊ လူတန်းစားကွာဟတာနဲ့ လူမှုပြဿနာတွေ ပေါ်ပေါက်လာခြင်းပဲဖြစ်ပါတယ်။ ဝဝလင်လင် မစားသောက်ရတဲ့ လူတွေက ပြောင်ပြောင်ရောင်ရောင်ဖြစ်နေတဲ့ ချမ်းသာတဲ့လူတွေကို မနာလိုဝန်တိုစိတ်ဖြစ်တာ ထုံးစံပါပဲ။ တိုင်းပြည် စီးပွားရေးကို မောင်းတင်ဖို့အတွက် တချို့တွေက အရင်ချမ်းသာသွားကြလိမ့်မယ်။ တချို့တွေကတော့ နောက်မှချမ်းသာလာ ကြလိမ့်မယ်။ ဒါ့ကြောင့် ကိုယ့်အရင် ချမ်းသာသွားတဲ့လူတွေအပေါ်မှာ မုဒိတာပွားနိုင်ဖို့ တိန့်ရှောင်ဖိန်ကြီးက ‘တချို့တွေ အရင်ချမ်းသာပါစေ’ လို့ တရုတ်ပြည်သူတွေ နားဝင်အောင် ပြောရတယ်။ တစ်ဖက်မှာလည်း ဆင်းရဲငတ်ပြတ်နေတဲ့ တရုတ်တွေကို အလုပ်အကိုင်များများဖန်တီးပေးဖို့ အရေး တိန့်ရှောင်ဖိန်ကြီးခမြာ ကြိုးစားရုန်းကန်နေခဲ့ရတယ်။

## သိုသိုသိပ်သိပ်နေ

တရုတ်မှာ စီးပွားရေးတက်လာ၊ ဂျီဒီပီက ဂဏန်းနှစ်လုံးပူးပြီးနှစ်စဉ်တက်ရိပ်ပြနေတော့ ပြောင်ရောင်လာတဲ့ တရုတ်တွေက ပြည်တွင်းပြည်ပမှာ ဆောင့်ကြွားကြွား လုပ်လာကြတယ်။ ဟောင်ဖွာဟောင်ဖွာလည်း လုပ်လာကြတယ်။ ဒါ့ကို သိနေမြင်နေတဲ့ တိန့်ရှောင်ဖိန်ကြီးက သူ့တရုတ်တွေကိုထပ်ပြီး သတိပေးရပြန်တယ်။ သိုသိုသိပ်သိပ်နေ … (Keep a low profile) ဆိုပြီး ပြောရပြန်တယ်။ တိန့်က တရုတ်တွေကို ချမ်းသာအောင် လုပ်ခိုင်းတယ်။ ရည်ရွယ်ချက်ကို ရောက်အောင်တွန်းတယ်။ ကြိုးစားရုန်းကန်ခိုင်းတယ်။

ကြီးကြီးကျယ်ကျယ်တွေ ကြံစည်လုပ်ကိုင်ဖို့ တိုက်တွန်းတယ်။ ဒါပေမယ့် သိုသိုသိပ်သိပ်နေဖို့လည်း သတိပေးတယ်။ နိုင်ငံတကာ မျက်နှာစာမှာ တရုတ်တွေ နိုးထလာတာကို မြင်ပြီး ကြောက်အားလန့်အားနဲ့ မလိုအပ်ပဲ ရန်သူတွေ၊ မနာလိုသူ တွေ၊ ကန့်လန့်တိုက်သူတွေ ပေါ်မှာစိုးရိမ်လို့ ထင်တယ်။ တိန့်ရှောင်ဖိန်ကြီးက အမြော်အမြင်ကြီးပါဘိ။

တိန့်ရှောက်ဖိန်ဟာ လက်တွေ့ကျတယ်။ တိုင်းပြည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို တစ်ချောင်းတည်းသော စိတ်နဲ့ လုပ်ကိုင်ခဲ့တယ်။ အမေရိကန်နဲ့ သင့်တင့်အောင်ပေါင်းတယ်။ အနောက်ကမ္ဘာကနေ ရနိုင်တဲ့ ပညာတွေကို ခြစ်ကုတ်ပြီး ယူတယ်။ အနောက်တိုင်းတက္ကသိုလ်တွေကို တရုတ်လူငယ်တွေကို ပညာသင်တွေ စေလွှတ်တယ်။ သူများတကာဆီက သင်ခန်းစာယူပြီး လေ့လာသင်ယူစရာရှိတာတွေကို အကုန်သင်ယူတတ်မြောက်ခဲ့ ဖို့ တိုက်တွန်းနှိုးဆော်တယ်။ တိန့်ရှောက်ဖိန်ဟာ နိုင်ငံငယ်လေးဖြစ်ပေမယ့် ချမ်းသာကြွယ်ဝနေတဲ့ စင်ကာပူဆီက တောင် လေ့လာသင်ယူဖို့ မပျက်ကွက်ခဲ့ပါဘူး။ ဒါကို ကြည့်ခြင်းအားဖြင့် တရုတ်ချမ်းသာလာတာဟာ အကြောင်းမဲ့ မဟုတ်ဘူးဆိုတာကို ကောင်းကောင်းနားလည်နိုင်ပါတယ်။

**လေးမျိုးခေတ်မီရေး**

တိန့်ရှောင်ဖိန်ဟာ လေးမျိုးခေတ်မီရေးကို လုပ်ခဲ့တယ်။

- ❖ စိုက်ပျိုးရေး
- ❖ စက်မှုဖွံ့ဖြိုးတိုးတက်ရေး
- ❖ သိပ္ပံနဲ့ နည်းပညာ
- ❖ ကာကွယ်ရေး

တရုတ်ဟာ စီးပွားရေးလီဗာ နင်းလိုက်တိုင်း ခရီးတာတစ်ခုကို ရောက်ဖို့အတွက် အရေးကြီး ဦးစားပေးကဏ္ဍတွေကို စာရင်းချတယ်။ ပြီးတော့ ပီပီပြင်ပြင် အကောင်အထည် ဖော်တယ်။ စက်မှုစီးပွားရေးကို တွန်းတင်ဖို့အတွက် အဓိကကုန်ကြမ်း လိုအပ်ချက်ကို ဖြည့်နိုင်ဖို့ လိုတယ်။ ဒါ့ကြောင့် စက်မှုကိုတွန်းဖို့ စိုက်ပျိုးရေးကို ဖိတယ်။ စိုက်ပျိုးရေးမှာ အရည်အသွေးတသတ်မတ်တည်း ထွက်လာဖို့ ကြိုးစားရတယ်။ အံ့လိုက်ကျင်းလိုက်

ထုလိုက်ထည်လိုက် ထွက်ရှိဖို့အရေး ကြိုးစားရတယ်။ ဒီအတွက် မြေယာပြုပြင်ပြောင်းလဲရေးဟာ မရှိမဖြစ်အရေးကြီးတယ်။ မော်ခေတ်မှာ စုပေါင်းလယ်ယာစနစ်ကို အကောင်အထည်ဖော်လို့ မြေယာပြုပြင်ပြောင်းလဲရေးလုပ်ခဲ့ပေမယ့် တိန့်ခေတ်မှာ လယ်ယာသီးနှံတွေ အရည်အသွေးတညီတည်းနဲ့ အမြောက်အမြားထွက်ရှိဖို့ ကြိုးစားခဲ့ရတယ်။ အထူးသဖြင့် စက်မှုကုန်ကြမ်းသီးနှံတွေ မြောက်မြားစွာ ထွက်ရှိရေးဟာ အရေးကြီးလာခဲ့တယ်။

စက်မှုဖွံ့ဖြိုးတိုးတက်ရေးဟာ အရေးကြီးတဲ့ စီးပွားရေးမောင်းနှင်အားဖြစ်ပါတယ်။ တရုတ်ပြည်မှာ အထူးစီးပွားရေးဇုန်တွေ ဖန်တီးပြီး စက်ရုံအလုပ်ရုံတွေကို ဆောက်တယ်။ နိုင်ငံခြားတိုင်းပြည်တွေက အလုပ်သမားပေါပြီး၊ လုပ်ခလစာ ဈေးချိုတဲ့ တရုတ်ပြည်တွင်းကို ဝင်လာတယ်။ အထူးပြုထားတဲ့ အထူးစီးပွားရေးဇုန်ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ ချမှတ်ပြီး နိုင်ငံခြား ကုမ္ပဏီတွေကို အဝင်ခံတယ်။ ပြီးတော့ တရုတ်တွေရဲ့ ကုန်ထုတ်စွမ်းအားကို တိုးအောင်လုပ်တယ်။ စက်မှုဖွံ့ဖြိုးရေးအတွက် ကုန်ထုတ်အလုပ်ရုံတွေ၊ ထုတ်လုပ်ရေးစက်ရုံတွေ တိုးတက်လာခြင်းအတွက် တိန့်ရှောက်ဖိန်က အထူး ဦးစားပေးခဲ့တယ်။

သိပ္ပံနဲ့နည်းပညာ။ သိပ္ပံနဲ့နည်းပညာဟာ အခရာကျလာတယ်။ မော်ခေတ်က အိမ်နောက်ဖေးမှာ တည်ထားတဲ့ သံမဏိမီးဖိုဆောက်လုပ်ရေးပေါ်လစီက အလုပ်မဖြစ်ဘူး။ ဒါကို တိန့်က ကောင်းကောင်းနားလည်တယ်။ ဒီတော့ နိုင်ငံခြားက နည်းပညာတွေ သင်ယူရရှိရေးဟာ အရေးကြီးတဲ့အချက်ဖြစ်တယ်။ တရုတ်ပြည်ရဲ့စီးပွား ပြုပြင်ပြောင်းလဲမှုမှာ သိပ္ပံနဲ့ နည်းပညာရဲ့ အခန်းကဏ္ဍက အရေးကြီးတဲ့နေရာမှာ ပါဝင်တယ်။ တရုတ်တွေ မတတ်တဲ့ သိပ္ပံနဲ့ နည်းပညာ အတတ်တွေကို မျက်စိဖွင့်၊ နားဖွင့်ပြီး ကြိုးရှန်းသင်ယူကြဖို့ အားပေးတယ်၊ ထောက်ပံ့တယ်။ သိပ္ပံနဲ့ နည်းပညာတိုးတက်မှုဟာ လယ်ယာနဲ့ စက်မှုစီးပွားရေးတွင် မကဘူး၊ စစ်ဘက်မှာပါ အရေးကြီးတဲ့အချက်ဖြစ်တယ်။ တောင့်တင်းလာတဲ့ တရုတ်ပြည်၊ လူဦးရေများပြားလာတဲ့ တရုတ်ပြည်ကို ကာကွယ်စောင့်ရှောက်ဖို့၊ ပိုင်ဆိုင်ထားတဲ့ ဓနဉစ္စာတွေကို အာမခံချက်ရှိစေဖို့၊ လုံခြုံစေဖို့အတွက် နိုင်ငံတော်ကာကွယ်ရေးဟာ အရေးကြီးတယ်။ အခု တရုတ်ပြည်ရဲ့ စစ်ရေးအင်အားဟာ ကမ္ဘာမှာ အထွဋ်အထိပ်ကို ရောက်

နေပြီ။ စစ်ရေးအင်အားမှာ အမေရိကန်နဲ့ရုရှားပြီးရင် တရုတ်က တတိယနေရာမှာ ရှိတယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးဟာ တရုတ်အတွက် အရေးကြီးကဏ္ဍဖြစ်ခဲ့တယ်။ အခုလက်ရှိလည်း ဖြစ်နေဆဲဖြစ်တယ်။ နောက်လည်းဖြစ်နေဦးမှာ ဖြစ်ပါတယ်။

ဓနဥစ္စာတောင့်တင်းပြီး ချမ်းသာကြွယ်ဝလာတဲ့ တရုတ်ဟာ သူ့ရဲ့ကာကွယ်ရေးအင်အားကို အပီအပြင် ချဲ့ထွင်တယ်။ နည်းပညာအရ အနောက်ကမ္ဘာကို မှီခိုနေရတဲ့အနေအထားကနေရအောင် ရုန်းထွက်ဖို့ ကြိုးစားတယ်။ ရုန်းထွက်နိုင်သလောက်လည်း ရုန်းထွက်နိုင်ခဲ့ပြီးပြီ။ ဆက်လက်ပြီး ခေတ်မီလက်နက်တွေ တီထွင်ဖန်တီးနိုင်ဖို့ အရေးကသာ တရုတ်အတွက်အရေးကြီးတယ်။ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းကြီးဖြစ်တဲ့ ပင်လယ်သမုဒ္ဒရာ ရေပြင်ကို စိုးမိုးလွှမ်းခြုံဖို့အရေးကတော့ တရုတ်အတွက် ခက်ခဲနေဆဲဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် တရုတ်တွေဟာ စီးပွားရေး ပြုပြင်ပြောင်းလဲရေးနဲ့အတူ ကာကွယ်ရေးကို ချန်မထားခဲ့ဘူး။ အတူတွဲပြီးခေါ်တယ်။ ချမ်းသာကြွယ်ဝရေးနဲ့ ဓနဥစ္စာ အာမခံချက်ရှိရေးဟာ အမြဲတမ်းတွဲနေတယ်လို့ ယုံကြည်ယူဆထားလို့ ဖြစ်ပါတယ်။

## နိဂုံး တိုက်တွန်းချက်

နိဂုံးချုပ်အနေနဲ့ပြောရရင်၊ စစ်ရေးအရ၊ စီးပွားရေးအရ၊ နည်းပညာအရ၊ လူဦးရေအရ၊ နိုင်ငံအရ၊ ယဉ်ကျေးမှုအရ ကြီးကျယ်လာတဲ့ တရုတ်နဲ့ ဆက်ဆံနေရတဲ့ မြန်မာနိုင်ငံအဖို့ အမြဲတမ်းလေ့လာသင်ယူမှုတွေ လုပ်နိုင်မှ တော်ကာကျမယ်။ ကိုယ့်အချင်းချင်း အိုးမဲသုတ်ပြီး အိမ်ကြက်ချင်း ခွပ်နေတဲ့ အနေအထားကနေ ရုန်းထွက်ပြီး၊ ဥခွံထဲက တိုးထွက်နိုင်မှ ကောင်းလိမ့်မယ်။ ဝါးလုံးခေါင်းထဲမှာ မနေသင့်တော့ဘူး။ နွားခြေရာခွက်ထဲမှာနေပြီး ကိုယ့်ပင်လယ်၊ ကိုယ့်ကမ္ဘာထင်နေလို့ မရတော့ဘူး။ တတ်နိုင်သမျှကမ္ဘာကို ကြည့်ပြီး လေ့လာနိုင်၊ စူးစမ်းနိုင်၊ မြော်မြင်နိုင်မှ မြန်မာပြည်အတွက် အနာဂတ်ဟာ ရှိတော့မယ်။ အဲသည်လိုမှ မဟုတ်ရင် မြန်မာဟာ တဖြည်းဖြည်းနဲ့ စီးပွားရေးအရ၊ လူမျိုးအရ၊ နိုင်ငံအရ၊ ယဉ်ကျေးမှုအရ သိမ်းကြုံးဝါးမြိုခံလိုက်ရမယ်။

လက်ရှိမှာ မြန်မာအတွက် တရုတ်အပေါ် တုံ့ပြန်ချက်တွေဟာ ပိုပြီး သိမ်မွေ့လာတယ်။ ပိုပြီး နက်နဲလာလိမ့်မယ်။ ပိုပြီး ခက်ခဲလာလိမ့်မယ်။ မြန်မာအတွက် မဟာဗျူဟာ ရွေးချယ်မှုတွေ များများစားစား ရှိထားဖို့ မြန်မာပညာတတ်လူငယ်တွေထဲက နိုင်ငံရေးစိတ်ဝင်စားသူတွေဟာ တရုတ်အရေးကို ပိုင်ပိုင်နိုင်နိုင်ရှိအောင်၊ လောက်လောက်လားလားဖြစ်အောင် ကြိုးစားအားထုတ်နေဖို့ လိုတယ်။ ဒီလို တရုတ်ရေးရာလေ့လာရေးအဖွဲ့တွေ ပေါ်ပေါက်လာအောင်လည်း နိုင်ငံတော်က မွေးမြူသင့်တယ်။ ချီးမြှောက်သင့်တယ်။ တက္ကသိုလ်အဝန်းအဝိုင်းကလည်း တရုတ်ရေးရာလေ့လာရေးတွေကို ဦးစားပေးပြီး လေ့လာချက်တွေ၊ သုတေသနတွေ များများလုပ်ဖို့ လိုပါကြောင်း တင်ပြလိုက်ပါတယ်။ သုတေသနတွေ့ရှိချက်တွေ ရှိလာရင်လည်း ကျမ်းအိပ်မဖြစ်ဘဲ စာအုပ်စင်ပေါ်က နိုးထ၊ ဗီရိုပေါ်က ခုန်ဆင်းပြီး လက်တွေ့ ပေါ်လစီဘီကာခွက်ကိုင်ထားသူများ အသုံးချနိုင်ဖို့ ဖြစ်စေရမှာ ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။

ည ၇ း ၂၀

၂၄၊ စက်တင်ဘာ ၊ ၂၀၁၉ ။

ရန်ကုန်မြို့။

❖

# “ တရုတ်နဂါး

## “ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း နှစ် (၇၀) ပြည့်နေ့။

မင်းသော့



## တရုတ်နဂါး
## (တရုတ်ပြည်ထူထောင်ခြင်း နှစ် ၇၀ ပြည့်နေ့)

*"တရုတ်တွေကို သွားမနှိုးလိုက်နဲ့ သူတို့ အိပ်နေပါစေ*
*သူတို့နိုးလာရင် ကမ္ဘာကြီးကို လွှမ်းမိုးသွားလိမ့်မယ်။"*

**နပိုလီယံဗိုနာပတ်-ပြင်သစ်ဧကရာဇ်**

ပြင်သစ်ဘုရင် နပိုလီယံက တရုတ်တွေနဲ့ပတ်သက်ပြီးတော့ ပေးထားခဲ့ဖူးတဲ့ မှတ်ချက်တစ်ခုဖြစ်ပါတယ်။ ဒီနေ့ (၂၀၁၉၊ အောက်တိုဘာ ၁ရက်) ဟာ တရုတ်ပြည်ကြီးကို စုစည်းတည်ထောင်လိုက်တဲ့ နှစ် (၇၀) ပြည့်တဲ့နေ့ ဖြစ်ပါတယ်။ သိပ်မကြာခင်ရက်ပိုင်း (စက်တင်ဘာ ၂၇) ရက်နေ့ဟာလည်း မြန်မာပြည်ရဲ့ ဒီမိုကရေစီခရီးကို ဦးဆောင်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ (၃၁) နှစ် ပြည့်တဲ့နေ့ ဖြစ်ပါတယ်။ အရပ်သားအစိုးရ အုပ်ချုပ်မှု သက်တမ်းက (၄)နှစ် လောက်သာ ရှိပါသေးတယ်။ တရုတ်ပြည်ကြီး နိုးထလာပြီး နှစ် (၇၀) ပြည့် ကာလနဲ့ ကျွန်တော်တို့ မြန်မာပြည် ဒီမိုကရေစီခရီးကို နှိုင်းယှဉ်ချင့်တွက်ကြည့်ဖို့ ဖြစ်ပါတယ်။ နိုင်ငံတည်ဆောက်ရေးရော၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးရော၊ ဒီမိုကရေစီတည်ဆောက်ရေးရော တစ်ပြိုက်နက်တည်း သွားနေရတဲ့ မြန်မာအဖို့ ဘယ်လို ဘယ်ကဲ့သို့ ဆိုတာကို ချင့်ချိန်နိုင်ဖို့ ဖြစ်ပါတယ်။

မြန်မာပြည်က တရုတ်ပြည်ထက် တစ်နှစ်စောပြီး (၁၉၄၈ ဇန်နဝါရီလ ၄ ) ရက်နေ့မှာ လွတ်လပ်ရေးရတယ်။ အိန္ဒိယက အင်္ဂလိပ်ဆီကနေ (၁၉၄၇ ဩဂုတ် ၁၅) ရက်နေ့မှာ လွတ်လပ်ရေးရခဲ့တယ်။

အိန္ဒိယပြီးတော့ မြန်မာ၊ မြန်မာပြီးတော့ တရုတ်လို့ ပြောလို့ရမယ်။ တရုတ်ကိုတော့ တရုတ်ပြည် လွတ်လပ်ရေးရတဲ့ နှစ်လို့ မသုံးဘူး။ နေရှင်နယ်ဒေးလို့ သုံးတယ်။ တရုတ်အမျိုးသားနေ့လို့ သုံးတယ်။ တရုတ်ပြည်ကြီးဟာ နယ်မြေအားဖြင့် ကြီးကျယ်လွန်းလို့ ကိုလိုနီပြုတဲ့ နိုင်ငံတစ်နိုင်ငံတည်းလက်အောက်ကို မရောက်ခဲ့ဖူးလို့ ဆို တယ်။ တရုတ်နိုင်ငံတစ်နိုင်ငံတည်းကိုပဲ တရုတ်ပိုင်နယ်မြေတွေကို ခွဲခြမ်းပြီး ကိုလိုနီပြုခဲ့တဲ့ နိုင်ငံအများအပြားရှိတယ်။ ဒါ့ကြောင့် အောက်တိုဘာ (၁) ရက်နေ့ကို တရုတ်ပြည်လွတ်လပ်ရေးရတဲ့နေ့လို့ မသုံးဘဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ပြည်မကြီး) ကို တည်ထောင်လိုက်တဲ့ အမျိုးသားနေ့ ရက်စွဲအဖြစ် သတ်မှတ်ကြတာ ဖြစ်ပါလိမ့်မယ်။

## ကိုလိုနီနယ်မြေဘာဝ

တရုတ်ပြည်ကို ပေါင်မုန့်လို အပိုင်းပိုင်း စိတ်ဖြာပြီး ခွဲဝေယူတဲ့ ကိုလိုနီနိုင်ငံတွေ ရှိတယ်။ တရုတ်ပြည်ကို ကျူးကျော်ရောက်လာတဲ့ ကိုလိုနီနိုင်ငံတွေရဲ့ ခုနှစ်တွေကို လေ့လာကြည့်နိုင်ပါတယ်။

- ❖ ပေါ်တူဂီတွေ တရုတ်ကို ၁၅၁၆ ခုနှစ်မှာ စရောက်တယ်။
- ❖ စပိန်တွေက ၁၅၇၅ ခုနှစ်မှာရောက်တယ်။
- ❖ ဒတ်ချ်တွေက ၁၆၀၄ ခုနှစ်မှာ ရောက်တယ်။
- ❖ အင်္ဂလိပ်က ၁၆၃၇ ခုနှစ်မှာ ရောက်တယ်။
- ❖ အမေရိကန်က ၁၇၈၄ ခုနှစ်မှာ ရောက်တယ်။
- ❖ ဂျပန်က ၁၈၉၀ ခုနှစ်မှာ ရောက်တယ်။

ဒီတော့ တရုတ်ပြည်ကို နယ်ချဲ့တွေက အပိုင်းပိုင်းဖြတ်ပြီး ကိုလိုနီပြုခဲ့ကြတယ်။ ဒီအတိတ်သမိုင်းတွေကို ပြန်အောက်မေ့တိုင်း တရုတ်တွေရဲ့ အမျိုးသားရေးစိတ်ကို ဆွပေးသလိုဖြစ်တယ်။ တရုတ်တွေရဲ့ အမျိုးသားရေးစိတ်မှာ မခံချင်စိတ်တွေ ဖြစ်တယ်။ အနာဂတ်မှာလည်း တရုတ်ပြည်ကို အဲသည်လို ထပ်ဖြစ်မှာ ကြောက်တယ်။ မော်စီတုန်းကြီး ဘယ်လောက်ပဲ အမှားတွေ လုပ်ခဲ့လုပ်ခဲ့၊ ခေတ်သစ်မှာ တရုတ်ပြည်ကြီးကို တစ်စုတစည်းတည်း ဖြစ်အောင် လုပ်ပေးခဲ့တာနဲ့တင် တရုတ်တွေ အားလုံးက မော်စီတုန်းကို အဓိပတိအဖြစ် လက်ခံတယ်။

တီယံမင်ရင်ပြင်မှာ

မော်စီတုန်းနဲ့ နိုင်းယုဥ်ရင်၊ ဒေါက်တာဆွန်ယက်ဆင်ဟာ အသိအမှတ်ပြုခံရတဲ့ အဆင့်လောက်မှာတင်ရှိတယ်။ ဒီနေ့ (၂၀၁၉ အောက်တိုဘာ ၁) ရက်နေ့ နံနက်ခင်းမှာ တရုတ်ပြည်သောဂျင်းရဲ့ တီယံမင်ရင်ပြင်မှာ တရုတ်ပြည်နှစ်(၇၀) ပြည့်ကို ဗုံချီးကျင်းပတယ်။ စစ်ရေးပြအခမ်းအနားတွေဟာ အံ့မခန်းပဲ။ မော်စီတုန်းနဲ့ ချိုအင်လိုင်း တို့ မတ်တပ်ရပ်ပြီး တရုတ်ပြည်ကြီး ထူထောင်ကြောင်း ကြေညာလိုက်တဲ့ နေရာမှာပဲ တရုတ်သမ္မတ ရှီကျင့်ဖျင်က ရပ်နေတယ်။ ဗိုလ်ရှုသဘင်ကို မျှော်ခေါ်ကြည့်နေတယ်လို့ ပြောရမလားပဲ။

တရုတ်ပြည်ကြီးဟာ သူ့ပြည်သူရဲ့ ညီညွတ်ခြင်း အင်အားကို ပြနေလိုက်တာ အံ့မခန်းတွေ့ရတယ်။ တရုတ်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်ကို မြင်ရတယ်။ တရုတ်ပြည်ရဲ့ အသွေးအရောင်စုံတဲ့ လူမှုယဥ်ကျေးမှုကို တွေ့ရတယ်။ ကမ္ဘာကိုတင်ပြနိုင်တဲ့ စွမ်းရည်ကလည်း သေသပ်ကျနလွန်းတယ်။ တရုတ်ပြည်က သူ့မှာရှိတဲ့ စစ်လက်နက်တွေကို တီယံမင် ရင်ပြင်လာရာလမ်းတစ်လျှောက်မှာ ခင်းကျင်းပြပြီး ချီတက်လာတယ်။ ကြည်းတပ်ရဲ့ စစ်ချီမှုတွေ၊ တင့်ကားတွေ၊ ဒုံးတွေ၊ မောင်းသူမယ့်လေယာဥ်တွေ၊ ခေတ်မီ ဒုံးခွင်းဒုံးတွေ အပါအဝင် မြောက်မြားစွာသော စစ်လက်နက်တွေကို ပြည်သူတွေ ရှေ့မှာ ထုတ်ကြွားတယ်။ နိုင်ငံတကာကို မြင်အောင်လည်းပြတယ်။ တရုတ်မီဒီယာ အသီးသီးကလည်း ခေတ်မီကင်မရာတွေနဲ့ မှတ်တမ်းတင်ပြီးအချိန်နဲ့ တပြေးညီ ကမ္ဘာကို ပြတယ်။

ဒါတင်မကသေးဘူး။ လေတပ်အင်အားကိုပါ ပြလိုက်သေးတယ်။ ရဟတ်ယာဥ်တွေ၊ တိုက်လေယာဥ်တွေကို မောင်းပြီး Teamwork ညီညီနဲ့ ပြည်သူတွေရဲ့ ဦးခေါင်းထပ်မှာ ပျံသန်းပြတယ်။ အောက်က မော်ကြည့်တဲ့ ပြည်သူတွေကလည်း တရုတ်အလံတွေ တစ်လှုပ်လှုပ်နဲ့ တရုတ်အမျိုးသားရေးစိတ်ကို ပြသကြတယ်။ တရုတ်တွေရဲ့ သူ့နိုင်ငံအပေါ် ချစ်မြတ်နိုးစိတ်၊ သူ့နိုင်ငံနဲ့ပတ်သက်ရင် ဂုဏ်ယူဝင့်ကြွားစိတ်၊ တရုတ်လူမျိုးတွေရဲ့စိတ်ထဲမှာ တက်ကြွနိုးကြားစိတ်၊ တိုင်းပြည်ကို ခေါင်းဆောင်နေတဲ့ ခေါင်းဆောင်တွေအပေါ် ယုံကြည်ကိုးစားစိတ်နဲ့ တရုတ်ပြည်ကြီးမှာ နေထိုင်ရတာ လုံခြုံစိတ်ချ

ရကြောင်းစိတ်ခံစားမှုတွေ ဖြစ်ပေါ်အောင် လုပ်နိုင်လိုက်ကြတယ်။ ဒါဟာ တရုတ်တွေရဲ့ အနာဂတ် ခြေလှမ်းတွေကို သွက်လက်ဖို့ တွန်းအားပေးတဲ့ အခင်းအကျင်းတစ်ရပ်လည်း ဖြစ်တယ်။

## ခေါင်းဆောင်နှစ်ယောက်

ဒီနေ့ တရုတ်ပြည် ထူထောင်ခြင်းနှစ် (၇၀) ပြည့်နေ့မှာ ဒေါက်တာဆွန်ယက်ဆင်ကို ခေတ်သစ်တရုတ်ပြည်ရဲ့ ပြယုဂ်အဖြစ်ဖော်ပြပြီး၊ မော်စီတုန်းကို တရုတ်ပြည်ရဲ့အဓိပတိခေါင်းဆောင်ကြီးအဖြစ် ဖော်ပြတယ်။ တရုတ်တွေဟာ မော်စီတုန်းနဲ့ ဆွန်ယက်ဆင်ကို နှိုင်းယှဉ်ရင် မော်စီတုန်းကို ပိုပြီးစိတ်ထဲ ထားကြတယ်။

ဆွန်ယက်ဆင်ဟာ ကူမင်တန်ပါတီ (တရုတ်အမျိုးသားပါတီ) ကို ဦးဆောင်သူတစ်ယောက်ဖြစ်တယ်။ တရုတ်ပြည်ရဲ့မအောင်မြင်တဲ့ ဒီမိုကရေစီသမ္မတလည်းဖြစ်တယ်။ တရုတ်မျိုးချစ်ပညာတတ်လူငယ်တွေကို ဦးဆောင်ပြီး နယ်ချဲ့နဲ့ပေါင်းပြီး တရုတ်ပြည်သူတွေအပေါ် ဖိနှိပ်ခဲ့တဲ့ ချင်မင်းဆက်ကိုဖြုတ်ချရာမှာ ဦးဆောင်ခဲ့တယ်။ ၁၉၁၁ ဟာ တရုတ်သမိုင်းမှာ အထင်ကရ ခုနှစ်တစ်ခုဖြစ်ပါတယ်။ ချင်မင်းဆက်ကို ဖြုတ်ချနိုင်ခဲ့တဲ့ တော်လှန်ရေးနှစ်လို့ ပြောရမယ်။ ဆွန်ယက်ဆင်ဟာ ပညာတတ်တော်လှန်ရေးသမား တစ်ယောက်ဖြစ်တယ်။ ရီပက်ပလစ်ချိုင်းနားလို့ခေါ်တဲ့ တရုတ်သမ္မတ နိုင်ငံကို (၁၉၁၂ ဇန်နဝါရီ ၁) ရက်မှာ ထူထောင်ပြီး သမ္မတဖြစ်လာသူဖြစ်တယ်။

၁၉၁၁ ခုနှစ် ကာလတွေဟာ တရုတ်မှာ ကွန်မြူနစ်တွေ အင်အားစုစည်းချိန်လို့ ပြောလို့ရနိုင်မယ်။ သည့်နောက်ပိုင်း မော်စီတုန်း ဦးဆောင်တဲ့ ကွန်မြူနစ်တွေရဲ့အင်အားဟာ တဖြည်းဖြည်းနဲ့ စုစည်းမိလာပြီး နယ်ချဲ့ အင်္ဂလိပ်နဲ့ဂျပန်တို့ကို တော်လှန်ဖို့ ကူမင်တန်တွေနဲ့ ပူးတုံခွာတုံဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေဟာ ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့အချိန်အထိဖြစ်ပါတယ်။

## တရုတ် - မြန်မာ

တရုတ်မြန်မာဆက်ဆံရေးနဲ့ ပတ်သက်ပြီး အထင်ကရ အချက် (၃) ချက်ရှိပါတယ်။

၁။ တရုတ်ပြည် (ပီအာစီ) ထူထောင်လိုက်တဲ့အခါမှာ ကွန်မြူနစ် မဟုတ်တဲ့ တိုင်းပြည်တွေထဲမှာ မြန်မာဟာ တရုတ်ပြည်ထူထောင်မှုကို ပထမဆုံး အသိအမှတ်ပြုတဲ့ နိုင်ငံဖြစ်ပါတယ်။

၂။ မြန်မာဟာ တရုတ်နဲ့ ဘန်ဒေါင်းမူလို့ ခေါ်တဲ့ ဘက်မလိုက်လှုပ်ရှားရေးမူကို ပူးတွဲကြေညာပြီး တည်ထောင်ခဲ့တဲ့ ကိစ္စဖြစ်ပါတယ်။

၃။ မြန်မာဟာ တရုတ်နီ (ကွန်မြူနစ်တရုတ်) နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ တရုတ်ဖြူ (ကူမင်တန်) ကျူးကျော်မှုကို တိုက်ထုတ်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ မြန်မာဟာ တရုတ်ထက် လွတ်မြောက်သော နိုင်ငံအဖြစ် တစ်နှစ်စောပြီး ကြေညာနိုင်ခဲ့ပေမယ့်၊ တရုတ်ဟာ မြန်မာကို သူ့ရဲ့လက်အောက်ခံနိုင်ငံလို့ မြင်ပါတယ်။ ဟိုးရှေးယခင် ဘုရင်တွေခေတ်တုန်းကလို မြန်မာကို တရုတ်ရဲ့ ပဏ္ဏာဆက်ပြည်နယ်တစ်ခုလို့ သတ်မှတ်ပါတယ်။

တရုတ်တွေဟာ မြန်မာပြည်ကို ကျူးကျော်ခဲ့ဖူးတယ်ဆိုတဲ့ သမိုင်းမှတ်တမ်းရှိပါတယ်။ (၁၃) ရာစုနှောင်းပိုင်းမှာ မွန်ဂိုတရုတ်တပ်တွေ မြန်မာပြည်ကို ကျူးကျော်လို့ ပုဂံခေတ် နိဂုံးချုပ်သွားတယ်ဆိုတာ တွေ့ရတယ်။ (၁၇) ရာစုလောက်မှာ တရုတ်မင် မင်းဆက် လက်ထက်မှာ တရုတ် စစ်တပ်ကြီး အင်းဝထိ ချီတက်လာခဲ့ဖူးတယ်ဆိုတာ တွေ့ရတယ်။ လွန်ခဲ့တဲ့နှစ် (၂၀၀၀) ကျော်လောက်ကလည်း ယူနန်မှာကြီးစိုးတဲ့ နန်ကျောင်က တိုက်ခိုက်သိမ်းပိုက်လို့ ပျူနိုင်ငံပျက်စီးရတယ်လို့ သမိုင်းမှတ်တမ်းတွေမှာ ဖတ်ရတယ်။

တရုတ်ပြည်ဟာ မြန်မာပြည်ကို ကျူးကျော်သိမ်းပိုက်ခဲ့တဲ့ မှတ်တမ်းတွေ ရှိခဲ့တယ်။ တရုတ်ခေါင်းဆောင်တွေဖြစ်တဲ့ ဆွန်ယက်ဆင်နဲ့ မော်စီတုန်းတို့ကိုယ်တိုင်ကလည်း မြန်မာပြည်ကို တရုတ်ရဲ့ပြည်နယ်လို့ သတ်မှတ်ထားခဲ့ကြဖူးတယ်။ ဆွန်ယက်ဆင်ရေးခဲ့ဖူးတဲ့ စာတမ်းတစ်ခု (၁၉၂၄) မှာလည်း မြန်မာပြည်ကို တရုတ်ရဲ့လက်အောက်ခံနယ်လို့ ဖော်ပြဖူးတယ်။ မော်စီတုန်းရေးတဲ့ 'တရုတ်ကွန်မြူနစ်ပါတီနဲ့ တရုတ်တော်လှန်ရေး' ဆိုတဲ့ စာတမ်းမှာလည်း မြန်မာပြည်ကို တရုတ်ပိုင်ပြည်နယ်တွေအဖြစ် ဖော်ပြတယ်။ ၁၉၅၃-၅၄ တွေမှာထုတ်တဲ့ တရုတ်အစိုးရထုတ် မြေပုံတွေမှာလည်း မြန်မာပြည်ရဲ့ မြစ်ကြီးနားနဲ့ ဝဒေသတွေကို တရုတ်ပိုင်နယ်မြေတွေအဖြစ် ဖော်ပြထားတယ်။ *(ကိုးကား- ဒေါက်တာအောင်ခင် ၊ တရုတ်မဟာဗျူဟာနဲ့ မြန်မာစာတမ်း)*

## တာရုတ်နဂါး တန်ခိုးထွား

ဆင်ကြီးကတော့ တစ်ချက်ပဲ တွန့်တာပါပဲ။ သို့ပေမယ့် ဆင်ကြီးက ကြီးတော့ ဆင်ကြီးတစ်ချက်တွန့်လို့ မလှုပ်သာ မရှားသာတဲ့ တောကောင်ငယ်လေးတွေလည်း မြောက်မြားစွာ ရှိပါလိမ့်မယ်။ ဒီမှာတော့ “တရုတ်နဂါးကြီး တစ်ချက်တွန့်လိုက်ရင်တော့” ဆိုပြီး ပြောရမလိုဖြစ်နေပါတယ်။ တရုတ်ပြည်ရဲ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကတော့ အံ့မခန်းပါပဲ။ ကားမတ် ဟောခဲ့တဲ့ ရုပ်ဝါဒဆိုတာ ဒါလားလို့ ထင်မှတ်မှားစရာ ဖြစ်နေပါတယ်။

- ❖ မက်စ်ဝါဒ
- ❖ မော်စီတုန်းအတွေးအခေါ်၊
- ❖ တိန့်ရှောင်ဖိန် အယူအဆနဲ့ ရှင်သန်နိုးထလာတဲ့ တရုတ်နဂါးဟာ ကမ္ဘာကို အပြုသဘောလား၊ အဖျက်သဘောလားဆိုတာ မေးခွန်းထုတ်စရာဖြစ်ပါတယ်။

ဓနဥစ္စာနဲ့ လူဦးရေအချိုးအစားဟာ ဟန်ချက်ညီနေရင် ကမ္ဘာကြီးဟာ သာယာဝပြောနေပါလိမ့်မယ်။ ငြိမ်းချမ်းနေပါလိမ့်မယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပဋိပက္ခကင်းရှင်းရေးဆိုတာ ဓနဥစ္စာကို ဘယ်လောက်ထိ ဟန်ချက်ညီအောင် ခွဲခြမ်းထားနိုင်သလဲ (တစ်နည်း) အကျိုးစီးပွားစီမံခန့်ခွဲမှုကို ဘယ်လောက်ထိ လုပ်နိုင်သလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ ဓနဥစ္စာခွဲဝေမှုကို distribution of wealth လို့ခေါ်ပါတယ်။ အကျိုးစီးပွားတွေကိုစီမံခန့်ခွဲမှုကိုတော့ interest management လို့ ခေါ်ပါတယ်။ အစိုးရလုပ်သူ၊ မူဝါဒကိုင်ထားနိုင်သူတွေဟာ လူ့အဖွဲ့အစည်းရဲ့မျှခြေကို ညှိထားပေးနိုင်ရပါမယ်။ ကမ္ဘာကြီးအတွင်းမှာပဲဖြစ်ဖြစ်၊ နိုင်ငံအချင်းချင်းကြားမှာပဲဖြစ်ဖြစ်၊ ပြည်တွင်းမှာပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းအတွင်းမှာပဲဖြစ်ဖြစ် မျှခြေကိုက်ရင် ဟန်ချက်ညီနေပါတယ်။ မျှခြေဟာ တစ်ဖက်စောင်းနင်းနိုင်ပြီး ဟန်ချက်ပျက်သွားရင် ပဋိပက္ခတွေ၊ စစ်ပွဲတွေ၊ ပြဿနာတွေဟာ မြောက်မြားစွာ ပေါ်လာပါတယ်။

## မျှခြေ

တရုတ်နဲ့ မြန်မာအကြားမှာ မျှခြေညှိနိုင်ဖို့ လိုပါတယ်။ တရုတ်နဲ့ မြန်မာအကြားမှာ လူဦးရေအားဖြင့် ထိန်းညှိဖို့ လိုပါတယ်။ သန်းပေါင်း

(၁၃၀၀)ကနေ၊ သန်းပေါင်း(၁၄၀၀) ဖြစ်လာတဲ့ တရုတ်ပြည်ကြီးမှာ လူဦးရေ များပြားလို့ ကျပ်တည်းလာတယ်။ ဒါ့ကြောင့် နဘေးနားက တိုင်းပြည်ငယ် လေးတွေဆီ လူဦးရေ စိမ့်ဝင်တိုးပွားလာပါတယ်။ နယ်ကျယ်ကျယ်ရှိပြီး လူနည်းနည်းပဲရှိတဲ့ မြန်မာဟာ တရုတ်လူဦးရေ တိုးပွားမှုကြောင့် အကျိုးထက် အပြစ်ပိုရနေပါတယ်။ ဒါဟာလည်း အုပ်ချုပ်မှုစနစ်၊ စီမံခန့်ခွဲမှုစနစ်ရဲ့ ညံ့ဖျင်းမှုတွေ မြောက်မြားစွာ ပါဝင်နေပါတယ်။ မြန်မာပြည်မှာ လူဦးရေ သန်း (၅၀) ကျော်သာ ရှိပါတယ်။ တရုတ်ရဲ့ အစွန်းထွက် မရှိပါ။ တရုတ်ဟာ မြန်မာထက် အဆပေါင်း (၃၀) လောက် လူဦးရေပမာဏရှိပါတယ်။

တရုတ်ဟာ မြန်မာကို ယဉ်ကျေးမှုအရလည်း လွှမ်းမိုးလာသလို စီးပွားရေးအရလည်း လွှမ်းမိုးလာပါတယ်။ အခု ဆိုရင် လူဦးရေအရလည်း လွှမ်းမိုးလာပါပြီ။ မြန်မာပြည်မှာ တရုတ်နဲ့ပတ်သက်ပြီး အနာဂတ်မှာ ပြဿနာတော်တော်များများ ကြုံလာနိုင်စရာ ရှိပါတယ်။ ဖြစ်နိုင်ချေ အလား အလာဟာ အကြောင်းတရားများစွာ ရှိနေပါပြီ။ မြန်မာဟာ တရုတ်နဲ့ ပတ် သက်ပြီး မူဝါဒရွေးချယ်စရာ အားနည်းရင် အတိတ်သမိုင်းဟာ တစ်ပတ် လည်ချင် ပြန်လည်သွားနိုင်ပါတယ်။

ဒီခေတ်မှာတော့ စစ်တပ်ကြီး ကျူးကျော်ပြီး တိုင်းပြည်ကို ကိုလိုနီလုပ်၊ အုပ်ချုပ်တာတွေ ရှိတော့မယ် မထင်ပါဘူး။ စစ်တိုက်ရင် ငွေကုန်ပါတယ်။ လူပန်းပါတယ်။ နိုင်ငံတကာမှာ သိက္ခာကျပါတယ်။ ဒီတော့ ကျည်တစ်ချက် မဖောက်ရဘဲနဲ့ ယဉ်ကျေးမှုအရ၊ လူဦးရေအရ၊ စီးပွားရေးအရ လွှမ်းမိုးချုပ်ကိုင် ပြီး မလှုပ်ရှားသာအောင် လုပ်နိုင်တဲ့ အခင်းအကျင်းတွေ များစွာ ရှိနေပါတယ်။ အခုလက်ရှိမှာလည်း မြန်မာအနေနဲ့ တရုတ်နဲ့ပတ်သက်ရင် ရွေးချယ်စရာ သိပ်များများစားစား မရှိပါဘူး။ တရုတ်နဲ့ ပူးခဲ့တဲ့ မြန်မာစစ်တပ်ကိုယ်တိုင်တောင် တရုတ်ကို မချစ်သော်လည်း အခြေအနေအရ၊ လုံခြုံရေးအရ၊ အကျိုးစီးပွားအရ အောင့်ခါနမ်းခဲ့ရတဲ့ အကြိမ်တွေ မြောက်မြားစွာ ရှိခဲ့ပါတယ်။ မြန်မာစစ်တပ် အနေနဲ့လည်း တရုတ်ရင်ခွင်ထဲကနေ ခွာဖို့ ကြိုးစားဟန်တူပါတယ်။ သို့ပေမဲ့ လုံးလုံးကြီး ပစ်ခွာလို့ မရနိုင်သေးပါ။ တရုတ်ကလည်း အရင်ကထက် ပိုလည်လာပါတယ်။ လက်နက်ကိုင်တပ်တွေကို နှစ်ဖက်ခွကိုင်ပြီး ကစားပါ တယ်။ စီးပွားရေးဘက်မှာလည်း ဗဟိုနဲ့ ပြည်နယ်အပေးအယူမျှမျှ၊ ကိုယ့်

ဘက် အသာစီးရအောင် ပေါ်လစီကို တွဲကစားပါတယ်။ လူဦးရေအားဖြင့်လည်း တရားဝင်ရော၊ တရားမဝင်ရော ဝင်ရောက် ကူးလူးလာပါတယ်။ မြန်မာက တရုတ်ကို ဘယ်လောက်ပဲ မုန်းတယ်ပြောပြော ငွေပေးပြီး လာဘ်ထိုးတဲ့ တရုတ်ကို မြန်မာကပဲ ပြန်လက်ခံပြီး လုပ်ပိုင်ခွင့်ပေး၊ နေထိုင်ခွင့်ပေးပါတယ်။ ဒါဟာ မြန်မာက တရုတ်နဲ့ ပတ်သက်ပြီး ပြုမူတဲ့အချက်ဖြစ်ပါတယ်။

များများစဉ်းစားရင် မေးခွန်းများများ ထွက်ပါတယ်။ များများ လေ့လာရင် စိုးရိမ်စရာများများ ထွက်လာပါတယ်။ မျက်စိဖွင့် နားစွင့်ပြီး အနာဂတ်ကို ခဏလေး မှန်းဆကြည့်ဖို့ တိုက်တွန်းလိုရင်းဖြစ်ပါတယ်။

ည ၇ း ၄၅
၁ ၊ အောက်တိုဘာ ၊ ၂၀၁၉ ။
ရန်ကုန်မြို့။

❖

# “ ပြည်ပရောက် တရုတ်များ အရေး

## “ မြန်မာပြည်အတွက် မူဝါဒရေးရာ စဉ်းစားချက်



မင်းသော့

# ပြည်ပရောက်တရုတ်များအရေး

တရုတ်နိုင်ငံရဲ့ လူဦးရေပေါက်ဖွားနှုန်းဟာ အင်မတန် မြင့်လာပါတယ်။ မော်စီတုန်းခေတ်က သန်းပေါင်း(၈၀၀) လောက်ရှိတဲ့ တရုတ်တွေဟာ အခု သန်းပေါင်း (၁၄၀၀) လောက်ရှိလာပါပြီ။ တရုတ်နိုင်ငံမှာ တိန့်ရှောင်ဖိန်ခေတ်က တစ်အိမ်ထောင် သားသမီးတစ်ယောက် (One Child Policy) ကို ကျင့်သုံးပြီး တိုင်းပြည်လူဦးရေကို ထိန်းချုပ်ဖို့ ကြိုးစားခဲ့တယ်။ ဘယ်လိုပဲ ကြိုးစားကြိုးစား တရုတ်တွေရဲ့ လူဦးရေ တိုးနှုန်းဟာ များပြားတဲ့အနေအထားကို ရောက်လာပြီ ဖြစ်ပါတယ်။ သိပ်မကြာသေးခင်နှစ်တွေက သန်း(၁၃၀၀)ကျော်လို့ ကျွန်တော်တို့ သိမှတ်ထားကြပါတယ်။ အခုတော့ အဲသည်လို မဟုတ်တော့ပါဘူး။ သန်း(၁၄၀၀) လောက်ရှိတဲ့အနေအထားကို ရောက်လာပါပြီ။ ဒါတောင် အဝေးရောက်တရုတ်တွေ (တနည်း) ပင်လယ်ရပ်ခြားမှာ ရောက်ရှိနေတဲ့ တစ်ကမ္ဘာလုံးက တရုတ်အရေအတွက် မပါသေးပါဘူး။ တကမ္ဘာလုံးက တရုတ်လူမျိုးရဲ့ အရေအတွက်ကို ထပ်ပြီးလေ့လာကြည့်ရင် တရုတ်လူဦးရေဟာ ထုကြီးထည်ကြီးရှိနေတဲ့ အနေအထား ဖြစ်ပါတယ်။

လူဦးရေ နိုင်ငံရေးအရ တွက်ဆလေ့လာကြည့်ရင် တရုတ်တွေရဲ့ မွေးဖွားနှုန်း၊ တရုတ်တွေရဲ့ ပျံ့နှံ့တည်ရှိမှု၊ တရုတ်တွေရဲ့ နေထိုင်ကျက်စားမှုတွေကို ကောင်းကောင်းလေ့လာလို့ ရနိုင်ပါလိမ့်မယ်။ ပျမ်းမျှအားဖြင့် ကမ္ဘာကြီးမှာ လူဦးရေ သန်း (၇၀၀၀) ကျော် (၈၀၀၀) လောက်ရှိတယ်လို့ ဆိုပါတယ်။ ဘီလီယံနဲ့ပြောရင်(၇)ဘီလီယံ သို့မဟုတ် (၈)ဘီလီယံလောက် ရှိတယ်။ တရုတ်ပြည်မှာ တွက်ချက်ထားတဲ့ သန်း (၁၄၀၀) ဆိုတာ (၁.၄)

ဘီလီယံဖြစ်ပါတယ်။ ကမ္ဘာပေါ်က လူ (၈) ယောက်မှာ (၁) ယောက်ဟာ တရုတ်လို့ ယေဘုယျ ချကြည့်လို့ ရတယ်။ ဒီတော့ လက်ရှိတရုတ်ပြည်က တရုတ်တွေကို မကြည့်သေးဘဲနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ (ပီအာစီ) ဟာ နိုင်ငံအသီးသီးမှာ ပျံ့နှံ့နေထိုင်နေတဲ့ တရုတ်လူမျိုးတွေနဲ့ ပတ်သက်ပြီး ဘယ်လို အမြင်မျိုးရှိသလဲ။ ဘယ်လို ပေါ်လစီမျိုး ချထားသလဲ။ ဘယ်လို သဘောထားသလဲဆိုတာ လေ့လာဖို့ လိုတယ်။

ဒီဆောင်းပါးကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှာ တရုတ်သမ္မတ ရှီကျင့်ဖျင်က အဝေးရောက်တရုတ်အမျိုးသားများ ချစ်ကြည်ရေးအသင်းရဲ့ (၇) ကြိမ်မြောက်ညီလာခံမှာ ပြောတဲ့မိန့်ခွန်းအပေါ် အခြေခံပြီး ရေးချင်ပါ တယ်။ ရှီကျင့်ဖျင်ပြောခဲ့တဲ့ မိန့်ခွန်းအပေါ်အခြေခံပြီး ရေးသားပြီးရင် မြန်မာ ပြည်တွင်းက တရုတ်လူမျိုးတွေကိစ္စကို စဉ်းစားနိုင်ဖို့ ရေးသားတင်ပြချင်ပါ တယ်။

## အချီး

ကမ္ဘာပေါ်မှာ ရှိတဲ့နိုင်ငံတိုင်းမှာ တရုတ်လူမျိုး မရှိတဲ့ နိုင်ငံဆိုတာ မရှိသလောက်ရှားပါတယ်။ အထင်ကရနိုင်ငံတိုင်းလိုလိုမှာ China Town (တရုတ်မြို့/တရုတ်ရပ်ကွက်) ရှိပါတယ်။ ပြည်ပနိုင်ငံအသီးသီးမှာ တရုတ် တွေရဲ့ စုစည်းနေထိုင်မှု၊ တရုတ်တွေရဲ့ ရှင်သန်ကျက်စားမှုကို လေ့လာသင့်ပါ တယ်။ လူတော်တော်များများဟာ ပြည်ပရောက်တရုတ် တွေရဲ့နေထိုင် ကျင်လည်မှုနဲ့ပတ်သက်ပြီး ပညာရပ်ဆန်ဆန် မလေ့လာနိုင်ပေမယ့် တရုတ် တွေရဲ့ နေထိုင်မှုပုံစံကို အမြင်အားဖြင့်၊ အကြားအားဖြင့် စိတ်ထဲမှာ ယေဘုယျ သဘော သိနားလည်နေပါတယ်။ ပြည်ပရောက် တရုတ်တွေနဲ့ပတ်သက်ပြီး ရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေလည်း အများအပြား ရှိပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေနဲ့ ရင်းနှီးပြီးသားဖြစ်တဲ့ ရုပ်ရှင်တွေကတော့ တရုတ်မင်းသား ဘရုစ်လီရဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဖြစ်ပါတယ်။

မြန်မာပြည်ဟာ တရုတ်နဲ့မကင်းကွာပါဘူး။ နယ်မြေအားဖြင့် ထိစပ် သလို၊ ယဉ်ကျေးမှုအားဖြင့်လည်း နီးစပ်ပါတယ်။ မြန်မာတွေဟာ တရုတ် အစားအစာတွေကို ခံတွင်းတွေ့သလို တရုတ် အသုံးအဆောင်တွေနဲ့လည်း

ရင်းနှီးကျွမ်းဝင်မှု ရှိပါတယ်။ အထူးသဖြင့် တရုတ်လူမျိုးတွေရဲ့ အသုံးအဆောင်ဖြစ်တဲ့ 'တူ'ဖြစ်ပါတယ်။ အနောက်တိုင်း မျက်နှာဖြူလူမျိုးတွေရဲ့ စားသောက်စားပွဲပေါ်မှာ ဇွန်းနဲ့ခရင်းဟာ အမှတ်သင်္ကေတ ဖြစ်ပါတယ်။ ဒီလိုပဲ တရုတ်တွေရဲ့ ထူးခြားတဲ့ယဉ်ကျေးမှုအမှတ်အသားတစ်ခုဟာ 'တူ' ဖြစ်ပါတယ်။ မြန်မာတွေအဖို့ စားသောက်စားပွဲပေါ်က ဝါးနဲ့ လုပ်ထားတဲ့ တူ၊ ဒါမှမဟုတ် သစ်သားနဲ့ လုပ်ထားတဲ့တူဟာ သိပ်အထူးအဆန်း မဟုတ်ပါဘူး။ မြန်မာတော်တော်များများဟာ တူကို ကောင်းကောင်း ကိုင်တွယ်တတ်ပါတယ်။ မြန်မာပြည်ရဲ့ စားသောက်ဆိုင်တိုင်းမှာ တူကို သုံးပါတယ်။ မြန်မာပြည်ရဲ့ လမ်းဘေးခေါက်ဆွဲဆိုင်တိုင်းမှာ တူကို သုံးကြပါတယ်။ မြန်မာပြည်ရဲ့ မြို့ကြီးတိုင်းလိုလို၊ မြို့ငယ်တိုင်းလိုလိုမှာ ဝက်သားဒုတ်ထိုးဆိုင် ရှိပါတယ်။ အခု ဆိုရင် မြန်မာပြည်ရဲ့ မြို့ကြီးတိုင်းလိုလိုမှာ ဟော့ပေါ့ဆိုင်တွေ ရှိနေပါပြီ။ ပြီးတော့ ဖက်ထုပ်ပြုတ်၊ ဖက်ထုပ်ကြော်၊ ဖက်ထုပ်ပေါင်း စတဲ့ ပျံ့နှံ့ ဝင်ရောက်လာတဲ့ တရုတ်အစားအစာတွေကို ကြည့်နိုင်ပါတယ်။ မြန်မာပြည်ရဲ့ ဘီယာယဉ်ကျေးမှု ထွန်းကားလာတာနဲ့အမျှ အကင်မျိုးစုံရတဲ့ စားသောက်ဆိုင်တွေကလည်း မြို့တိုင်းလိုလိုမှာ ရှိနေပါတယ်။ ဒါဟာ စားသောက်မှုယဉ်ကျေးမှုမှာ လွှမ်းမိုးနစ်ဝင်နေတဲ့ ထင်သာမြင်သာ ဖြစ်တဲ့ အချက်အနည်းငယ်ကို ထုတ်ပြတာ ဖြစ်ပါတယ်။ တခြား မြောက်မြားစွာ ရှိနေပါသေးတယ်။ ဒီအကြောင်းအချက်နဲ့ ဆက်စပ်ပြီးတော့ Food Culture နဲ့ Food Diplomacy (Culinary Diplomacy) ကို တွဲပြီး လေ့လာဖို့လည်း လိုပါသေးတယ်။

ဒေါက်တာသန်းထွန်းက သူ့ရဲ့ 'ငါပြောချင်သမျှ ငါ့အကြောင်း' ထဲမှာ ရေးဖူးတယ်။ မြန်မာတွေရဲ့ တိုက်ပုံအင်္ကျီဟာ တရုတ်ဆီက ယူထားတာ ဖြစ်ပြီး ပုဆိုးကတော့ အိန္ဒိယ (ကုလား) ဆီက ယူထားတာလို့ ရေးဖူးပါတယ်။ မြန်မာတွေဟာ တရုတ်နဲ့ အိန္ဒိယအစားအစာတွေကို ခံတွင်းလိုက် နှစ်ခြိုက်တာများပါတယ်။ ထားတော့။

နောက်တစ်ခုကတော့ တရုတ်တွေရဲ့ မြန်မာပြည်တွင်း စိမ့်ဝင်ပျံ့နှံ့မှုကို ပြောချင်ပါတယ်။ ဘုရင်တွေခေတ်မှာ တရုတ်ကုန်သည်တချို့နဲ့ တရုတ်တပ်တချို့ဟာ မြန်မာတွင်းဝင်ရောက်ခဲ့ဖူးပါတယ်။ သို့ပေမယ့် အမြောက်အမြား

မဟုတ်သေးပါ။ တရုတ်နဲ့ မြန်မာကြားမှာ ပထဝီအရ အဆီးအတားရှိနေလို့ ဖြစ်ပါတယ်။ ကိုလိုနီခေတ်မှာ တရုတ်တွေ မြန်မာပြည်ထဲမှာ ထိုးဖောက် ဝင်ရောက်မှု များလာပါတယ်။ အထင်ကရ သွားလာရေး လမ်းကြောင်းလို့ ပြောရရင် လီဒိုလမ်းမကြီးကို ကြည့်နိုင်ပါတယ်။ လီဒိုလမ်းမကြီးကို စတီး ဝဲလ်လမ်းမကြီးလို့လည်း ခေါ်ပါတယ်။ အင်္ဂလိပ်က တရုတ်ပြည်ထဲက ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်ဖို့ အိန္ဒိယနဲ့ ဆက်သွယ်ရေး၊ ထောက်ပို့လမ်း ကြောင်းတစ်ခု ဖောက်ပါတယ်။ မြန်မာပြည်တွင်း ကချင်ပြည်ကို ဖြတ်ပြီး ဖောက်တာဖြစ်ပါတယ်။ ဒါက အချက် တစ်ချက်။

နောက်အချက်တစ်ခုက အင်္ဂလိပ်ခေတ်မှာ ကုန်သွယ်ရေးအရ အချက် အခြာကျတဲ့ ရန်ကုန်မြို့မှာ တရုတ်လူဦးရေ မြောက်မြားစွာ ဝင်လာတဲ့ကိစ္စ ရှိပါတယ်။ ရန်ကုန်မှာ တရုတ်နဲ့ အိန္ဒိယ(ကုလား) ဟာ ကိုလိုနီခေတ်မှာ အရေးပါ၊ အရာရောက်ပြီး ဗမာတွေထက် အရေးတယူနေရာပေး ဆက်ဆံ ခံရတဲ့လူတွေဖြစ်ပါတယ်။ ဗမာတွေ မကျေမနပ်ဖြစ်လို့ အဓိကရုဏ်းတွေ ဖြစ်ခဲ့တယ်ဆိုတဲ့ သာဓကလည်း သမိုင်းမှတ်တမ်းမှာ ရှိပါတယ်။ ကိုလိုနီ ခေတ်ကို အကြောင်းပြုပြီး တရုတ်ပြည်မကြီးဆီက ဝင်ရောက်လာတဲ့ တရုတ်ပြည်ဖွား တရုတ်လူမျိုးတွေ မြန်မာပြည်တွင်းမှာ ရှိပါတယ်။ ထို့အတူပဲ ဒီနောက်ပိုင်းမှာ မြန်မာပြည်ဖွားတရုတ်တွေလည်း မြောက်မြားစွာ ရှိပါတယ်။ တရုတ်ခေါင်းဆောင် မော်စီတုန်းစီရင်တဲ့ ယဉ်ကျေးမှုတော်လှန်ရေး ကာလ အတွင်းမှာ မြန်မာပြည်နဲ့ပတ်သက်ပြီးတော့ အထင်ကရအဖြစ်အပျက် တစ်ခု ရှိပါတယ်။ တရုတ်- ဗမာအရေးအခင်း ဖြစ်ပါတယ်။ ကွန်မြူနစ်ခေါင်း ဆောင် မော်စီတုန်းဟာ ကွန်မြူနစ်ဝါဒကို နိုင်ငံတကာကို တင်ပို့ဖို့ အားထုတ် ပါတယ်။ အဲဒီနေ့ရာမှာ ပြည်ပရောက်တရုတ်တွေကို အသုံးချပြီး လုပ်ဆောင်ခဲ့ ပါတယ်။ ဒီလုပ်ရပ်ကြောင့် တရုတ်-ဗမာ အဓိကရုဏ်းဖြစ်တယ်လို့ ယူဆ ပါတယ်။ ဒီသာဓကဟာ တရုတ်ပြည်အစိုးရက ပြည်ပရောက်တရုတ်(တစ်နည်း) မြန်မာပြည်ရောက် တရုတ်တွေနဲ့ ပတ်သက်ပြီး လွှမ်းမိုးသက်ရောက်ခဲ့တဲ့ အတိတ်က သာဓကတစ်ခုဖြစ်ပါတယ်။ ဒါက အတိတ်က ကိစ္စဖြစ်ပါတယ်။ လက်ရှိပစ္စုပ္ပန်ကိုလည်း အနည်းငယ် ချည်းကပ်ကြအုံးစို့။

## သဘောထားအမြင်

တရုတ်အစိုးရအနေနဲ့ အဝေးရောက်တရုတ်တွေအပေါ် ဘယ်လိုသဘောထားသလဲ။ အမိမြေက တရုတ်တွေနဲ့ ပြည်ပရောက်တရုတ်တွေဟာ တစ်သားတည်းဖြစ်ကြောင်း၊ တမျိုးတည်းဖြစ်ကြောင်း၊ သွေးသားတော်စပ်သူတွေဖြစ်ကြောင်း၊ အမျိုးတွေဖြစ်ကြောင်း၊ ညီအစ်ကိုတွေဖြစ်ကြောင်း၊ ဇာတိရင်းမြစ်တူညီတဲ့ ဆွေမျိုးတွေဖြစ်ကြောင်း သဘောထားပါတယ်။ သွေးအရကွဲပြားနေတာ မဟုတ်ဘူး။ နယ်မြေအရာ ကွာခြားကောင်း ကွာခြားလိမ့်မယ်။ သို့ပေမယ့် သွေးသားအရ တော်စပ်တယ်။ ဆွေမျိုးအရ နီးစပ်တယ်။ လူမျိုးအရ တူညီတယ်။ ဇာတိအရ နှီးနွှယ် ဆက်စပ်တယ်လို့ သဘောထားပါတယ်။ ဒါဟာ တရုတ်တွေရဲ့စိတ်ဝိညာဉ်ကို ဆွဲစုခေါ်ငင်တဲ့ သဘောထားဖြစ်ပါတယ်။

ပြည်ပရောက်တရုတ်တွေနဲ့ တရုတ်ပြည်က တရုတ်တွေကို ဆက်စပ်ပေးတဲ့ အကြောင်းတရား များစွာ ရှိပါတယ်။ အဲသည့်အထဲက အချက် (၆) ချက်လောက်ကို ထုတ်ပြချင်ပါတယ်။

၁။ အစားအသောက်ယဉ်ကျေးမှု

၂။ ကွန်ဖြူးရှပ်အသင်းများ

၃။ တရုတ်အမျိုးသားချစ်ကြည်ရေးအသင်းများ

၄။ တရုတ်သံရုံးများ

၅။ တရုတ်ယဉ်ကျေးမှုပွဲတော်များ

၆။ တရုတ်ရုပ်ရှင်များ

## အစားအသောက်ပုံစံ

တရုတ်တွေဟာ အစားအသောက်ကို သာမန်ထက် ခံ့မင်တဲ့ လူမျိုးဖြစ်ပါတယ်။ အစားအသောက်ထဲမှာ ဝက်သားဟာ တရုတ်တွေရဲ့အကြိုက်ဖြစ်တယ်။ အစားအသောက်ကို ခံ့ခံ့မင်မင်စားသောက်ကြသလို၊ အမျိုးစုံလင်အောင်လည်း စားသောက်ကြတယ်။ တရုတ်လူမျိုးဟာ တရုတ်အစားအသောက်ကို ခံ့မင်တယ်။ မြိန်ယှက်တယ်။ လူမျိုးတစ်မျိုးနဲ့ စားသောက်မှုပုံစံဟာ တွဲဖက်နေပါတယ်။ တရုတ်ဟာ အစားအသောက်ကို ခံ့မင်သလို၊

မကြာမကြာ စားသောက်မှုပွဲတော်တွေကိုလည်း အမျိုးမျိုးကျင်းပပြီး စုပေါင်း စားသောက်လေ့ရှိပါတယ်။ တရုတ်လူမျိုးတွေရဲ့ ကျင်းပတဲ့ ပွဲတော်တိုင်းမှာ အစားအသောက်ပွဲတော်တွေနဲ့ တွဲဖက်ကျင်းပလေ့ရှိပါတယ်။ ပွဲတော်တိုင်းမှာ စားသောက်ပွဲဟာ ပါစမြဲဖြစ်ပါတယ်။ စားသောက်ပွဲတိုင်းကိုလည်း တရုတ်တွေ နှစ်ခြိုက်ကြသလို၊ စားရင်းသောက်ရင်း မိတ်ဖွဲ့၊ ဆွေမျိုးတွေ ပြန်လည်တွေ့ဆုံ၊ အချင်းချင်း အဆက်အသွယ်တွေ လုပ်ကြ၊ ရင်းနှီးချစ်ကြည်မှုတွေ ပိုမိုကြရင်း တရုတ်တွေရဲ့ လူမှုအရင်း(Social Capital) ကို ချဲ့ထွင်တည်ဆောက်ကြပါတယ်။ အစားအသောက်ယဉ်ကျေးမှုဟာ တရုတ်လူမျိုးတွေရဲ့စိတ်ဝိညာဉ်ကို အချင်းချင်းဆွဲစုတဲ့ အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ပါတယ်။ နောက်တစ်ခုက တရုတ်ယဉ်ကျေးမှုအသင်း၊ တရုတ်အမျိုးသားချစ်ကြည်ရေး အသင်းတွေ နဲ့ ကွန်ဖြူးရှပ်ကျောင်းတွေ ဖြစ်ပါတယ်။

## ကွန်ဖြူးရှပ်ကျောင်း

ကွန်ဖြူးရှပ်ကျောင်းတွေဟာ ကမ္ဘာ့နိုင်ငံအများအပြားမှာ ရှိပါတယ်။ နိုင်ငံပေါင်း(၁၅၀) ကျော်မှာ ပျံ့နှံ့တည်ရှိပါတယ်။ ၂၀၁၉ ခုနှစ်မှာ ကွန်ဖြူးရှပ်ကျောင်းပေါင်း (၅၃၀) ကို နိုင်ငံအသီးသီးမှာ ထူထောင်ထားနိုင်နေပြီ။ နိုင်ငံရပ်ခြားမှာ ရှိနေတဲ့ ကွန်ဖြူးရှပ်ကျောင်းတွေဟာ တရုတ်အစိုးရရဲ့ ပညာရေးဝန်ကြီးဌာန လက်အောက်ခံတွေ ဖြစ်ပါတယ်။ ပညာရပ်ဆိုင်ရာ ရည်ရွယ်ချက် မရှိ။ နိုင်ငံရေးနဲ့ လူမျိုးရေး၊ ယဉ်ကျေးမှု၊ ဘာသာစကားနဲ့ ဝါဒဖြန့်ချိရေး ရည်ရွယ်ချက်တွေသာ ရှိတယ်။

ကွန်ဖြူးရှပ်ကျောင်းတွေရဲ့ အဓိကလုပ်ငန်းတွေ ရှိတယ်။ အဓိကကတော့ တရုတ်ဘာသာစကား သင်ကြားတာ ဖြစ်ပါတယ်။ တရုတ်ဘာသာစကား သင်ကြားရေးနဲ့အတူ ယဉ်ကျေးမှုကိုပါ ထိတွေ့စေတယ်။ နီးနွှယ်ယဉ်ပါးစေတယ်။ ပြည်ပရောက် တရုတ်မျိုးဆက်သစ်တွေကို ဆွဲစုတဲ့ ရည်ရွယ်ချက်ကို ထားတယ်။ ယဉ်ကျေးမှုအရ ပြည်ပရောက် တရုတ်တွေနဲ့ အမိမြေက တရုတ်တွေ နီးနွှယ်ဆက်စပ်ပြီး စိတ်ဝိညာဉ်ချင်း ရင်းနှီးနေစေဖို့ ရည်ရွယ်ချက်လည်း ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကို တစ်စိတ်တစ်ပိုင်းအားဖြင့် အကောင်အထည်ဖော်ပေးနေတဲ့

လက်တံအဖြစ် သဘောထားပါတယ်။ ပြည်ပနိုင်ငံအသီးသီးမှာရှိတဲ့ ကွန်ဖြူး ရှပ်ကျောင်းတွေမှာ တက်ရောက်နေတဲ့ တရုတ်လူငယ် ဆယ်ကျော်သက်တွေဟာ သန်း (၁၀၀) လောက်ရှိတယ်လို့ ခန့်မှန်း ပါတယ်။ လက်တွေ့မှာ သည့်ထက် များနိုင်ပါတယ်။

ကွန်ဖြူးရှပ်အတွေးအခေါ်တွေနဲ့အတူ၊ ယဉ်ကျေးမှုအရ နယ်ချဲ့ရင်း အဝေးရောက် တရုတ်တွေကို အမျိုးသားရေးစိတ်အရ အစေးကပ်အောင် လုပ်တာဖြစ်ပါတယ်။ ရည်ရွယ်ရင်းကတော့ အမိတရုတ်နိုင်ငံကြီးရဲ့ အကျိုး စီးပွားတွေ ကို ပြည်ပနိုင်ငံတွေမှာ အဝေးရောက်ဆွေမျိုးသားချင်းတွေက ကျေးဇူးပြု ထောက်ပံ့ဖို့ ဖြစ်ပါတယ်။

ကွန်ဖြူးရှပ်ကျောင်းတွေ လိုပဲ၊ တရုတ်အမျိုးသားချစ်ကြည်ရေးအသင်းနဲ့ တရုတ်ယဉ်ကျေးမှုအသင်းတွေဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုအသိုက်အမြုံ ခိုင်မာကျစ်လျစ်ရေးကို ရည်ရွယ်ပြီး ဖွဲ့စည်းထားတဲ့ အသင်းတွေဖြစ်ပါတယ်။ ဒီအသင်းတွေရဲ့လမ်းဆုံး ပန်းတိုင်ကတော့ ပြည်ပရောက်တရုတ်တွေရဲ့ အကျိုးစီးပွားနဲ့ အမိတရုတ်နိုင်ငံရဲ့ အကျိုးစီးပွားကို လူမှုရေးနည်းနဲ့ နိုင်ငံရေး၊ စီးပွားရေးကို အကျိုးပြုနိုင်ဖို့ ဖြစ်ပါတယ်။

## တရုတ်သံရုံးများ

သံရုံးတွေ၊ ကောင်စစ်ဝန်ရုံးတွေရဲ့ လုပ်ငန်းတာဝန်ကိုတော့ ထူးထွေပြီး ပြောမနေချင်ပါ။ သံရုံးတွေရဲ့လုပ်ငန်းတာဝန်ဟာ အမိတိုင်းပြည်ကို ကိုယ်စား ပြုဖို့၊ အခြေစိုက်နိုင်ငံမှာရှိတဲ့ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသားကို ကာကွယ် စောင့်ရှောက်ဖို့၊ သတင်းပလင်း စုစည်းဖို့၊ ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားကို ချဲ့ထွင်ကာကွယ်ပေးဖို့နဲ့ နှစ်နိုင်ငံချင်း ယဉ်ကျေးမှုဖလှယ်တာ၊ ချစ်ကြည် ရင်းနှီးမှုရှိအောင်လုပ်ဖို့ ဖြစ်ပါတယ်။

ဒီလိုပါပဲ။ ပြည်ပရောက် တရုတ်သံရုံးတွေနဲ့ တရုတ်ကောင်စစ်ဝန်ရုံး တွေဟာ ဒီတာဝန်ကို ထမ်းဆောင်ကြတာပါပဲ။ သံရုံးတွေရဲ့လက်တံနဲ့ ဩဇာဟာ အမိနိုင်ငံရဲ့ ခေဥစ္စာကြွယ်ဝမှုနဲ့ နည်းပရိယာယ် ကြွယ်ဝမှုတွေ အပေါ် မှီတည်နေပါတယ်။ ဆင်းရဲတဲ့နိုင်ငံက သံရုံးတွေဟာ မည်ကာမတ္တအဆင့် (ရုံးထိုင်) အဆင့်မှာတင်ရှိနေပြီး၊ ချမ်းသာကြွယ်ဝပြီး အင်အားကြီးတဲ့နိုင်ငံ

တွေရဲ့သံရုံးတွေကတော့ ပြည်ပနိုင်ငံတွေမှာ ဩဇာကြီးတယ်။ လက်တံတွေကို ချဲ့ထွင်နိုင်ပါတယ်။ သံရုံးတွေဟာ ပိုက်ဆံသုံးနိုင်ရင် သုံးနိုင်သလောက် အမိမြေရဲ့အကျိုးစီးပွားကို ထမ်းဆောင်နိုင်လေ့ရှိတယ်။ အမိမြေရဲ့ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ပေးတဲ့ တာဝန်ကိုလည်း သံရုံးတွေက ယူရတယ်။

တရုတ်သံရုံးတွေဟာ မိမိတို့ အခြေစိုက်ရာ နိုင်ငံတွင်းမှာ ရှိနေတဲ့ တရုတ်လူမျိုးနဲ့ တရုတ်နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ဘက်ပေါင်းစုံက ချဲ့ထွင်စေတယ်။ ဘက်ပေါင်းစုံကလည်း အကာအကွယ်ပေးနိုင်ဖို့ ကြိုးစားတယ်။ တရုတ်ယဉ်ကျေးမှုအသင်းတွေ၊ တရုတ်အမျိုးသားချစ်ကြည်ရေးအသင်းတွေ၊ တရုတ်ကုန်သည်အသင်းတွေ၊ ကွန်ဖြူးရှပ်ကျောင်းတွေနဲ့ တရုတ်စာစောင်၊ မဂ္ဂဇင်းတွေ၊ စာအုပ်တွေကို ထုတ်ဝေပြီးတော့ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားကို ထမ်းဆောင်ကြပါတယ်။ တစ်ဖက်မှာလည်း မိမိတို့နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ဖို့ ယဉ်ကျေးမှုပွဲတော်တွေ ကျင်းပတာ၊ တရုတ်စီးပွားရေးသမားတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ စီးပွားရေး လုပ်နိုင်မှုခွင်ကျယ်အောင် ကြားဝင်စေ့စပ်ပေးတာ၊ အာမခံချက်ပေးတာတွေကို လုပ်ဆောင်တယ်။ ပြည်ပရောက် တရုတ်တွေ အချင်းချင်းရင်းနှီးချစ်ကြည်ဖို့ ဆော်ဩသူ၊ စီစဉ်ဆောင်ရွက်ပေးသူအဖြစ် တာဝန်ထမ်းဆောင်ကြတယ်။ မကြာမကြာ အမိနိုင်ငံရဲ့ပေါ်လစီကို အဝေးရောက်တရုတ်တွေ သိနားလည်အောင် ဝါဒဖြန့်တဲ့အလုပ်တွေကိုလည်း တရုတ်သံရုံးတွေ၊ ကောင်စစ်ဝန်ရုံးတွေက လုပ်ပါတယ်။ စကားလုံးလှလှနဲ့ပြောရရင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတာဝန်တွေကို သံရုံးတွေက ထမ်းဆောင်ပါတယ်။ ဒါဟာ ပြည်ပနိုင်ငံအသီးသီးက တရုတ်သံရုံးတွေနဲ့ ပင်လယ်ရပ်ခြား တရုတ်အမျိုးသားတွေအကြားမှာ ဆက်စပ်နေတဲ့ အနေအထားကို ရေးသားတင်ပြတာဖြစ်ပါတယ်။ နောက်တစ်ခုက ယဉ်ကျေးမှုပွဲတော်တွေဖြစ်ပါတယ်။

## တရုတ်ယဉ်ကျေးမှုပွဲတော်များ

တရုတ်ယဉ်ကျေးမှုပွဲတော်တွေမှာ အထင်ကရ လူသိများတာကတော့ တရုတ်နှစ်သစ်ကူးပွဲတော်ဖြစ်ပါတယ်။ နှစ်သစ်ကူးပွဲတော်တွေဟာ နိုင်ငံ

တိုင်းလိုလိုမှာ ရှိတတ်ပါတယ်။ မြန်မာတွေအတွက် သင်္ကြန်။ အနောက်တိုင်းသားတွေအတွက် ခရစ်စမတ်နဲ့ တရုတ်တွေအတွက် တရုတ် နှစ်သစ်ကူးပွဲတွေဖြစ်ပါတယ်။ တရုတ်ယဉ်ကျေးမှုဟာ နှစ် (၅၀၀၀) သက်တမ်း ရှိပြီဖြစ်ပါတယ်။ တရုတ်နှစ်သစ်ကူးပွဲတော်ကို ရိုးရာယဉ်ကျေးမှုမပြတ် ကျင်းပလာတာဟာ နှစ်ပေါင်း(၄၀၀၀)မက ရှိပြီဖြစ်ပါတယ်။ တရုတ် နှစ်သစ်ကူးပွဲတော်ဟာ တရုတ်လူမျိုးတွေအတွက် အလေးအမြတ်ပြုတဲ့ ပွဲတော်ဖြစ်တယ်။ မိသားစုတွေ ပြန်လည်တွေ့ဆုံချိန်ဖြစ်တယ်။ ဆွေမျိုး မိတ်သင်္ဂဟာတွေ ပြန်လည်စုစည်းစုရုံးချိန်ဖြစ်တယ်။ ပြန်လည်တွေ့ဆုံချိန်မှာ နှစ်သစ်ကိုခံယူချက်အသစ်၊ ယုံကြည်ချက်အသစ်တွေနဲ့ စိတ်ဓာတ်ခွန်အား သွန်းလောင်းတဲ့ အချိန်ဖြစ်တယ်။ မကောင်းတဲ့ကံကြမ္မာတွေကို နှင်ထုတ်ပြီး ကောင်းခြင်းမင်္ဂလာတွေကို သယ်ဆောင်တဲ့အချိန်ဖြစ်တယ်။ ဘိုးဘေးဘီဘင်တွေကို ပူဇော်ကန်တော့ ဦးညွှတ်တဲ့ အချိန်လည်းဖြစ်တယ်။ နေရပ်ဒေသကို အချိန်ကြာညောင်းစွာ ခွဲခွာနေတဲ့ တရုတ်တွေ ဒေသဇာတိကို ပြန်လာတဲ့ အချိန်လည်းဖြစ်တယ်။ ဆိုင်ရာနတ်ဘုရားတွေကို ကိုးကွယ်ပူဇော်တဲ့ အချိန်လည်းဖြစ်တယ်။ အတိတ်ကောင်း၊ နိမိတ်ကောင်းတွေ ဆောင်ကျဉ်းဖို့ ပျော်ရွှင်ခြင်း၊ သာယာခြင်း၊ ကျန်းမာချမ်းသာခြင်း ကဗျာတွေကို ရေးသားကပ်ထားပြီး မိမိနေထိုင်ရာအိမ်ကို ခေါ်ဆောင်ခြင်းလည်းဖြစ်တယ်။

တရုတ်နှစ်သစ်ကူးပွဲတော်တွေကို တရုတ်အများအပြားနေထိုင်တဲ့ ပြည်ပနိုင်ငံတွေမှာ နှစ်စဉ်ကျင်းပကြတယ်။ တရုတ်ပြည်တွင်းမှာလည်း ခြိမ့်ခြိမ့်သဲ ကျင်းပသလို၊ ပြည်ပရောက် တရုတ်တွေ စုစည်းနေထိုင်တဲ့ မြို့တွေမှာလည်း ကျင်းပကြတယ်။ တရုတ်အနည်းငယ်ပဲ နေထိုင်တဲ့ ပြည်ပက မြို့တွေမှာတောင်၊ တရုတ်အိမ်တွေမှာ အိမ်တွင်းနှစ်သစ်ကူးပွဲတော်ငယ်တွေ ကျင်းပကြပါတယ်။ တရုတ်မှာ နှစ်သစ်ကူးပွဲတော်လိုပဲ အထင်ကရပွဲတော်တွေ အများကြီး ရှိပါတယ်။

တရုတ်ရိုးရာ မုန့်လုံးရေပေါ်ပွဲတော်လို့ခေါ်တဲ့ တရုတ် ယွမ်းလျှောက်ကျယ်ပွဲတော်ကိုလည်း ကျင်းပကြတယ်။ တရုတ်တွေရဲ့ ကောက်ညှင်းထုပ်ပွဲတော်၊ တရုတ်ရိုးရာချုံယန် (Chongyang) ပွဲတော် စတဲ့ ပွဲတော်တွေဟာ

နာမည်ကြီးပါတယ်။ တရုတ်တွေရဲ့ ယဉ်ကျေးမှုပွဲတော်တွေဟာ တရုတ်အမျိုးသားတွေရဲ့ လူမျိုးရေးစရိုက်လက္ခဏာတွေကို ဆွဲစုပေးပါတယ်။ ပြည်ပရောက်တရုတ်တွေ၊ အဝေးရောက်တရုတ်တွေ၊ ပင်လယ်ရပ်ခြား တရုတ်အမျိုးသားတွေဟာ ယဉ်ကျေးမှုပွဲတော်တွေနဲ့ ရင်းနှီးကြတယ်။ ပွဲတော်တွေ ကျင်းပပြီး ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဇာတိ၊ ကိုယ့်မျိုးရင်းကို ပြန်လည်အောက်မေ့တမ်းတကြတယ်။ ဂုဏ်တင်ကြတယ်။ ဂုဏ်ယူကြတယ်။ အထူးသဖြင့် တရုတ်ယဉ်ကျေးမှုပွဲတော်တွေဟာ တရုတ်အမျိုးသားရေးဝါဒကို ကျယ်ကျယ်ပြန့်ပြန့် ဆွဲဆန့်နက်ရှိုင်းစေတဲ့ အကြောင်းတရားဖြစ်ပါတယ်။ ဒါကို တရုတ်အစိုးရဟာ ကောင်းကောင်းသိတယ်။ ကောင်းကောင်း နားလည်သဘောပေါက်ထားပါတယ်။ ဒါ့ကြောင့် တရုတ်အစိုးရနဲ့ တရုတ်သံရုံးတွေဟာ တိုင်းပြည်ရဲ့ အကျိုးစီးပွားကို ချဲ့ထွင်ကာကွယ်ပေးဖို့အတွက် ပြည်ပရောက်တရုတ်တွေကို ယဉ်ကျေးမှုပွဲတော်တွေနဲ့ ဆွဲဆောင်ယူငင်ခြင်းကို လုပ်ဆောင်ပါတယ်။

## တရုတ်ရုပ်ရှင်များ

ရုပ်ရှင်၊ ဂီတ၊ အနုပညာယဉ်ကျေးမှုတွေဟာ လူမျိုးအတွက်၊ နိုင်ငံအတွက် အရေးကြီးပါတယ်။ ရုပ်ရှင်တွေ၊ ဂီတတွေနဲ့ ယဉ်ကျေးမှုကို ချဲ့ထွင်နိုင်တယ်။ ယဉ်ကျေးမှုကို သွတ်သွင်းနိုင်တယ်။ ယဉ်ကျေးမှုအားဖြင့် လွှမ်းမိုးနိုင်တယ်။ ယဉ်ကျေးမှုအရ လွှမ်းမိုးနိုင်ခြင်းဟာ လူမှုရေးအားကောင်းချက်ကို နိုင်ငံရေးအားသာချက်အဖြစ် ပြန်လည် အသွင်ပြောင်းယူလို့ ရပါတယ်။ ချမ်းသာလာတဲ့ တရုတ်အစိုးရဟာ ပြည်ပရောက်တရုတ်တွေကို လွှမ်းမိုးဖို့၊ တရုတ်အမျိုးသားရေးဝါဒကို ချဲ့ထွင်ဖို့နဲ့ တရုတ်နဲ့ကမ္ဘာကြီးအကြား ဆက်ဆံရေးကောင်းမွန်ဖို့၊ တရုတ် နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ဖို့၊ ကမ္ဘာအနှံ့တရုတ်တွေ အမိမြေကို မမေ့ဖို့၊ ကမ္ဘာကြီးကို ယဉ်ကျေးမှုအရ ထိုးဖောက်ဖို့ ရည်ရွယ်ချက်တွေနဲ့ လုပ်ဆောင်လာတာ တွေ့ရပါတယ်။

ဒီလို လုပ်ဆောင်ချက်တွေဟာ တရုတ်အစိုးရမှ မဟုတ်ပါဘူး၊ ခေတ်မီပြီး ချမ်းသာကြွယ်ဝလာတဲ့ တိုင်းပြည်နိုင်ငံတိုင်းဟာ ကမ္ဘာကို ရုပ်ရှင် အနုပညာဂီတတွေနဲ့ လွှမ်းမိုးဖို့ ကြိုးစားကြတာ ထုံးစံပါပဲ။

အနီးစပ်ဆုံး ပြောရရင် ကျွန်တော်တို့ ငယ်စဉ်ကလေးဘဝက မြန်မာပြည်တွင်းမှာ တရုတ်ရုပ်ရှင်ဇာတ်ကားတွေ လွှမ်းမိုးပါတယ်။ ဂူးကျို၊ ကျန်းကျင်းပေါင်၊ ပေါင်ချိန်၊ ကျန်ကျောင်း၊ ဝမ်ဖေးဟုမ်၊ စွန်းဂူခုံး၊ ပါကျဲ၊ဘရုစ်လီ၊ ဂျက်လီ၊ ဂျက်ကီချန်း၊ ဂျက်မ၊ ချောင်ယင်ဖတ် စတဲ့ ဇာတ်ကောင်တွေ၊ မင်းသား၊ မင်းသမီးတွေကို ကြားဖူးကြမယ် ထင်ပါတယ်။

ဝမ်ဖေးဟုမ် ဇာတ်ကောင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေနဲ့ ဘရုစ်လီရဲ့ ရုပ်ရှင်ဇာတ်ကားတော်တော်များများဟာ တရုတ်အမျိုးသားရေးဝါဒကို လှုံ့ဆော်သွတ်သွင်းပေးတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဖြစ်တာတွေ့ရပါတယ်။ ပေါင်ချိန်နဲ့ ကျန်ကျောင်းဇာတ်ကောင်ထားတဲ့ ပြည်သူ့တရားရှင် ရုပ်ရှင်နဲ့ စွန်းဂူခုံးကို ဇာတ်ကောင်ထားပြီး ရိုက်ကူးထား တဲ့ ရုပ်ရှင်ဇာတ်လမ်းရှည်တွေဟာ တရုတ်ရဲ့ဝါဒဖြန့်ချိရေးအတွက် ရည်ရွယ်ပြီး ရိုက်ကူးထားတဲ့ ဇာတ်ကားတွေဖြစ်တာတွေ့ရမှာဖြစ်ပါတယ်။ ထိုနည်းလည်းကောင်းပဲ သည့်နောက်ပိုင်းမှာ တရုတ်ဟာ ရုပ်ရှင်ဇာတ်လမ်းတွေကို အကြောင်းပြုပြီး တိုင်းပြည်အတွင်းက တရုတ်တွေနဲ့ ကမ္ဘာပျံ့ တရုတ်တွေမှာ အမျိုးသားရေးစိတ်တွေ ခိုင်မာဖို့၊ ပေါက်ဖွားဖို့၊ တရုတ်ပြည်ကြီးအတွက် ဂုဏ်ယူဖို့ ရည်ရွယ်ပြီး ရိုက်ကူးထားတာတွေကို သိသိသာသာရော မသိမသာရော ထည့်သွင်းရိုက်ကူးလာတာကို တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်က မြန်မာပြည်စစ်အစိုးရဟာ တရုတ်နိုင်ငံရဲ့ မိုဒယ်တွေကို ယူပြီး ပေါ်လစီတွေကို အကောင် အထည်ဖော်တာတွေ့ရပါတယ်။ ၈၈ အရေးအခင်းအပြီး တရုတ်နဲ့ ဆက်ဆံရေး ပူးကပ်တဲ့အနေအထားမှာ တရုတ်ရုပ်ရှင်တွေနဲ့ မြန်မာပြည်သူတွေကို ဝါဒဖြန့် လွှမ်းမိုးအောင် လုပ်တာကိုလည်း သတိထားမိမယ်ထင်ပါတယ်။ ဒီနောက်ပိုင်း လူကြည့်အတော်များတဲ့ ယစ်မန် (IP–Man) နာမည်နဲ့ စီးရီး (၃) ပိုင်းထွက်လာတဲ့ ရုပ်ရှင်ကိုလည်း မြန်မာတော်တော်များများကြည့်ဖူးမယ် ထင်ပါတယ်။ ဒီဇာတ်ကားဟာ မင်းသား ဘရုစ်လီရဲ့ သိုင်းဆရာတစ်ယောက်ရဲ့ ဘဝဇာတ်ကြောင်းကို အခြေခံပြီး တရုတ်အမျိုးသားရေးဝါဒကို လှုံ့ဆော်အားပေးထားတဲ့ ရုပ်ရှင်ဖြစ်ကြောင်းတွေ့ရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ရုပ်ရှင်ဇာတ်လမ်း ဂီတအနုပညာတွေရဲ့ စွမ်းအားကို လျော့တွက်လို့မရဘူး။ ခေတ်မီပြီး ချမ်းသာလာတဲ့ တရုတ်ပြည်ဟာ ဂလိုဘယ်အမြင်ရှိလာပြီ။ စစ်ရေးအရချဲ့ထွင်တာ မလုပ်သေးပေမယ့်၊ ယဉ်ကျေးမှုအရ ချဲ့ထွင်မှုတွေကို မူဝါဒတစ်ရပ်အနေနဲ့ အထူးသီးသန့်ထားပြီး ဖော်ဆောင်လာတာတွေ့ရတယ်။ လူမှုရေးနည်းအားဖြင့် လွှမ်းမိုးမှုကို တစ်ကမ္ဘာလုံးမှာ အကောင်အထည်ဖော်ဖို့ လုပ်ဆောင်လာတာ အချိန်ကြာညောင်းပြီ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း စီးပွားရေးအရ ကုန်သွယ်ရေးလမ်းကြောင်းတွေကို ဖွင့်ပြီး ကမ္ဘာ့နိုင်ငံတွေနဲ့ တန်ဖိုးကွင်းဆက်ကြီး တစ်ခုဖန်တီးပြီး ခေုဥစ္စာကို ချဲ့ထွင်တာတွေလုပ်လာပါတယ်။ ပြည်ပရောက် တရုတ်အမျိုးသားတွေဟာ ပြည်မကြီးမှာရှိတဲ့ နိုင်ငံတွင်းက ပေါ်လစီတွေရဲ့ အားသာချက်ကို အသုံးချပြီး ပြည်ပနိုင်ငံတွေမှာ စီးပွားရေးအရ အသာစီးရအောင် လုပ်ဆောင်တာတွေလည်း တွေ့ရပါတယ်။ ဒါကို နောက်များကျမှ အသေးစိတ် ထပ်ရေးပါဦးမယ်။

## စည်းရုံးရေးဗျူဟာ

တရုတ်ကွန်မြူနစ်အစိုးရဟာ ပြည်တွင်းက တရုတ်တွေရဲ့ထောက်ခံမှုကိုသာ လိုချင်တာ မဟုတ်ပါဘူး။ ပြည်ပရောက် တရုတ်တွေအားလုံးရဲ့ ထောက်ခံမှုကို လိုလားပါတယ်။ အထူးသဖြင့် ပြည်ပရောက်တရုတ်တွေနဲ့ တရုတ်နိုင်ငံသားမဟုတ်တဲ့ တရုတ်လူမျိုးတွေရဲ့ ထောက်ခံမှုကို လိုလားပါတယ်။ ဒါ့ကြောင့်လည်း ပင်လယ်ရပ်ခြား တရုတ်အမျိုးသားတွေနဲ့ ပတ်သက်ပြီး အထူးသီးသန့် ပေါ်လစီကို ချထားပါတယ်။ ချထားတဲ့အတိုင်းလည်း လက်တွေ့အကောင်အထည်ဖော်ပါတယ်။ ဒါကို ထပ်ပြီးလေ့လာသင့်ပါတယ်။ တရုတ်ပြည်ဟာ ထိုင်ဝမ်နဲ့တိဗက်ကိစ္စမှာ နိုင်ငံတကာထောက်ခံမှု များများရဖို့ လိုပါတယ်။ ဒီအတွက် ပြည်ပ ရောက်တရုတ်တွေရဲ့ နိုင်ငံရေးအမြင်သဘောထားဟာ တရုတ်ကွန်မြူနစ်အစိုးရအတွက် အရေးကြီးတယ်။ တိဗက်ကိစ္စကတော့ အရေးပေါ်အခြေအနေ ဖြစ်လာနိုင်ချေနည်းတယ်။ သို့ပေမယ့် ထိုင်ဝမ် ကိစ္စနဲ့ပတ်သက်ပြီးတော့ တရုတ်အစိုးရမှာ စိန်ခေါ်ချက် ရှိတယ်။ တရုတ်ရဲ့ လွတ်မြောက်နယ်မြေလိုဖြစ်နေတဲ့ ဟောင်ကောင်ကိစ္စကိုလည်း

ထည့်စဉ်းစားပါတယ်။ ဒါ့ကြောင့် တရုတ်အစိုးရဟာ အဝေးရောက်တရုတ်တွေက သူ့ကို ထောက်ခံအားပေးနေဖို့ စည်းရုံးရေးတွေ လုပ်ပါတယ်။

တရုတ်ပြည်ကြီး တိုးတက်ခေတ်မီရေး၊ တရုတ်ပြည်ကြီး တိုးတက်ပြောင်းလဲရေး၊ တရုတ်ပြည်ကြီး ဂုဏ်သိက္ခာရှိ ရေးဟာ အဝေးရောက်တရုတ်တွေနဲ့လည်း ဆိုင်တယ်ဆိုတဲ့အသိကို သွတ်သွင်းဖို့ ကြိုးစားပါတယ်။ ပြည်ပမှာရှိနေပေမယ့် အမိမြေတရုတ်နိုင်ငံက အစိုးရကို သစ္စာခံစေဖို့ တိုက်တွန်းလှုံ့ဆော်တာတွေ လုပ်ပါတယ်။ တဖက်မှာလည်း ထိုင်ဝမ်နဲ့ ပြန်လည်ပေါင်းစည်းရေးကို လိုလားစေဖို့ ရည်ရွယ်ချက်ထားတာ တွေ့ရပါတယ်။ အမိမြေကို အလုပ်အကျွေးပြုဖို့ တိုက်တွန်းတာတွေလည်း လုပ်ပါတယ်။ တရုတ်အစိုးရက ပုံဖော်ထားတဲ့ တရုတ် အိပ်မက် (China's Dream) ကို ပူးပေါင်းလက်တွဲဖော်ဆောင်ဖို့လည်း လှုံ့ဆော်တယ်။ တရုတ်အိပ်မက်ကို အကောင်အထည်ဖော်ဖို့ အကြောင်းအချက် (၄) ခုကို ဆုံချက်ထားတယ်။

- ❖ တရုတ်မျိုးချစ်စိတ် (တရုတ်အမျိုးသားရေးဝါဒ) (Chinese Nationalism)
- ❖ ဓနဥစ္စာကြွယ်ဝချမ်းသာ စီးပွားရေး (Economic Power)
- ❖ အသိပညာ (Intellectural Capital) နဲ့
- ❖ ကွန်ယက် ချိတ်ဆက် ဖြန့်ကျက်ရေး (Global Networking) တို့ပဲဖြစ်ပါတယ်။

ပြည်ပရောက်တရုတ်တွေဟာ တစ်ဦးချင်းစီအနေနဲ့ တရုတ်ယဉ်ကျေးမှုကို ထိန်းသိမ်းထားဖို့၊ တရုတ်ရဲ့အစဉ်အလာအမှတ်လက္ခဏာတွေကို ဂုဏ်ယူဆုပ်ကိုင်ထားဖို့ ရှီကျင့်ဖျင်ဟာ သူ့မိန့်ခွန်းမှာ တိုက်တွန်းထားတာ တွေ့ရတယ်။ ပြည်တွင်းမှာ ဘုံယဉ်ကျေးမှုကို တည်ဆောက်ထားဖို့အပြင်၊ ပြည်ပရောက်တရုတ်အမျိုးသားတွေ ကြားမှာလည်း တရုတ်တွေရဲ့ ဘုံယဉ်ကျေးမှု၊ ဘုံအမှတ် သရုပ်လက္ခဏာနဲ့ ဘုံတန်ဖိုးတို့ကို ထိန်းသိမ်းတည်ဆောက်ဖို့ ဆော်ဩတာတွေ့ရတယ်။ ယဉ်ကျေးမှု ဓလေ့စရိုက်တွေကို ခိုင်မာအောင်မောင်းနှင်ဖို့အတွက် တရုတ်ဒဏ္ဍာရီတွေ၊ ပုံပြင်တွေ၊ သမိုင်းဇာတ်ကြောင်းတွေကို များများပြောဆို ဖြန့်ချိကြဖို့ တိုက်တွန်းတယ်။ အမိနိုင်ငံက တရုတ်တွေနဲ့ ပြည်ပရောက်တရုတ်တွေအကြား အပြန်အလှန် နားလည်မှုရှိရေးဟာ အရေး

ကြီးတယ်လို့ ခံယူတယ်။ တရုတ်တွေကို ချမ်းသာပျော်ရွှင်ရေးနဲ့ မက်လုံးပေး ဆွဲဆောင်တာတွေ့ရတယ်။ ပြည်ပရောက်တရုတ်တွေမှာ တစ်စုံတရာ စွမ်းအားတွေ၊ အားသာချက်တွေ၊ ခွန်အားတွေ ရှိနေတယ်ဆိုတာကို လက်ရှိခေါင်းဆောင် ရှီကျင့်ဖျင်က နားလည်တယ်။ ဒါ့ကြောင့် အမိတရုတ်နိုင်ငံနဲ့ ပြည်ပရောက်တရုတ်တွေဟာ အပြန်အလှန်းပေါင်းဖို့၊ အပြန်အလှန် ကူးလူးဖလှယ်ကြဖို့၊ ပေါင်းကူးရေးတံတားတွေထိုးဖို့ ရည်ရွယ်ပြီး လုပ်ဆောင်နေတာ တွေ့ရတယ်။

## မြန်မာပြည်ရောက် တရုတ်များ

မြန်မာပြည်ရောက် တရုတ်တွေရဲ့သမိုင်းဇာတ်ကြောင်းကို ပြန်ကြည့်ဖို့ လိုပါတယ်။ မြန်မာပြည်တွင်းမှာ တရုတ်တွေ အလုံးအရင်းနဲ့ ဝင်လာတဲ့ ကာလ(၂)ခုရှိခဲ့ပါတယ်။ အဲဒါကတော့ အင်္ဂလိပ်ခေတ်(ကိုလိုနီစနစ်) အတွင်းမှာတစ်ခါဖြစ်ပါတယ်။ နောက်တစ်ခုကတော့ နဝတ၊ နအဖခေတ်လို့ သမုတ်ထားတဲ့ တရုတ်နဲ့ပူးကပ်တဲ့ ဆက်ဆံရေးရှိခဲ့တဲ့ စစ်အစိုးရလက်ထက်မှာ ဖြစ်ပါတယ်။ လက်ရှိ အသွင်ကူးပြောင်းရေးကာလမှာလည်း တရားမဝင် ဆက်လက်ဝင်ရောက်နေတဲ့ တရုတ်လူဦးရေစာရင်းကို အတိအကျ တွက်ချက်နိုင်ဖို့တော့ ခက်ပါတယ်။

ကိုလိုနီခေတ် လက်ကျန် မြန်မာပြည်ဖွား တရုတ်တွေနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအဝေးမှာ ကြီးမားတဲ့ ပဋိပက္ခဖြစ်ခဲ့တာကို များများစားစား မတွေ့ရပါဘူး။ သို့ပေမယ့် စစ်အစိုးရခေတ်မှာ ဆင်းရဲချမ်းသာမှုကွာဟလာတဲ့ အပေါ်မှာ တရုတ်မုန်းတီးရေး အမြင်တွေ ပိုများလာတွေ့ရပါတယ်။

## တရုတ်ရဲ့ပြီဇစရိုက်

တရုတ်တွေဟာ ဗီဇအားဖြင့် ကုန်သွယ် စီးပွားရေးလုပ်ကိုင်တဲ့နေရာတွေမှာ အရာရောက်ကြတယ်။ အစားအသောက်ရောင်းချရေး၊ စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်းတွေမှာ တွင်ကျယ်ကြတယ်။ ကုန်စည်တွေ ဖလှယ်တာ၊ ကူးလူးတာမှာလည်း ကျွမ်းကျင်ကြတယ်။ ကြားပွဲစားလုပ်ပြီး အရောင်းအဝယ်တွေ ဖြစ်အောင် ကူညီတဲ့နေရာမှာလည်း ဇ,ရှိကြတယ်။ အာဏာရအစိုးရနဲ့

ပေါင်းပြီး ပါမစ်တွေရပြီး လုပ်ငန်းတွေဖြစ်ဖို့လည်း ကြိုးစားကြတယ်။ ရှေးယခင်က မြန်မာပြည်ဖွားတရုတ်ကြီးတွေဟာ မြန်မာ့လူ့အဖွဲ့အစည်းနဲ့ သဟဇာတ ဖြစ်အောင် နေထိုင်ကြတယ်။ မြန်မာပြည်ကိုလည်း ကောင်းကျိုးပြုခဲ့တာတွေ ရှိတယ်။

မန္တလေးက ဦးကာက ဆိုတဲ့ တရုတ်ကြီးဟာ အလှူအတန်း အင်မတန်ရက်ရောတဲ့ တရုတ်ကြီးဖြစ်ကြောင်း လူသိများတယ်။ ဦးကာက လက်ဖက်ခြောက်ဆိုပြီး လူသိများတယ်။ မြန်မာပြည်ရဲ့ ပညာရပ်ဆိုင်ရာမှာ အတော်အားကိုးအားထားပြုရတဲ့ ပါဠိ- မြန်မာ - အင်္ဂလိပ် အဘိဓာန်ကို ပြုစုခဲ့တဲ့ ဦးဟုတ်စိန်ဟာ တရုတ်စစ်စစ်ဖြစ်ပါတယ်။ မြန်မာပြည်တွင်းက ဗုဒ္ဓသာသနာကို ချီးမြှောက်ခဲ့တဲ့ တရုတ်ကုန်သည် သူဌေးကြီးတွေ အများကြီးရှိခဲ့ပါတယ်။ မြန်မာပြည်ရဲ့ တက္ကသိုလ်ပညာရေးမှာ အထင်ကရရှိခဲ့တဲ့ တရုတ်လူမျိုးကထိက၊ ပါမောက္ခတွေလည်း အမြောက်အမြားရှိခဲ့ပါတယ်။ စာပေမှာလည်း အကျိုးပြုခဲ့တဲ့၊ အကျိုးပြုနေတဲ့ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားတွေလည်း အများအပြား ရှိပါတယ်။

သို့ပေမယ့် ရှေးယခင်က ဘယ်လိုပဲ တရုတ်လူမျိုးနဲ့ မြန်မာ့လူ့အသိုင်းအဝိုင်းကြားမှာ ပေါင်းစည်းဖြစ်တည်နိုင်ခဲ့သည် ဖြစ်စေ ယခု လက်ရှိမှာ စိန်ခေါ်မှုတွေ ဖြစ်လာတာ ရှိပါတယ်။ စစ်အစိုးရလက်ထက်မှာ အာဏာရစစ်ဗိုလ်ချုပ်တွေနဲ့ ပေါင်းပြီး စီးပွားရေးကို ချဲ့ထွင်ခဲ့တဲ့ တရုတ်တွေနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအကြားမှာ ပြဿနာတွေ ရှိလာနေပါတယ်။ မြန်မာပြည်ရောက်တရုတ်တွေမှာ ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စားသောက် ကြတဲ့တရုတ်တွေ ရှိသလို၊ တရားမဝင်လုပ်ငန်းတွေနဲ့ ချမ်းသာကြွယ်ဝနေတဲ့တရုတ်တွေလည်း အများကြီး ရှိပါတယ်။ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားတွေဟာ ပြည်မက တရုတ်တွေနဲ့ ချိတ်ဆက်ပြီး စီးပွားရေး လုပ်ငန်းတွေလုပ်ကိုင်ကြပါတယ်။ တဖက်မှာလည်း ခိုးဝင်တရုတ်တွေ ရှိတယ်။ တရားမဝင် လာရောက်နေထိုင်တဲ့ တရုတ်တွေ အများကြီး ရှိပါတယ်။ တရားမဝင်စိမ့်ဝင်ပျံ့နှံ့လာတဲ့ တရုတ်တွေဟာ အကြောင်း (၅) ချက်နဲ့ ဆက်စပ်ပြီးမြန်မာပြည်ကို ရောက်လာပါတယ်။

၁။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့်
၂။ တရုတ်နဲ့ ထိစပ်နယ်မြေ ဝ, ကိုးကန့် ဒေသများမှတစ်ဆင့်
၃။ တရုတ်စီမံကိန်းများမှ တစ်ဆင့်
၄။ ဒေသခံ မြန်မာပြည်ဖွား တရုတ်လူမျိုးများရဲ့ ခေါင်ငင်နေရာပေးမှုမှ တစ်ဆင့်
၅။ အစိုးရဌာနဆိုင်ရာ အရာရှိများကို လာဘ်ထိုးခြင်းမှတစ်ဆင့်

## နယ်စပ်ကုန်သွယ်ရေးစခန်း

စစ်အစိုးရလက်ထက်မှာ နိုင်ငံတကာက စီးပွားရေး ပိတ်ဆို့မှုတွေ လုပ်လိုက်ပါတယ်။ ၈၈ အရေးအခင်းနဲ့ တီယံမင် အရေးအခင်းက ရှေ့ဆင့် နောက်ဆင့် ဖြစ်လာပါတယ်။ နိုင်ငံတကာ အသိုက်အဝန်းက တရုတ်နဲ့ မြန်မာကို ဖိအားပေးလာတဲ့အခါမှာ တရုတ်နဲ့မြန်မာဟာ အစ်ကိုကြီး ညီလေး ဆက်ဆံရေးဖြစ်လာပါတယ်။ စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်ကြီးသန်းရွှေ ဟာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဆိုတာကို တွင်တွင်ကျယ်ကျယ် အသုံးပြု ခဲ့ပါတယ်။ တိန့်ရှောင်ဖိန်ရဲ့စီးပွားရေး ပြုပြင်ပြောင်းလဲရေး နည်းနာတစ်ခုဖြစ်တဲ့ နယ်စပ်အထူးစီးပွားရေး ဇုန်တွေနဲ့ ကုန်သွယ်ရေးစခန်းတွေ တည်ဆောက်ခြင်း ဟာ မြန်မာစစ်အစိုးရအတွက် အတုယူစရာ စံနမူနာဖြစ်လာတယ်။ ဒါ့ကြောင့် မြန်မာပြည်နဲ့ တရုတ်နယ်စပ်မှာ ကုန်သွယ်ရေးစခန်းတွေ ဖွင့်တယ်။

ရှမ်းပြည်နယ် မူဆယ်က နယ်စပ်ကုန်သွယ်ရေးစခန်းဟာ မြန်မာပြည် နဲ့ တရုတ်အကြား ကူးလူးဆက်ဆံမှု အများဆုံးဖြစ်ပါတယ်။ ကျိုင်းတုံ - တာချီလိတ် နယ်ထဲက ရွှေတြိဂံဒေသဟာလည်း တရုတ်နဲ့ ကူးလူးဆက်ဆံမှု ရှိတဲ့ဒေသ ဖြစ်ပါတယ်။ သိပ်မကြာခင် အကောင်အထည်ဖော်တော့မယ့် မြစ်ကြီးနား စီးပွားရေးဇုန်ဟာလည်း ကန်ပိုင်တီ လမ်းကြောင်းကနေ တစ်ဆင့် တိန်ချုံးမြို့ကို ဆက်စပ်ပြီး တရုတ်ဝင်ပေါက်ကို ချဲ့ထွင်မယ့်လမ်းကြောင်း ဖြစ်လာပါလိမ့်မယ်။

## ဝ၊ ကိုးကန့် ဒေသ

ဝ၊ ကိုးကန့်ဒေသဟာ မြန်မာပြည်တွင်းက တရုတ်ပြည်ငယ်လေး ဖြစ်ပါတယ်။ သံလွင်မြစ်တဖက်ကမ်းက ပထဝီအားသာချက်ကို ခြေကုတ်

ယူပြီး တည်ဆောက်ထားတဲ့ တရုတ်ကွန်မြူနတီဖြစ်ပါတယ်။ ဝ ၊ ကိုးကန့် ဒေသနဲ့ပတ်သက်ပြီး တရုတ်ပြည်ရဲ့ လက်တံဖြစ်လာရခြင်းအကြောင်း (၂) ချက်ရှိပါတယ်။ အဲဒါကတော့ လွတ်လပ်ပြီး ခေတ်နောက်ပိုင်း တရုတ်ဖြူ ကျူးကျော်ဝင်ရောက်လာမှုရဲ့ အကျိုးဆက်နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ခြေကုတ်ယူရာ ဒေသဖြစ်တဲ့ ပန်ဆန်းအခြေစိုက် ကွန်မြူနစ်လက်နက်ကိုင် ဒေသဖြစ်ခဲ့ခြင်းဆိုတဲ့ အကျိုးဆက်နှစ်ခု ဖြစ်ပါတယ်။

မော်စီတုန်းတို့ရဲ့ ကွန်မြူနီတပ်နီတော်ရဲ့ ခုခံမှုကိုမခံနိုင်ဘဲ ထွက်ပြေး ကျံ့ထွက်လာတဲ့ တရုတ်ဖြူတပ်တွေဟာ မြန်မာပြည်တွင်းကို ဝင်လာပါတယ်။ ဗိုလ်ချုပ်ကျော်ဇော ဦးဆောင်တဲ့ ဗမာတပ်တွေဟာ တရုတ်ဖြူတွေကို တိုက် ထုတ်နိုင်ခဲ့ပေမယ့် တရုတ်ဖြူလက်ကျန်တွေကိုတော့ ပြီးစီးအောင် ရှင်းထုတ် နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒီအကျိုးဆက်ဟာ ကိုးကန့်ဒေသမှာ တရုတ်တွေ ခြေကုတ်ယူ စွဲမြဲနိုင်ခြင်းရဲ့ ရလဒ်ကို ထွက်စေပါတယ်။ တဖက်မှာလည်း ဗမာအစိုးရကို ပုန်ကန်တော်လှန်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဝဒေသကို ခြေကုတ်ယူပြီး လက်နက်ကိုင် ပုန်ကန်မှု လုပ်ပါတယ်။ နှစ်ပေါင်းရှည်ကြာစွာ တရုတ်ကွန်မြူနစ်အစိုးရ အထောက်အပံ့ကိုလည်း ယူခဲ့ပါတယ်။ ဗကပ အတွင်းမှာ ထိပ်ပိုင်းနိုင်ငံရေးမှူးတွေဟာ ဗမာကွန်မြူနစ်တွေဖြစ်ပြီး အောက်ခြေတပ်သားတွေဟာ ဗမာစကားကို ကောင်းကောင်းနားမလည်တဲ့ ဝလူမျိုးဒေသခံတွေဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှာ တပ်တွင်းပုန်ကန်မှု ဖြစ်ပြီး ဗမာကွန်မြူနစ်ခေါင်းဆောင်တွေကို ဒေသခံ ဝ လူမျိုး ဗကပ တပ်သားတွေက တော်လှန်လိုက်ပါတယ်။ ဒီလိုနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ နိဂုံးချုပ်သွားပြီး ဒေသခံ ဝလူမျိုးတွေ ဦးဆောင်တဲ့ တပ်ပေါ်လာပါတယ်။ သည့်နောက်ပိုင်း ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရရှိထားတဲ့အပြင်၊ တရုတ်ဘာသာစကားကို သုံးတယ်၊ တရုတ်နဲ့ အဓိကကုန်သွယ်ဖလှယ်မှုလုပ်တယ်၊ ဝကိုယ်ပိုင် တပ်မ တော် ရှိတယ်၊ တရုတ်ငွေကြေး (ယွမ်) ကို သုံးတယ်။ ဘိန်းကုန်ကူးတယ်။ ဘိန်းစိုက်တယ်။ ဘိန်းကို ထုတ်လုပ်စိုက်ပျိုးတယ်။ တရုတ်ကို မှီခိုပြီး တည်ရှိနေတဲ့ ဝနဲ့ ကိုးကန့်ဒေသဟာ မြန်မာပြည်တွင်းကို တရုတ်တွေ ဝင်ရောက်လာတဲ့ လမ်းကြောင်းတစ်ရပ်လည်းဖြစ်နေပါတယ်။ တစ်ဖက်မှာ လည်း နယ်ခြားစောင့်တပ် ကောင်းကောင်းမွန်မွန် မရှိတဲ့ မြန်မာအတွက်

တရုတ်လူဦးရေ ပျံ့နှံ့ဝင်ရောက်လာမှုက လွှယ်ကူတဲ့အခြေအနေကို ပေးပါတယ်။

### တရုတ်စီမံကိန်းများ

တရုတ်စီမံကိန်းတွေမှာလည်း ထိုနည်းလည်းကောင်းဖြစ်ပါတယ်။ ယခင်က တရုတ်ယန္တရားတွေနဲ့ တရုတ် အင်ဂျင်နီယာတွေ၊ တရုတ်ငွေကြေး အရင်းအနှီးတွေသာ ဝင်လာတယ်ဆိုပေမယ့်၊ ယခုလက်ရှိမှာ တရုတ် အောက်ခြေအလုပ်သမားကပါ ဝင်လာနေတဲ့အနေအထားဖြစ်ပါတယ်။ ဒါက လည်း မြန်မာအစိုးရရဲ့ မူဝါဒ အားနည်းချက်ဟာ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ နောက်အကြောင်းတစ်ရပ်ကတော့ အစိုးရဌာနဆိုင်ရာတွေရဲ့ ခြစားမှု၊ လာဘ်စားမှုကြောင့်ဖြစ်ပါတယ်။ နောက်ထပ်တစ်ခုကတော့ မြန်မာအလုပ်သမားရဲ့ ညံ့ဖျင်းမှုကြောင့် ဖြစ်ပါတယ်။ ဒီနည်းနဲ့ မြန်မာပြည်တွင်းမှာ တရုတ်တရားမဝင် လုပ်သားတွေ တိုးပွားလာနေပါတယ်။

### တရုတ်စီးပွားရေးလုပ်ငန်းများ

မြန်မာပြည်တွင်းမှာ တရုတ်က စီးပွားရေးလုပ်ငန်းကို အစုံလုပ်ပါတယ်။ အစိုးရနဲ့ပေါင်းပြီး တရုတ်စီမံကိန်းတွေကို လုပ်တယ်။ ပါမစ်ယူပြီး ကျောက်မျက်တူးဖော်ရေး၊ သစ်ထုတ်လုပ်ရေး၊ ကျောက်မိုင်းကွင်းလုပ်ငန်းတွေကို လုပ်တယ်။ ကျောက်စိမ်းတူးတယ်။ ရွှေတူးတယ်။ ပတ္တမြားနီလာ တူးသလို၊ ပယင်းမော်တွေကအစ တရုတ်က ပိုင်ပါတယ်။ မြေစာရင်းဌာနကို လာဘ်ထိုးပြီး မြန်မာပြည်က ရှမ်းတရုတ်တစ်ယောက်ကို နာမည်ခံပြီး မြေကို ဝယ်တယ်။ အစိုးရနဲ့ပေါင်းပြီး မြေသိမ်း၊ ယာသိမ်းတာတွေ လုပ်တယ်။ တစ်ဖက်မှာလည်း စက်ရုံတွေ ထောင်ပြီး ကုန်ထုတ်လုပ်ရေး လုပ်ငန်းတွေ လုပ်တယ်။ စားသောက်ကုန်တွေ ထုတ်သလို၊ ကလေးတွေအတွက် သွားရည်စာကိုလည်း ထုတ်တယ်။ အထည်အလိပ်စက်ရုံတွေ ရှိသလို ၊ အထည်ချုပ်စက်ရုံတွေလည်း လုပ်တယ်။ စားသောက်ဆိုင်တွေလည်း ထောင်တယ်။ စတိုးဆိုင်တွေလည်း ရှိတယ်။ ပရိဘောဂလုပ်ငန်းတွေမှာလည်း တရုတ်တွေ ပိုင်သလို၊ ပို့ကုန်လုပ်ငန်းတွေမှာလည်း တရုတ်တွေ အများအပြား ရှိပါတယ်။

စိုက်ပျိုးရေး လုပ်ငန်းတွေဖြစ်တဲ့ ဖရဲသီး စိုက်တယ်၊ သခွားမွေးစိုက်တယ်။ ကချင်ပြည်နယ် မြစ်ကြီးနားဘက်မှာ တစ်ရှူးငှက်ပျောတွေ စိုက်တယ်။ တရုတ်က နွားကိုလည်း အသားအဖြစ် ဝယ်သလို၊ နယ်စပ်မှာလည်း တစ်ရက်အကောင်တစ်သောင်းကျ နွားသတ်စက်ရုံထောင်ဖို့ လုပ်နေပါတယ်။ စိုက်ပျိုးရေးအတွက် စက်မှုပစ္စည်းတွေကိုလည်း သွင်းတယ်။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေကိုလည်း သွင်းတယ်။ တရုတ်ပိုင် ဘိလပ်မြေစက်ရုံတွေလည်း ရှိတယ်။ စက်မှု အပိုပစ္စည်းတွေလည်း သွင်းတယ်။ မြန်မာပြည်က လူကို ကျွန်အဖြစ် ခိုင်းသလို၊ အငှားမယားအဖြစ်လည်း တရုတ်က ဝယ်ပါတယ်။ မြန်မာလူမျိုးဟာ တရုတ်ဆီမှာ လင်ကောင်မပေါ်တဲ့ ကျွန်ဖြစ်နေပါတယ်။ ယုတ်စွအဆုံး မြန်မာတွေရဲ့ အလေးအမြတ်ပြုတဲ့ ရွှေတိဂုံဘုရားကို ရွှေကပ်ဖို့ ရွှေဆိုင်းတွေ ထုတ်လုပ်ရေးကို ကန်ထရိုက်ရထားတာ တရုတ်ပိုင်ဖြစ်ပါသတဲ့။ ဒါဟာ မြန်မာတွေအတွက် ဒေါသဖြစ်စရာလည်းဖြစ်သလို၊ ဝမ်းနည်းစရာလည်းဖြစ်ပါတယ်။ ယူကြုံးရဖွယ်ရာကိစ္စလည်းဖြစ်ပါတယ်။

မြန်မာဟာ လူပဲ ထုတ်နိုင်ပါတယ်။ တခြား ဘာမှ ကောင်းကောင်းကန်းကန်း ထုတ်နိုင်တာ မရှိပါဘူး။ တရုတ်က မော်တော်ကားအစ သွားကြားထိုးတံအဆုံး တရုတ်က ထုတ်ပါတယ်။ မြန်မာပြည်တွင်းမှာ တရုတ်ပစ္စည်းက ရာနှုန်းပြည့်နီးပါး ရှိနေပါတယ်။ မြန်မာကုမ္ပဏီတွေမှာလည်း တရုတ်ပိုင် ကုမ္ပဏီတွေသာ များပါတယ်။ တရုတ်က မြန်မာ့စီးပွားရေးကဏ္ဍမှာ အကြီးစား၊ အလတ်စား၊ အသေးစားပါ မကျန် ဝင်ရောက်နေရာယူထားပါတယ်။ မြန်မာရိုးရာ လုပ်ငန်းတွေမှာတောင် တရုတ်တွေက ဝင်ရောက်လုပ်ကိုင်ပါတယ်။

မြန်မာပြည်ဖွား တရုတ်လူမျိုးတွေဟာ ဗမာဓာတ်ခံရှိကြလို့ မြန်မာ့လူ့အဖွဲ့အစည်းနဲ့ သဟဇာတ ဖြစ်ပါတယ်။ ဒါပေမယ့် ခိုးဝင်ပဲဖြစ်ဖြစ်၊ တရားဝင်ပဲဖြစ်ဖြစ် ဝင်ရောက်လာတဲ့ တရုတ်ဟာ မြန်မာနဲ့ အသားမကျပါဘူး။ တဖက်မှာလည်း မြန်မာပြည်ဟာ တရားဥပဒေစိုးမိုးမှု မရှိလို့ ၊ တရုတ်ပြည်တွင်းမှာ လုပ်ခွင့်မရတဲ့ ဘိန်းလုပ်ငန်းကို လုပ်ဖို့ တရုတ်က မြန်မာကို ရွေးပါတယ်။ တဖက်မှာလည်း ဘိန်းကရတဲ့ ဝင်ငွေကို ငွေကြေးခဝါချဖို့

လုပ်ပါတယ်။ တရုတ်အတွက် ငွေမည်းကနေ ငွေဖြူဖြစ်ဖို့အတွက် မြန်မာပြန်မှာ လုပ်ငန်းပြဖို့ ကုမ္ပဏီထောင်တာတွေလည်း အများကြီး ရှိပါတယ်။

မေးခွန်းများ

မြန်မာအစိုးရဟာ လူဦးရေနိုင်ငံရေးကို ကောင်းကောင်းနားလည်သင့်တယ်။ တစ်ဖက်မှာလည်း နိုင်ငံရေး ဘောဂဗေဒရှုထောင့်ကနေကြည့်ပြီး တရုတ်လူမျိုးတွေဟာ မြန်မာပြည်ကို ဘယ်လို လွှမ်းမိုးချုပ်ကိုင်နေသလဲ ဆိုတာ နားလည်သင့်တယ်။ ဌာနေမြန်မာပြည်သား တရုတ်လူမျိုးတွေဟာ မြန်မာပြည်အတွက် အန္တရာယ် မဟုတ်ပေမယ့်၊ စိမ့်ဝင်လာတဲ့ မြန်မာပြည်ရောက်တရုတ်တွေဟာ အမိနိုင်ငံအစိုးရရဲ့အကျိုးစီးပွားကို ဘယ်လို ချဲ့ထွင်အကောင်အထည်ဖော်ပေးနေသလဲဆိုတာ နားလည်သင့်တယ်။ တစ်ဖက်မှာလည်း တရုတ်အစိုးရက ပြည်ပရောက်တရုတ်တွေကို ဘယ်လို မူဝါဒမျိုးနဲ့ ကိုင်တွယ် စီမံနေသလဲဆိုတာ နားလည်ထားသင့်တယ်။ နိုင်ငံရေးအရ တိုက်ရိုက်မကျပေမယ့် ယဉ်ကျေးမှုအရ လွှမ်းမိုးလာတဲ့ တရုတ်ယဉ်ကျေးမှုက သယ်ဆောင်လာတဲ့ တရုတ်အမျိုးသားရေးဝါဒကို ဘယ်လို တုံ့ပြန်မလဲ ဆိုတာလည်း အရေးကြီးနေပြန်ပါတယ်။ နိုင်ငံတကာဇာတ်ခုံမှာ တရုတ်ကို အမှီအခိုပြုမှုကနေ လွတ်မြောက်ဖို့၊ လုံခြုံရေးအရ စစ်ရေးအရ ဇက်ဖဲကိုင်ထားတဲ့ တရုတ်ကို မြန်မာက ပြန်လည် ကစားကွက် ထွင်နိုင်ဖို့ ဘယ်လို စဉ်းစားထားပါသလဲ။ ပထဝီနိုင်ငံရေးအရ ကိုင်လှုပ်နိုင်စွမ်းရှိတဲ့ လည်မြို ညစ်ကိုင်ထားနိုင်တဲ့ တရုတ်အတွက် မြန်မာရဲ့လည်မြို့ ဘာဖြစ်နိုင်ပါသလဲ။ မြန်မာပြည်တွင်းမှာ လှုပ်ရှားနေတဲ့ တရုတ်သံရုံးနောက်ခံ စည်းရုံးရေးလက်တံတွေကို ဘယ်လိုစီမံခွင့်ပေးထားမလဲ။ ဒါတွေဟာ မြန်မာ ပြည်အတွက် စဉ်းစားစရာတွေ ဖြစ်ပါတယ်။

လက်ရှိ မြန်မာပြည်အစိုးရမှာ လူဝင်မှုကြီးကြပ်ရေး၊ လူဝင်လူထွက် ကိစ္စနဲ့ပတ်သက်ပြီး ခိုင်မာပြီး မဟာဗျူဟာကျတဲ့ ပေါ်လစီကို မတွေ့ရသေးပါဘူး။ မြန်မာပြည်တွင်းက တရုတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတွေကို အကောင်းဆုံး တုံ့ပြန်စီမံခန့်ခွဲနိုင်မယ့် စွမ်းရည်မျိုး ရှိမထားသေးပါဘူး။ ငြိမ်းချမ်းရေးကိစ္စမှာ တရုတ်ကစားကွက်ထွင်မှုကနေ ကန့်သတ်နိုင်တဲ့လုပ်ရပ်မျိုး မတွေ့ရ

သေးပါဘူး။ မြန်မာပြည်တွင်းမှာ တရုတ်လူမျိုးတွေရဲ့ လူဦးရေအရ ချဲ့ထွင်ဝင်ရောက်မှုကို စီမံကွပ်ကဲနိုင်တဲ့ အုပ်ချုပ်မှုအနေအထားကို မတွေ့ရသေးပါဘူး။ မြန်မာပြည်ကို ဝင်ရောက်လာတဲ့ တရုတ်တွေအတွက် မြန်မာအစိုးရရဲ့ အရံသင့် ပြင်ဆင်ထုပ်ပိုးထားနိုင်မှု မူဝါဒ အစီအမံတွေဟာ ဘာဖြစ်နိုင်ပါသလဲ။ စဉ်းစားစရာဖြစ်ပါတယ်။

**ည ၉ း ၂၆**

**၂၀၊ အောက်တိုဘာ၊ ၂၀၁၉။**

**ရန်ကုန်မြို့။**

❖

# တရုတ်တွေ နီတုန်းလား

■

## တရုတ်နီ
## ကောက်ကြောင်း

မင်းသေ့

# တရုတ်တွေ နီတုန်းလား

တရုတ်တွေ နီတုန်းလားဆိုတာကို နားလည်မယ်ထင်ပါတယ်။ တရုတ်တွေဟာ ရဲရဲတောက်ကွန်မြူနစ်တွေ ဖြစ်နေတုန်းလားဆိုတာကို ပြောတာဖြစ်ပါတယ်။ တရုတ်တွေဟာ နီခဲ့တယ်။ ရဲခဲ့တယ်။ နီရမယ် ချွန်ရမယ်လို့တောင် ဆိုခဲ့ကြသေးတယ်မလား။ နောက်တော့ နည်းနည်း အသွင်ပြောင်းလာတယ်။ နီရင် အလိုလိုချွန်လာမယ်လို့တောင် ဆိုခဲ့ကြတယ်။ နောက်ဆုံးတော့ ချွန်စရာမလိုဘူး နီရင်ရပြီဆိုတဲ့ အဆင့်တောင် ရောက်ခဲ့မလားပဲ။

တရုတ်ကွန်မြူနစ်တွေဟာ တော်လှန်ရေးပေါင်းများစွာကို ဖြတ်သန်းခဲ့တယ်။ တရုတ်တွေက ကိုလိုနီနယ်ချဲ့ကိုလည်း တိုက်ခဲ့တယ်။ ဖက်ဆစ်ဂျပန်ကိုလည်း တိုက်ခဲ့တယ်။ အမေရိကန်အားပေးတဲ့ တရုတ်ဖြူကိုလည်း တိုက်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက်ပိုင်း တရုတ်ဖြူနဲ့ တရုတ်နီအကြား ပဋိပက္ခက ပိုကြီးခဲ့တယ်။ နောက်ဆုံး တရုတ်ဖြူ ကူမင်တန်တွေ ထိုင်ဝမ်ကျွန်းမှာ ကျောက်ချပြီး၊ အမေရိကန်အကာအကွယ်နဲ့မှ၊ သူတို့ရဲ့ လက်နက်ကိုင်ပဋိပက္ခက အဆုံးသတ်သွားတယ်။ ဒါပေမဲ့ နိုင်ငံရေးအရတိုက်ပွဲတွေက မပြီးဆုံးခဲ့ဘူး။ နိုင်ငံတကာ ဇာတ်ခုံပေါ်အထိ၊ တရုတ်ဖြူနဲ့ တရုတ်နီတွေအကြား ပဋိပက္ခက ဖြစ်နေတုန်း ရှိသေးတယ်။

တရုတ်တွေဟာ နိုင်ငံခြားအစိုးရတွေနဲ့ လက်နက်ကိုင်တော်လှန်ရေးကို လုပ်ခဲ့တယ်။ ပြည်တွင်းမှာလည်း တရုတ်အချင်းချင်း လက်နက်ကိုင်တော်လှန်ရေး လုပ်ခဲ့တယ်။ တရုတ်ပြည်ထူထောင်ပြီးနောက်ပိုင်း နောက်ထပ်တော်လှန်ရေးတွေ ထပ်လုပ်တယ်။ လူမှုတော်လှန်ရေးတွေလို့ ပြောလို့ရမယ်။

ခနေဥစ္စာတော်လှန်ရေးတွေလည်း လုပ်ခဲ့တယ်။ စီးပွားရေးစီမံကိန်းကြီးတွေ အကောင်အထည်ဖော်တယ်။ လယ်ယာ၊ စက်မှု၊ ကုန်ထုတ်လုပ်မှုစသည်ဖြင့်။

ယဉ်ကျေးမှု တော်လှန်ရေးကြီးကလည်း အထင်အရှားပါပဲ။ "ပန်းပေါင်း တစ်ရာပွင့်ပါစေ အတွေးအခေါ်ပေါင်း တစ်ရာ ပြိုင်ကြစေ" ဆိုတဲ့ လှုပ်ရှားမှုကလည်း အထင်ကရဖြစ်ခဲ့တယ်။ တရုတ်ပြည်တွင်းမှာ လူမှုတော်လှန်ရေးတွေ၊ ယဉ်ကျေးမှုတော်လှန်ရေးတွေကို လုပ်ခဲ့သလို၊ အိုင်ဒီယော်လိုဂျီ သန့်စင်ရေးတွေလည်း လုပ်ခဲ့တယ်။ ပါတီတွင်း အားပြိုင်မှုတွေကနေလာတဲ့ တော်လှန်ရေးတွေလို့ ဆိုနိုင်က ဆိုနိုင်တယ်။

ပါတီတွင်း အားပြိုင်မှုတွေက အစိုးရတွင်းကိုမှာလည်း သက်ရောက်မှုရှိတယ်။ စစ်တပ်အတွင်းမှာလည်း သက်ရောက်မှု ရှိခဲ့တယ်။ တရုတ်လူ့အဖွဲ့အစည်းအတွင်းမှာလည်း သက်ရောက်မှုရှိခဲ့တယ်။ တရုတ်ပြည်ရဲ့ တော်လှန်ရေးခရီးတွေကို ကြည့်လိုက်ရင်၊ ကြီးကြီးကျယ်ကျယ် မှားယွင်းမှုတွေလည်း ကြုံခဲ့တယ်။ ကြီးကြီးကျယ်ကျယ် လုပ်ရပ်တွေလည်း ရှိခဲ့တယ်။

## မော်စီတုန်း

တရုတ်နီတွေဟာ၊ မက်(စ်)လီနင်ဝါဒကနေ ဆင်းသက်လာတဲ့ မော်ဝါဒကို အတော်ကြီး ကိုးကွယ်ယုံကြည်ခဲ့ကြတယ်။ တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်းကိုယ်တိုင်ကလည်း၊ ဝါဒဖြန့်ချိရေးတွေလုပ်တယ်။ မော်စီတုန်းရဲ့ လက်ရွေးစင်ကျမ်းတွေဟာ နာမည်ကြီးတယ်။ မော်စီတုန်းရဲ့ စာအုပ်နီကလေးတွေကို၊ တပ်နီလူငယ်တွေ လက်ထဲမှာ တလူလူ လွှင့်နေခဲ့ဖူးတယ်။ ပိုစတာကမ်ပိန်းတွေနဲ့ မော်စီတုန်းရဲ့ ပုဂ္ဂိုလ်ရေးသြဇာကို အရှိန်မြှင့်တယ်။ မော်စီတုန်းဟာ တော်လှန်ရေးတွေကို တန်ပြန်တော်လှန်ရေးတွေနဲ့ အသက်ဆက်သွားတယ်။

ပါတီတွင်းမှာ မော်စီတုန်းရဲ့သြဇာ အကျဘက်ရောက်ခဲ့တဲ့ အချိန်ကာလတွေ ရှိခဲ့ဖူးတယ်။ မော်စီတုန်းဟာ၊ စတာလင်ရဲ့အဖြစ်ကို သင်ခန်းစာယူတယ်။ ဆိုဗီယက်မှာ၊ စတာလင်သေဆုံးအပြီး ခရူးရှက်က စတာလင်သြဇာကို ရှုတ်ချတာတွေ လုပ်ခဲ့ဖူးတယ်။ မော်စီတုန်းဟာ ပါတီတွင်းသြဇာ တည်ဆောက်ရေးမှာ ကျွမ်းကျင်တယ်။ သူ့ကို ကာပြန်မယ့်သူတွေကို တန်ပြန်

တို့ပြန်ချက်တွေ လုပ်နိုင်ခဲ့တယ်။ ‘ဌာနချုပ်ကို အမြောက်နဲ့ခွင်းကြ’ ဆိုတာ ဘာကို ပြောခဲ့တာလဲ။ ဆက်လက်လေ့လာဖို့ လိုပါတယ်။

မော်စီတုန်းနဲ့ တရုတ်ကွန်မြူနစ်ခေါင်းဆောင်တွေ ဦးဆောင်ပြီး ဘုံစနစ်ကို အကောင်အထည်ဖော်ခဲ့တယ်။ စုပေါင်းလယ်ယာစနစ်တွေ၊ စုပေါင်းစက်မှုလုပ်ငန်းတွေ၊ စုပေါင်း ထုတ်လုပ်ရေးတွေကို အကောင်အထည် ဖော်ခဲ့တယ်။ တရုတ်ကွန်မြူနစ်တွေအကြားမှာ နာမည်ကြီးတာကတော့၊ အလုပ်စခန်းတွေ။ ကျေးလက် အလုပ်စခန်းတွေ။ အလုပ်စခန်းတွေကို ပို့ပြီး အိုင်ဒီယော်လိုဂျီ သန့်စင်ရေးတွေ လုပ်ခဲ့တယ်။ ပညာတတ်တွေကိုယ်တိုင် တောတွေကိုဆင်း၊ ဝက်ချေးကျုံး၊ နွားချေးကျုံး၊ ပေါက်ပြားကိုင်၊ မြေတူး၊ ထွန်စက်မောင်း… စတာတွေ လုပ်ကြရတယ်။ တစ်ဖက်မှာလည်း ပါတီက ပို့ချတဲ့ ကွန်မြူနစ်ဝါဒတွေကို သင်ကြားကြရတယ်။

အားလုံးဟာ စုပေါင်းစားသောက်ကြရတယ်။ စုပေါင်း အိပ်စက်ကြရတယ်။ စုပေါင်းအလုပ်လုပ်ကြရတယ်။ ဘုံစနစ်ကို အပီအပြင် အကောင်အထည် ဖော်ခဲ့တယ်။ ဆိုဗီယက်ယူနီယံကို (၁၀) နှစ်အတွင်း အမှီလိုက်မယ် ဆိုပြီး မဟာခုန်ပျံကျော်လွှားရေးစီမံကိန်းကြီးကို လုပ်လိုက်တာ၊ ကုန်ထုတ်စွမ်းအားတွေလည်းကျ။ မိုးခေါင်ရေရှားမှုတွေလည်းဖြစ်။ နောက်တော့ စားနပ်ရိက္ခာ ပြတ်လပ်မှုတွေပါကြုံရပြီး၊ တရုတ်(၁၀၀)မှာ အယောက်(၄၀)လောက် အငတ်ဘေးဆိုက်ခဲ့တဲ့ အခြေအနေအထိဖြစ်ခဲ့တယ်။

မော်စီတုန်းရဲ့ အကျင့်က၊ တော်လှန်ရေးတွေကို လုပ်တယ်။ လုပ်ပြီး ပြန်ပြန်သုံးသပ်ပြီး ကြည့်တယ်။ သူ့ကိုယ်သူလည်း ကြည့်တယ်။ သူ့ပါတီကိုလည်း ကြည့်တယ်။ လူထုကိုလည်း ကြည့်တယ်။ သူ့ရန်သူတွေကိုလည်း အမြဲတမ်းလိုလို ကြည့်နေတယ်။ မော်စီတုန်းဟာ အမှားတွေ အများကြီး လုပ်ခဲ့သလို၊ အမှန်တွေလည်း အများကြီး လုပ်ခဲ့နိုင်တယ်။

တရုတ်ပြည်သမိုင်းကို ကြည့်လိုက်ရင်၊ တရုတ်ပြည်ကြီးကို တစ်စု တစ်စည်းတည်း စုစည်းနိုင်ခဲ့တဲ့ ဧကရာဇ်တွေက သိပ်များများစားစားမရှိဘူး။ မော်စီတုန်းဟာ ခေတ်သစ်ကာလမှာ အကွဲကွဲအပြားပြားနဲ့ စစ်မင်းတွေ ကြီးစိုးနေတဲ့ တရုတ်ပြည်ကြီးကို တစ်စုတစည်းတည်းဖြစ်အောင် လုပ်ဆောင် ခဲ့တဲ့ ဧကရာဇ်တစ်ပါးလို့တောင် ဆိုလို့ရမယ်။

- ❖ တရုတ်ပြည်ကြီးကို စုစည်းပေးနိုင်ခဲ့သူက မော်စီတုန်း။
- ❖ တရုတ်ပြည်ကြီးကို ချမ်းသာစေခဲ့သူက တိန့်ရှောင်ဖိန်။

## တိန့်ရှောင်ဖိန်

တိန့်ရှောင်ဖိန်ဟာ ကြောင်ဖြူကြောင်မည်း အဘိဓမ္မာကို ကြေညာပြီး တရုတ်ပြည်ကို ချမ်းသာအောင် လုပ်ပေးခဲ့တယ်။ ချမ်းသာတာ မင်္ဂလာ လို့ ပြောခဲ့တယ်။ ဆင်းရဲမွဲတေမှ ကွန်မြူနစ်လို့ ထင်နေတဲ့ တရုတ်နီတွေကို တန်ပြန်လိုက်တဲ့ သဘောပဲ။ တိန့်ရှောင်ဖိန်တက်လာတော့လည်း အစပိုင်းမှာ တိန့်ရှောင်ဖိန်ဟာ သူ့သြဇာကို နိုင်ငံတွင်းမှာရော၊ ပါတီတွင်းမှာရော ပြန် တည်ဆောက်ရတာပါပဲ။ အစ်ကိုကြီး ချိုအင်လိုင်းကျေးဇူးကြောင့် တိန့်လက်ထဲ ကို အာဏာရလာပေမယ့်၊ တိန့်ဟာ လေးဦးဂိုဏ်းကို နှိမ်နင်းခဲ့ရတယ်။ တိန့်ရှောင်ဖိန် အတွေးအခေါ်ကို ထူထောင်ခဲ့ရတယ်။

၁၉၈၀ နောက်ပိုင်းမှာ၊ တရုတ်ပြည်ဟာ မော်စီတုန်းဝါဒနဲ့ တိန့်ရှောင် ဖိန်အတွေးအခေါ်ပေါင်းပြီး ခရီးဆက်ခဲ့တယ်။ မော်ဝါဒနဲ့ တိန့်အတွေးအခေါ်ဟာ ဆန့်ကျင်ဘက် မဟုတ်ကြောင်း၊ တိန့်ရှောင်ဖိန်က စည်းရုံးရေး အတော်လုပ်ခဲ့ ရတယ်။

တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန်ဟာ၊ တိုင်းပြည်ချမ်းသာဖို့ အရင်း ရှင်စနစ်(ဈေးကွက်စနစ်)ကို သွတ်သွင်းခဲ့တာဟာ ရဲရဲနီနေတဲ့ တရုတ်ပြည် အတွက် အချိုးအကွေ့ဖြစ်ခဲ့တယ်။ ဒီအချိုးအကွေ့ဟာ သိမ်မွေ့လို့၊ တရုတ် တွေဟာ သူ့တို့ကိုယ်သူ သူတို့ အနီဗားရှင်းကို ပြောင်းပြီး မြင်နိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့တယ်။

နောက်ပိုင်းမှာ တရုတ်ပြည်ဟာ ပိုပိုပြီး ချမ်းသာလာတယ်။ ၂၀၀၀ ခုနှစ်နောက်ပိုင်းမှာ အကြီးအကျယ် ချမ်းသာတဲ့အဆင့်ကို ရောက်လာတယ်။ တရုတ်တွေဟာ ပိုပြီးချမ်းသာလာလေလေ၊ ဈေးကွက်စီးပွားရေးရဲ့ သရုပ် သကန်တွေကို ပိုပိုပြီး နားလည်လာလေလေဖြစ်လာတယ်။ တစ်ဖက်မှာလည်း သူတို့ ယုံကြည်သက်ဝင်ခဲ့တဲ့ ကွန်မြူနစ်ဝါဒကို ခေတ်သစ်အမြင်နဲ့ ချဉ်းကပ် ကြည့်မြင်မှုတွေ လုပ်နိုင်ခဲ့ကြတယ်။

## တရုတ်နီ

တရုတ်နီတွေရဲ့ကွန်မြူနစ်ကောက်ကြောင်းဟာ အင်မတန် စိတ်ဝင်စားစရာ ကောင်းတယ်။ တရုတ်ကွန်မြူနစ်တွေအတွက် သမိုင်းမှတ်တိုင် အကွေ့အဝိုက်လေးတွေ တစ်ခုမကကြုံခဲ့တယ်။ အခုအချိန်ထိ တရုတ်မှာ ကွန်မြူနစ်ပါတီရဲ့ ဩဇာဟာ အထွတ်အထိပ်မှာ ရှိနေတယ်။ ပါတီကိုယ်တိုင် တပ်နီတော်ကိုလည်း ချုပ်ကိုင်ထားနိုင်တယ်။ ပါတီကိုယ်တိုင်က ဈေးကွက်နဲ့ နိုင်ငံတော်ယန္တရားကို ချုပ်ကိုင်ထားနိုင်တယ်။

လစ်ဘရယ် ဒီမိုကရေစီအသံ ဆူဆူညံလာခဲ့တဲ့အချိန်မှာတောင်၊ တရုတ်တွေဟာ ဒီမိုကရေစီကို မငြင်းပယ်ဘဲ တရုတ်ကွန်မြူနစ်ဗားရှင်း ဒီမိုကရေစီဆိုတာ ဘယ်လို ဖြစ်ကြောင်း ပါတီနဲ့ တရုတ်ပြည်သူလူထုကို ချပြ အသက်သွင်း၊ စည်းရုံးနိုင်ခဲ့တယ်။ ချမ်းသာလာတဲ့ တရုတ်နီတွေဟာ ကွန်မြူနစ်ဝါဒကို တရားသေဆုပ်ကိုင်ထားတာ မလုပ်ခဲ့ကြဘူး။ အနောက်ကမ္ဘာကို ယှဉ်ပြိုင်လာနိုင်မယ့် ဩဇာကို တည်ဆောက်လာနိုင်ကြတယ်။ ခေတ်စနစ်ဥစ္စာ ဖန်တီးနိုင်ခဲ့ခြင်းဟာ တရုတ်ကွန်မြူနစ်တွေကို ကယ်တင်ခဲ့တဲ့ကိစ္စဖြစ်တယ်။

- ❖ တရုတ်တွေ နီနေပါသေးတယ်။
- ❖ တရုတ်တွေ နီနေပါသေးတယ်။
- ❖ သို့ပေမယ့်…ယခင် အနီမျိုးတော့ မဟုတ်ပါဘူး။ ခေတ်စနစ်ဥစ္စာနဲ့ ယှဉ်တွဲတဲ့ အနီဖြစ်ပါတယ်။

တရုတ်တွေ ဆက်လက်ပြီး နီနိုင်သေးတာ ခေတ်စနစ်ဥစ္စာဖန်တီးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ပြည်သူလူထုကို ခေတ်စနစ်ဥစ္စာ အပ်နှံထားနိုင်ခဲ့လို့ဖြစ်ပါတယ်။ ဘယ်လောက်ပဲ ယုံကြည်မှု ပြင်းထန်ခဲ့တဲ့ ဝါဒ၊ အယူအဆပဲဖြစ်ဖြစ် ခေတ်စနစ်ဥစ္စာနဲ့ မယှဉ်တွဲပေးနိုင်ရင် တစ်ချိန်ကျတော့ ကျဆုံးကြတာ ထုံးစံပါပဲ။

## တရုတ်တွေ နီပါတယ်

တရုတ်တွေ ဆက်လက်နီနိုင်ဖို့ ကျေးဇူးပြုထောက်ပံ့သူကတော့ မက်(စ်) ဝါဒ မဟုတ်ပါဘူး။ တရုတ်တွေ တစ်ချိန်က ရန်သူလို့ သတ်မှတ်ခဲ့တဲ့ အရင်းရှင်ဝါဒက ကျေးဇူးပြုထောက်ပံ့ခဲ့တာ ဖြစ်ပါတယ်။ တရုတ်တွေ

ဆက်ပြီးနီအောင် လုပ်ပေးတာ မက်(စ်)ဝါဒ မဟုတ်ပါဘူး။ အရင်းရှင်ဝါဒ ဖြစ်ပါတယ်။ အရင်းရှင်ကို အရင်ရှင်းလို့ ယူဆခဲ့ကြတဲ့သူတွေရဲ့ ဇာတ်သိမ်း ဟာ မလှခဲ့ပါဘူး။ မြန်မာပြည်ဟာ သင်ခန်းစာပါပဲ။

ဗမာပြည်ကွန်မြူနစ်ပါတီကို နိဂုံးချုပ်အောင်လုပ်နိုင်ခဲ့တာ အရင်းရှင် ဝါဒ မဟုတ်ပါဘူး။

လက်ဝဲဝါဒနယ်ထဲမှာ ရှိတဲ့ ဆိုရှယ်လစ်၊ တစ်နည်းအားဖြင့် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ကျဆုံးအောင် လုပ်ခဲ့တာက အရင်းရှင်ဝါဒက တိုက်ခိုက်ခဲ့လို့ မဟုတ်ပါဘူး။ အရင်းရှင်ဝါဒကို မပွေ့ဖက်ခဲ့လို့ဖြစ်ပါတယ်။ တရုတ်နီတွေဟာ အရင်းရှင်ဝါဒကို ပုံစံပြောင်းပြီး ပွေ့ဖက်နိုင်ခဲ့လို့ အခုအချိန် ထိ တရုတ်တွေ နီနိုင်နေတာပါ။

**နိဂုံးကောက်ချက် ချရရင်...**

ပြည်သူတွေကို ခေ့ဉစ္စာဖန်တီးခွင့် မပေးတဲ့ ဘယ်အစိုးရမဆို နိဂုံးချုပ် ကျဆုံးမှာ မလွဲဧကန်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ည ၁၀ း ၂၇
၁၄ ၊ ဩဂုတ် ၊ ၂၀၁၉ ။
**ရန်ကုန်မြို့။**

❖

မြန်မာဖြစ်

# တရုတ်မုန်းတီးရေးအမြင်

မင်းသော့



# မြန်မာဖြစ် တရုတ်မုန်းတီးရေးအမြင်

၂၀၁၉ ဇွန်လထုတ် ချိုင်းနားတူဒေး မဂ္ဂဇင်းရဲ့မျက်နှာဖုံးပါ ဖော်ပြချက်နဲ့ ပတ်သက်ပြီး လူမှုကွန်ယက်စာမျက်နှာမှာ မြန်မာတော်တော်များများဝေဖန် ရှုတ်ချတာကို တွေ့ရပါတယ်။ ဒါကို ဧရာဝတီသတင်းဌာနမှာ သတင်းတို တစ်ပုဒ်တွေ့ရတယ်။

သံရုံးထုတ် မဂ္ဂဇင်းတွေကတော့ နှစ်နိုင်ငံချစ်ကြည်စွာ ပေါင်းစည်း နေထိုင်ကြောင်း ပြသနိုင်မယ့် အပြုသဘောဆောင် ရေးသားထုတ်ဝေမှုတွေကို လုပ်လေ့ရှိပါတယ်။ နှစ်ဖက်ကို လူမျိုးအားဖြင့်လည်းကောင်း၊ နိုင်ငံရေး အားဖြင့်လည်းကောင်း၊ စီးပွားရေးအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု အနုပညာအားဖြင့်လည်းကောင်း ချစ်ချစ်ကြည်ကြည်ပေါင်းစည်းတာကို ပြနိုင်မယ့် ပုံရိပ်တွေကို ရွေးချယ် ဖော်ပြလေ့ရှိတယ်။ တစ်ဖက်မှာလည်း ပြည်ပရောက်နိုင်ငံသားတွေကို သတင်းမက်ဆေ့တွေ ပေးဖို့၊ အကာအကွယ် အစောင့်အရှောက်ပေးဖို့ ဆိုတာတွေကို ရည်ရွယ်ပြီး လုပ်ဆောင်တာတွေ ရှိတယ်။ ပြည်ပရောက်နိုင်ငံသားတွေ အချင်းချင်း အဆက်အသွယ်မပြတ် ပေါင်းစည်း နေထိုင်နိုင်ဖို့ အားပေး ကူညီတာတွေလည်း လုပ်ဆောင်တယ်။ သံရုံးတွေရဲ့ ရည်ရွယ်ချက်ကတော့ - -

- ❖ နှစ်နိုင်ငံ ကူးလူးဆက်ဆံရေး အဆင်ပြေအောင် လုပ်ပေးဖို့၊
- ❖ ရရှိနိုင်တဲ့ သတင်းအချက်အလက်တွေကို မိခင်တိုင်းပြည်အတွက် ထောက်လှမ်းဖို့၊

- ❖ ပြည်ပရောက် ကိုယ့်နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးဖို့ ၊
- ❖ မိခင်တိုင်းပြည်ရဲ့ အကျိုးစီးပွားကို ထမ်းဆောင်ဖို့၊
- ❖ မိခင်တိုင်းပြည်အတွက် ကိုယ်စားလှယ်တာဝန်ကို ထမ်းဆောင်ဖို့၊
- ❖ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားဖြင့်ပူးပေါင်းမှုတွေမှာ ကူညီလုပ်ဆောင်ဖို့၊
- ❖ ကိုယ့်နိုင်ငံအတွက် ဝါဒဖြန့်ချိဖို့····

စတဲ့ တာဝန်တွေကို ယူပါတယ်။

## စစ်အစိုးရလက်ထက်က တရုတ်

စစ်အစိုးရလက်ထက်တွေမှာ တရုတ်က မြန်မာပြည်သူလူထုရဲ့ ထင်မြင်ချက်၊ သဘောထားအမြင်နဲ့ပတ်သက်ပြီး ဂရုမစိုက်ပါဘူး။ အစိုးရချင်းဆက်ဆံရေးကိုသာ ဂရုစိုက်ပါတယ်။ အစိုးရ-အစိုးရချင်း ဆက်ဆံရေး၊ တပ် - တပ်ချင်း ဆက်ဆံရေးသာလျှင် အရေးကြီးတယ်လို့ ခံယူပါတယ်။ မြန်မာအစိုးရပုံစံဟာ စစ်အစိုးရဖြစ်တော့ တပ်နဲ့ တရုတ်အစိုးရအကြားဆက်ဆံရေးဟာ နီးကပ်ခဲ့တယ်။ မြန်မာစစ်အစိုးရဟာ တိုင်းပြည်ကို ဖိဖိစီးစီး၊ ပိပိပြားပြား အုပ်ချုပ်နိုင်လို့ တရုတ်အစိုးရအတွက် မြန်မာလူထုရဲ့ တရုတ်အပေါ် အမြင်က အရေးမပါဘူး။ ဂရုစိုက်စရာလည်း မဟုတ်ခဲ့ဘူး။ ဂရုစိုက်စရာလည်း မလိုတဲ့အနေအထားဖြစ်တယ်။ ဒါ့ကြောင့် တရုတ်အစိုးရအနေနဲ့ အစိုးရချင်း ဆက်ဆံရေး အဆင်ပြေဖို့သာ အလေးထားခဲ့တယ်။

## မြစ်ဆုံရှော့ခ်

၂၀၁၀ ရွေးကောက်ပွဲအပြီးတက်လာတဲ့ ဦးသိန်းစိန်အစိုးရနဲ့ ပတ်သက်ပြီးတော့လည်း အစကနဦးပိုင်းမှာ ယခင်လို အချိုးမျိုးနဲ့သာ ဆက်ဆံခဲ့တယ်။ သို့ပေမယ့် မြစ်ဆုံကိစ္စနဲ့ပတ်သက်ပြီး မြန်မာပြည်သူတွေရဲ့ အုံလိုက်ကျင်းလိုက် ကန့်ကွက်ရှုတ်ချမှုကို ခံရချိန်အပြီး၊ ဦးသိန်းစိန်အစိုးရက မြစ်ဆုံစီမံကိန်းကို သူ့အစိုးရသက်တမ်းအတွင်း မလုပ်ပါလို့ ရွှေ့ဆိုင်းလိုက်အပြီးမှာတော့ တရုတ်အတွက် ရှော့ခ် (shock) တစ်ခု ရသလို ဖြစ်သွားခဲ့တယ်။

တရုတ်ရဲ့အပြုအမူနဲ့ပတ်သက်ပြီး အမြဲတမ်းလိုလို ခေါင်းငြိမ့်ငုံ့ခံနေတဲ့ မြန်မာဟာ အနာဂတ်မှာ တရုတ်ပြုသမျှနုတော့မယ့် အခြေအနေ မဖြစ်နိုင်တော့ဘူးဆိုတာကို သတိပေးလိုက်သလို ဖြစ်သွားတယ်။ တစ်ဖက်မှာလည်း ဦးသိန်းစိန်အစိုးရက နိုင်ငံတကာ အသိုင်းအဝန်းရဲ့ တရားဝင်မှုကိုရဖို့ အနောက်ကမ္ဘာနဲ့ ကူးလူးမှုတွေ ပိုလုပ်လာတယ်။ ထူးထူးခြားခြားအနေနဲ့ အမေရိကန်သမ္မတကို မြန်မာပြည် ခြေချနိုင်အောင်ထိ ဆွဲဆောင်နိုင်ခဲ့တယ်။ မြစ်ဆုံလို လက်ပံတောင်းလို စီမံကိန်းမျိုးမှာ မြန်မာလူထုရဲ့ ဆန့်ကျင်ကန့်ကွက်မှုကို ဒုလိုက်ဒေးလိုက် ခံနေရချိန်။ မြန်မာအစိုးရကလည်း ပြည်သူ့ဘက်ကို သာသာထိုးထိုး ယိမ်းပစ်လိုက်ချိန်။ အမေရိကန် မြန်မာ ဆက်ဆံရေး လမ်းသစ်ဖောက်လိုက်ချိန် စတဲ့ ဖြစ်ရပ်တွေကြောင့် တရုတ်ဟာ မြန်မာနဲ့ ပတ်သက်ပြီး သူ့ရဲ့ နိုင်ငံခြားရေး ပေါ်လစီကို ပြန်ပြောင်းစဉ်းစားလာခဲ့တယ်။ အကျိုးဆက်ကတော့ ပြည်တွင်းစစ်ဟာ စစ်အေးပုံစံကနေ စစ်ပူပုံစံကို ပြောင်းလာရခြင်းပဲဖြစ်ပါတယ်။ တရုတ်က တစ်ကွက်တည်းကို ကိုင်ပြီး မကစားဘူး။ ဖဲချပ်တွေကို ကိုင်ထားတယ်။ ဖှက်ဖဲတွေလည်း မြောက်မြားစွာရှိတယ်။ တရုတ်အတွက် အကျိုးစီးပွားကောင်းကောင်းရဖို့၊ မြန်မာကို ဘက်ပေါင်းစုံကနေ ချုပ်ပြီး ကစားနိုင်မှ သူ့အတွက် အသာစီးရမယ်ဆိုတာကို ကောင်းကောင်းနားလည် သဘောပေါက်တယ်။

ဒါ့ကြောင့် တရုတ်လူမျိုးတွေ မြောက်မြားစွာ စီးဝင်ကျင်လည်နေတဲ့ မြန်မာပြည်၊ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေ မြောက်မြားစွာ ရှိနေတဲ့ မြန်မာပြည်မှာ၊ တရုတ်တွေ ဆက်လက်အကျိုးအမြတ်ရနိုင်သေးတဲ့ မြန်မာပြည်မှာ အတွဲညီညီ မျှကစားနိုင်မှ တော်ကာကျမယ်လို့ ယူဆကြတယ်။

## တရုတ်ရဲ့ပီအော

တရုတ်ရဲ့ ဗဟိုအစိုးရ ပေါ်လစီနဲ့ ယူနန်အစိုးရ ပေါ်လစီတို့အကြား ကွာခြားချက်ရှိနိုင်ပါလိမ့်မယ်။ လက်တွေ့မှာ ကိုယ့်နိုင်ငံအကျိုးစီးပွားအတွက် လုပ်ကိုင်ကြတာဖြစ်လို့ တရုတ်မှာ မြန်မာကို ကိုင်တွယ်ဖို့ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရအကြား လိုသလို လှည့်ပတ်ကျင့်သုံးတဲ့ ဆက်ဆံရေးနည်းနာတွေ ရှိနေပါတယ်။ လူမျိုးစုလက်နက်ကိုင်တွေရဲ့နောက်ကွယ်မှာ တရုတ်က

ထောက်ပံ့ကူညီသလို၊ ပါတီ-ပါတီချင်း ဆက်ဆံရေးကောင်းမွန်အောင်လည်း ဦးသိန်းစိန်အုပ်ချုပ်မှုကာလ နှောင်းပိုင်းတွေမှာ ကြိုးပမ်းလုပ်ဆောင်လာတာ တွေ့ရပါတယ်။ တစ်ဖက်မှာလည်း ယဉ်ကျေးမှုချင်း ဆက်ဆံရေး တိုးမြှင့်တာတွေကို ယခင်ကထက် ပိုလုပ်လာပါတယ်။ မြန်မာ ပြည်က သတင်းစာဆရာ၊ ဂျာနယ်လစ်တွေကိုခေါ်ပြီး တရုတ်အပေါ် အမြင်မစောင်းအောင် ကြိုးပမ်းတာလည်း တွေ့ရပါတယ်။ ဒီ/ချုပ်အစိုးရတက်လာပြီး ကနဦးကာလတွေမှာ ပါတီဝင်နဲ့ ကိုယ်စားလှယ်အမတ်တွေကို တရုတ်က ငွေဖောဖောသီသီသုံးပြီး လေ့လာရေးခရီးတွေ ခေါ်ပါတယ်။ တော်တော်များများလည်း သွားကြလာကြတာ ပီတိဖြစ်ပုံရပါတယ်။

ဒီအချက်တွေဟာ ဘာကိုပြသလဲဆိုရင်၊ တရုတ်ဟာ မြန်မာပြည်အသွင်ကူးပြောင်းရေးကာလအတွင်းမှာ အစိုးရ-အစိုးရချင်း ဆက်ဆံရေးအပါအဝင် ပီတူပီ (P2P–People to People) ပြည်သူ ပြည်သူချင်း ဆက်ဆံရေးကို ထပ်ပေါင်းဖောင်းပေးလာတာကို တွေ့ရတယ်။

စီးပွားရေး တိုးတက်မှုကြောင့် ငွေပေါလာတဲ့ တရုတ်ဟာ ငွေပိုတွေကို ကောင်းကောင်းအသုံးချနိုင်တာတွေ့ရပါတယ်။ ယခင် ငတ်ပြတ်နေတဲ့ တရုတ်ပြည်ဟာ ဘယ်နိုင်ငံက ဘာကို ရမလဲဆိုတာပဲ ချောင်းနေတယ်။ ယခု ကြွယ်ဝလာတဲ့ တရုတ်ပြည်ကတော့ ငွေပိုတွေကို ဂုဏ်သိက္ခာ အတွက်သော်လည်းကောင်း၊ ဆက်ဆံရေး ပြေလည်စေဖို့သော်လည်းကောင်း၊ ယုံကြည်မှုအတွက်သော်လည်းကောင်း သုံးစွဲရမယ်ဆိုတာကို ကောင်းကောင်းနားလည်လာတယ်။

ဒါ့ကြောင့် တရုတ်ဟာ မြန်မာပြည်သူလူထုကို မျက်နှာမူတဲ့အစီအစဉ်တွေကို ထပ်တိုးစဉ်းစားလာတယ်။ မြန်မာ ကျောင်းသားတွေကို တရုတ်ပြည်ခေါ်ပြီး စကောလားရှစ်တွေ ခပ်များများ ပေးလာတယ်။ မြန်မာနဲ့ပတ်သက်ပြီး ပီအာ (ပြည်သူ့ဆက်ဆံရေး - PR) လုပ်ငန်းရပ်တွေကို ပိုပြီးချဲ့ထွင်လာတယ်။

## တရုတ်ရင်းနှီးမြှုပ်နှံမှု

မြန်မာပြည်ရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုဟာ ထိပ်ဆုံးမှာ ရှိနေပါတယ်။ အထူးသဖြင့် Extractive Industry လို့ခေါ်တဲ့

သယံဇာတ တူးဖော်ရေးစီမံကိန်းတွေမှာ တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုက ကြီးပါတယ်။ စွမ်းအင်ကဏ္ဍအပါအဝင် ကုန်ထုတ်လုပ်ရေးကဏ္ဍတွေမှာလည်း တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုက ထုလိုက်ထည်လိုက် ရှိနေပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာလည်း တစ်ရှူးငှက်ပျောစိုက်တာ၊ ဖရဲစိုက်တာ၊ သခွားစိုက်တာတွေမှာ တရုတ်တွေ ကြီးစိုးလွှမ်းမိုးထားတာ ရှိတယ်။

## ဇီးရိုးဘတ်ဂျက်

တရုတ်ရဲ့မြန်မာ့စီးပွားရေးအပေါ် ချုပ်ကိုင်မှုဟာ သူ့ဆီက ခနဉစ္စာကို သယ်လာပြီး ရင်းနှီးမြှုပ်နှံတာတစ်ခုတည်း မဟုတ်ပါဘူး။ မြန်မာပြည်တွင်းမှာ တရားမဝင်နေထိုင်တဲ့ တရုတ်တွေ မြောက်မြားစွာ ရှိပါတယ်။ ရွှေ့ပြောင်းလာတဲ့ တရုတ်လုပ်သားတွေလည်း အများအပြားရှိပါတယ်။ ဒီနောက်ပိုင်း ထူးထူးခြားခြားဖြစ်လာတာကတော့ ဇီးရိုးဘတ်ဂျက်တွေလို့ခေါ်တဲ့ ငွေဗလာမဲ့တရုတ်တွေ မြန်မာပြည်တွင်းမှာ အမြဲတမ်းနေထိုင်လာတဲ့ ကိစ္စဖြစ်ပါတယ်။

## လာဘ်စားတဲ့ မြန်မာ

ယှဉ်ပြိုင်မှုကြီးမားလာတဲ့ တရုတ်ပြည်တွင်းလုပ်သားဈေးကွက်ကနေ ပိုလျှံထွက်လာတဲ့ လုပ်သားစုဟာ အိမ်နီးချင်းနိုင်ငံတွေကို စိမ့်ဝင်လာပါတယ်။ လူဦးရေပေါ်လစီ လျော့လျော့ရဲရဲဖြစ်နေတဲ့ မြန်မာအဖို့ တရုတ်ရဲ့ခွင်ကို ချဲ့ထွင်လို့ အကောင်းဆုံးအချက် ဖြစ်လာပါတယ်။ စီးပွားရေးအရ တရုတ်က ဈေးကွက်လုသလို၊ လုပ်သားဈေးကွက်မှာလည်း တရုတ်က မြန်မာအစားဝင်လာတာရှိပါတယ်။ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ၊ သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ တရုတ်လုပ်သားတွေ မြန်မာပြည်တွင်းမှာ အများအပြား စိမ့်ဝင်နေပါတယ်။ ပြည်တွင်းမှာလည်း လဝက (လူဝင်မှုကြီးကြပ်ရေး) နဲ့ လက်ဝါးရိုက်ပြီး တရုတ်လုပ်သားတွေ ခိုးသွင်းတဲ့ ကိစ္စဟာ အများအပြား ရှိနေပါတယ်။ မြန်မာပြည်ရဲ့ခြစားမှု လာဘ်စားမှုဟာ ဗျူရိုကရေစီယန္တရားမှာ အတုံးလိုက်အတစ်လိုက် ရှိပါတယ်။ တရုတ်ကို မုန်းတဲ့ မြန်မာဟာ လာဘ်ထိုးရင်တော့ တရုတ်ကို ဝင်ခွင့်ပေးလိုက်ပါတယ်။

ဒါဟာ တရားဥပဒေ စိုးမိုးရေးပြဿနာဖြစ်ပြီး၊ ပေါ်လစီ လျော့ရဲနေတဲ့ ဖြစ်စဉ်ကို ပြတာဖြစ်ပါတယ်။

## ငွေမည်း မှ ငွေဖြူ

တစ်ဖက်မှာလည်း တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုဟာ ငွေဖြူကနေလာတာ မဟုတ်ပါဘူး။ နယ်စပ်ဒေသမှာ ဘိန်းနဲ့ချမ်းသာလာတဲ့တရုတ်ဟာ သူ့ရဲ့ငွေကို ငွေမည်းကနေ ငွေဖြူလုပ်ဖို့ လုပ်ငန်းပြတာတွေ ရှိပါတယ်။ ဒီလိုနည်းနဲ့ မြန်မာပြည်မှာ တရုတ်လုပ်ငန်းစုတွေ အမြောက်အမြားပေါ်လာတယ်။ ဘိန်းထုတ်လုပ်ရေး၊ ဘိန်းဖြန့်ဖြူးရေးနဲ့ ဘိန်းရောင်းချရေးတွေကနေ ထွက်လာတဲ့ ငွေမည်းတွေဟာ မြန်မာပြည်တွင်းမှာ တရုတ်ကုမ္ပဏီတွေ မှိုလို ပေါက်လာခြင်း အကြောင်းတရားတွေဖြစ်ပါတယ်။

တရုတ်ဟာ မြန်မာပြည်တွင်းမှာ ကောင်းရောင်းကောင်းဝယ်လည်း လုပ်ကိုင်စားသောက်ကြသလို တရားမဝင် လုပ်ငန်းတွေနဲ့ ကြီးပွားတာတွေလည်း မြောက်မြားစွာ ရှိလာပါတယ်။ မြန်မာဟာ တရုတ်ကို မုန်းတယ်လို့ ဆိုပေမယ့် တရုတ်သူဌေးက ပေးတဲ့လာဘ်ကိုတော့ မျှော်ပါတယ်။ အမြီးကျက် အမြီးစား ခေါင်းကျက်ခေါင်းစားလုပ်ငန်းတွေနဲ့ ချမ်းသာလာတဲ့တရုတ်တွေဟာ မြန်မာအစိုးရဝန်ထမ်းတွေကို လာဘ်ငွေ ကောင်းကောင်းထိုးပါတယ်။ ဆင်းရဲချို့တဲ့ပြီး မလောက်ငှတဲ့ မြန်မာအစိုးရဝန်ထမ်းကလည်း လာဘ်ငွေကို ကြိုက်ပါတယ်။ လာဘ်ထိုးတာကို လက်ခံပြီး တရုတ်ကို လုပ်ပိုင်ခွင့်ပေးတယ်။ ပါမစ်ပေးပါတယ်။ တရုတ်ဟာ မြန်မာအစိုးရ အာဏာပိုင်တွေနဲ့ ပေါင်းပြီး မြေယာအများအပြားကို သိမ်းပိုက်ထားပါတယ်။ တစ်ဖက်ကလည်း မြေကစား ပြီးတော့ မြေယာကို ရအောင်ဝယ်ယူသလို၊ မြန်မာက လိုလိုချင်ချင် မက်မက် မောမော ရောင်းအောင်လည်း ငွေပုံပေးပြီး မြေဝယ်ပါတယ်။ မြေစာရင်းတို့၊ ဂျီအေဒီ (အထွေထွေအုပ်ချုပ်ရေးမှူး) ထွေ/အုပ်တွေနဲ့ ပေါင်းပြီးတော့ မြေယာ သိမ်းဆည်းမှုတွေ၊ မြေယာလုပ်ပိုင်ခွင့်တွေကို ရယူထားပါတယ်။ ဒါဟာ ဘာကို ပြသလဲဆိုရင် မြန်မာပြည်ရဲ့ လျော့ရဲနေတဲ့ ဗျူရိုကရေစီနဲ့ ခြစားနေတဲ့ အုပ်ချုပ်ရေးကို ပြသတာဖြစ်ပြီး၊ ငွေမည်းနဲ့ ချမ်းသာလာတဲ့

နယ်စပ်က ခိုးဝင် တရုတ်တွေဟာ မြန်မာပြည်ကို ဘယ်လို စိမ့်ဝင်လာသလဲ ဆိုတာကို ပြတဲ့ ဖြစ်ရပ်တွေကို ပြောတာဖြစ်ပါတယ်။

မြန်မာမှာ တရုတ်မုန်းတီးမှု အားကြီးလာတယ်။ တရုတ်မုန်းတီးရေးအမြင်တွေဟာ မြန်မာတိုင်းလိုလိုမှာ ရှိနေပါတယ်။ သို့ပေမယ့် တရုတ်နဲ့ပတ်သက်ပြီး ထိခိုက်နစ်နာခံရတဲ့ မြန်မာမှာ တရုတ်မုန်းတီးရေးစိတ် ပိုပြီးအားကြီးပါတယ်။ တရုတ်ဟာ မြန်မာပြည်ရဲ့ဘယ်နေရာမဆို ရှိနေပါတယ်။ ရန်ကုန်လို မန္တလေးလို မြို့ကြီးတွေမှာလည်း အမြောက်အမြား ရှိပါတယ်။

## မြန်မာပြည်ပေါက် တရုတ်နွယ်ဖွား

ကိုလိုနီခေတ်က စိမ့်ဝင်လာတဲ့ တရုတ်တွေဟာ နှစ်ကာလ ကြာညောင်းနေပါပြီ။ မြန်မာပြည်ပေါက် တရုတ်နွယ်ဖွားတွေဟာ မြန်မာတွေနဲ့ ဘယ်လို ငြိမ်းချမ်းအောင် ပူးပေါင်းနေထိုင်ကြမလဲဆိုတာ ကောင်းကောင်းနားလည်ပါတယ်။ သူတို့ဟာ ဒေသနဲ့လိုက်လျောညီထွေအောင် နေနိုင်ကြတယ်။ ဌာနေမြန်မာတွေထဲမှာပဲ မြန်မာပြည်ပေါက် တရုတ်နွယ်ဖွားတွေဟာ တစ်သားတည်းဖြစ်အောင် နေတတ်ကြတယ်။ ဒါ့ကြောင့် ရှေးယခင်က မြန်မာနဲ့ တရုတ်အကြား တင်းမာမှုတွေဟာ ကိုလိုနီခေတ်လောက်ကလွဲလို့ သိပ်များများစားစား မရှိခဲ့ဘူး။ အထင်ကရ တရုတ် - ဗမာ အဓိကရုဏ်း ဖြစ်ရပ်တချို့က လွဲလို့ပေါ့။

## တရုတ်ကုန်စည်

စစ်အစိုးရလက်ထက်မှာ တရုတ်နဲ့ မြန်မာအကြား နယ်စပ်စည်းဟာ ပိုပြီး နီးကပ်လာတယ်။ တရုတ်နဲ့ မြန်မာ အကြား ကုန်သွယ်ရေးစီးဆင်းမှုကလည်း အင်အားကြီးလာတယ်။ မြန်မာတွေရဲ့နေ့စဉ်ဘဝ အသုံးအဆောင်တွေမှာ တရုတ်ပစ္စည်းတွေနဲ့ မလွတ်ကင်းနိုင်လောက်တဲ့ အခြေအနေထိဖြစ်လာတယ်။ မြန်မာတစ်ယောက်ရဲ့ နံဘေးပတ်ပတ်လည် ဆယ်ပေပတ်လည် အတွင်းမှာ တရုတ်လုပ်ပစ္စည်းနဲ့ကို မကင်းနိုင်တဲ့ အခြေအနေဖြစ်လာတယ်။

## တရုတ်မုန်းတီးရေးအမြင်

တရုတ်အပေါ် မြန်မာရဲ့အမြင်က အနုတ်လက္ခဏာ ဘက်ကို ဆောင်ပါတယ်။ အဲသည်လို အနုတ်လက္ခဏာဘက်ကို ဆောင်ရခြင်း အကြောင်းအရင်းတွေကလည်း မြောက်များစွာ ရှိနေလို့ဖြစ်ပါတယ်။ စီးပွားရေးမှာ လာဘ်မြင်တဲ့ တရုတ်ဟာ မြန်မာပြည်တွင်းမှာ ကြီးပွားတယ်။ အာဏာပိုင်ကို ငွေပေးစည်းရုံးနိုင်တဲ့ တရုတ်ဟာ မြန်မာတွေထက် စီးပွားရေး လုပ်ပိုင်ခွင့် ပိုရလာတယ်။ ဆင်းရဲငတ်ပြတ်ဖူးတဲ့ တရုတ်ဟာ အောက်ခြေ အလုပ်ကို တန်ဖိုးထားပြီး လုပ်လို့ ကြီးပွားလာတာလည်း ရှိတယ်။

တရုတ်က ဈေးကွက်လုလို့ မြန်မာအတွက် နေရာပျောက်တဲ့ မြန်မာကလည်း တရုတ်ကို မုန်းတယ်။ ဝီရိယရှိပြီး ပြောင်ပြောင်ရောင်ရောင်ဖြစ်လာတဲ့ တရုတ်ကို ပျင်းပြီး ခွေအိပ်နေတဲ့မြန်မာက မနာလိုဝန်တိုပြီး တရုတ်ကို မုန်းလာတာလည်း ရှိတယ်။ ရေခံမြေခံကောင်းမရတဲ့ မြန်မာဟာ ဘိန်းရောင်းပြီး ချမ်းသာလာတဲ့ တရုတ်ကို မယှဉ်နိုင်လို့ မြန်မာက တရုတ်ကို မုန်းလာတာလည်း ရှိတယ်။ မျိုးချစ်စိတ်အရ မြန်မာကို ချစ်သော်လည်းပဲ အကျိုးစီးပွားချင်း တုပ်နှောင်ချီပိုးခြင်း ခံနေရတဲ့ မြန်မာစစ်ဗိုလ်ချုပ်တွေဟာ တစ်ဖက်က တရုတ်ကို မလွန်ဆန်နိုင်သလို၊ တစ်ဖက်လည်း တရုတ်ကို မုန်းတီးနာကျည်းစိတ်ဖြစ်နေတယ်။ ခြံဝန်းအကျယ်ကြီးတွေနဲ့ အုတ်တံတိုင်းမြင့်မြင့် အဆောက်အအုံထုကြီးထည်ကြီးနဲ့ တရုတ်သူဌေးအိမ်တွေကို ကြည့်ပြီး အလိုလို တရုတ်မုန်းတီးစိတ် ဖြစ်လာတဲ့ မြန်မာတွေလည်း မြောက်မြားစွာ ရှိတယ်။

## ဘာ့ကြောင့်

ဒါတွေ အားလုံးရဲ့ အကြောင်းဆက်ကတော့…

- ❖ ပေါက်ကွဲလာတဲ့ တရုတ်ပြည်ရဲ့ လူဦးရေကြောင့်
- ❖ ယှဉ်ပြိုင်မှုမြင့်လာတဲ့ တရုတ်ပြည်တွင်း ဈေးကွက်တွင်းက ပိုလျှံ ယိုဆင်းမှုများကြောင့်
- ❖ တရုတ်ရဲ့မဟာဗျူဟာ ပါးနပ်မှုကြောင့်
- ❖ မြန်မာရဲ့ တရုတ်နဲ့ မကင်းနိုင်မှုကြောင့်

❖ မြန်မာက တရုတ်အပေါ် အမှီအခို လွန်ကဲခဲ့မှုကြောင့်
❖ မြန်မာပြည်တွင်းက တရုတ်ရင်းနှီးမြှုပ်နှံမှု ကြီးထွားနေခြင်းကြောင့်
❖ တရုတ်ရဲ့ အမြီးကျက် အမြီးစား ခေါင်းကျက်ခေါင်းစား စီးပွား ရေးလုပ်ငန်းများကြောင့်
❖ အမြဲတမ်း ဈေးနှိမ်ခံရပြီး အကျိုးအမြတ်ခွဲဝေမှု တစ်ဖက်စောင်း နင်းဖြစ်နေတဲ့ တရုတ်စီမံကိန်းများကြောင့်
❖ မြန်မာရဲ့ ဗြူရိုကရေစီ ခြစားမှု၊ လာဘ်စားမှု၊ အဂတိလိုက်စားမှု များကြောင့်
❖ တရားမဝင် တရားလူဦးရေ စိမ့်ဝင်တိုးပွားလာမှုကြောင့်
❖ တရုတ်နဲ့ မြန်မာအကြား ဆင်းရဲချမ်းသာမှု ကွာဟချက် ကြီးမား မှုကြောင့်
❖ မြန်မာအစိုးရရဲ့ တရုတ်အပေါ်ကျင့်သုံးတဲ့ နိုင်ငံခြားရေး ပေါ်လစီ ချွတ်ယွင်းချက်ကြောင့်
❖ တရုတ်နဲ့မြန်မာအကြား နယ်စပ်မျဉ်း ထိစပ်မှု ရှည်လျားခြင်းကြောင့်
❖ တရုတ်အထောက်အပံ့ရှိသော လူမျိုးစုလက်နက်ကိုင်များကြောင့်
❖ တရုတ်က မြန်မာအပေါ် ရှေးယခင်ကလို ပဏ္ဏာဆက်ပြည်နယ် တစ်ခုလို့ သတ်မှတ်ထားခြင်းကြောင့်
❖ မြန်မာပြည်တွင်းက အနောက်ယိမ်း အုပ်စုကြောင့်
❖ တရုတ်၏ မြန်မာပေါ် ကျင့်သုံးသည့် ပီအာ ညံ့ဖျင်းမှုကြောင့်

ဒီအချက်တွေမှာ အငြင်းပွားစရာ ရှိကောင်းရှိနိုင်ပါတယ်။ သို့ပေမယ့် မြန်မာရဲ့ တရုတ်မုန်းတီးရေး အမြင်အပေါ်စဉ်းစားနိုင်မယ့် အကြောင်းအချက် တွေ ဖြစ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ည ၇ း ၅၅
၁၇ ၊ စက်တင်ဘာ ၊ ၂၀၁၉ ။
ရန်ကုန်မြို့။

❖



# တရုတ်ကိစ္စ

# တရုတ်ကိစ္စ

တရုတ်တွေက၊ ငတ်ဖူးတယ်။ ပြတ်ဖူးတယ်။ ဒါ့ကြောင့်၊ တရုတ်တွေ ချမ်းသာကြတယ်။

ကျွန်တော့် စိတ်ထဲမှာ၊ အလိုလို အဲ့အတွေး မကြာခဏ ဝင်ဖူးတယ်။ တရုတ်ပြည်မှာ မော်စီတုန်းက စီးပွားရေး စီမံကိန်းတွေ လုပ်တယ်။ ဘုံလယ်ယာ စနစ်တွေ လုပ်တယ်။ အိမ်နောက်ဖေး၊ သံရည်ကြိုအိုးတွေ ကိုယ်စီ တည်ခိုင်းတယ်။ ကုန်ထုတ်လုပ်မှုအရာမှာရော၊ ခေနဥစ္စာမှာရော၊ ၁၀ နှစ် အတွင်း၊ ဆိုဗီယက်ကို အမှီလိုက်နိုင်အောင်ဆိုပြီး၊ မဟာခုန်ပျံကျော်လွှားရေး စီမံကိန်းကြီးကို ချတယ်။

နောက်ပြီး စီမံကိန်းက ပျက်သွားတယ်။ အဲ့ဒါကို ဝေဖန်ခိုင်းတယ်။ ပန်းပေါင်းတရာ ပွင့်ပါစေ ဘာတွေက စခဲ့တယ်။ စက်မှုစီမံကိန်းတွေကို ဝေဖန်ခိုင်းပြီး၊ အရင်းရှင် တံဆိပ် အပြိုင်တပ်ကြတယ်။ ဒီလိုနဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီး ပြင်းထန်လာတယ်။ တရုတ်မှာ ပေါ်လစီအမှားတွေ အများကြီး ကြုံခဲ့တယ်။

ပေါ်လစီအမှား ကာလတွေအတွင်းမှာ၊ တရုတ်အတော်များများ သေကြတယ်။ ကြေကြတယ်။ ခရီးရှည်တိုက်ပွဲ အတွင်းကလည်း၊ သေကြေ တာတွေ ရှိတယ်။ ကိုလိုနီတော်လှန်ရေး တစ်လျှောက်လည်း သေကြေခဲ့တယ်။ ဂျပန်တွေဆိုရင်၊ တရုတ်တွေကို မြို့လုံးကျွတ် အစုလိုက် အပြုံလိုက် သတ်ခဲ့ ကြတာ။ ဒါတွေတင် မကဘူး။ ချန်ကေရှိတ်တို့နဲ့ ပြည်တွင်းစစ်ဖြစ်တော့လည်း၊

စစ်ကြောင့် သေပြန်ရော။ စစ်ပြီး ကွန်မြူနစ် စီးပွားရေးစနစ်ကို အကောင်အထည် ဖော်တော့လည်း ငယ်ပြတ်ကြရပြန်တယ်။

မော်စီတုန်းက၊ အလုပ်စခန်းတွေ ပို့ပြီး တရုတ်ဘိန်းစားတွေကို ပတ်ကြမ်းတိုက်ခဲ့သေးတယ်။ အလုပ်စခန်းကိုတော့၊ တော်တော်များများ ရောက်ကြတာပဲ။ ကွန်မြူနစ်အားလုံးလိုလို ရောက်တယ်။

ငတ်မွတ်ခေါင်းပါးရေးဘေးကို တရုတ်တွေ ကာလအတော်ကြာကြီး ကြုံတယ်။

နိုင်ငံရေးဝါဒတွေကြောင့်လည်း ကြုံတယ်။ စစ်ကြောင့်လည်း ကြုံတယ်။ ကိုလိုနီစနစ်ကြောင့်လည်း ကြုံတယ်။ ဖက်ဆစ်ဂျပန်လက်အောက်မှာ၊ အတော်ကြီးကြီးကျယ်ကျယ် ကြုံတယ်။

တိန့်ရှောင်ဖိန် တက်လာပြီး၊ ဈေးကွက်ကို ပီပီပြင်ပြင် ချဲ့ထွင်တော့၊ တရုတ်တွေ ဗိုက်ဝတဲ့ အရသာ သိလာတယ်။ ပြည်တွင်း သာမက၊ နယ်စပ်ဒေသနိုင်ငံတွေအထိ ခြေဆန့်ကြတယ်။ ပြီးတော့၊ တစ်ကမ္ဘာလုံး ခြေဆန့်ကြတယ်။ ဒီလိုနဲ့ တရုတ်တွေ ကမ္ဘာအနှံ့ ပြန့်လာတယ်။

တရုတ်တွေက အာရှမှာလည်း အများကြီး။ ဥရောပမှာလည်း အများကြီး။ အမေရိကမှာလည်း မနည်းမနော။ အာဖရိကမှာလည်း ရှိတယ်။ အရှေ့တောင်အာရှမှာလည်း အနှံ့အပြား။ လက်တင်အမေရိကပါ မကျန် အားလုံးလိုလိုမှာ တရုတ်တွေ ရှိနေတယ်။

အရင်က တရုတ်ပြည်က ပြည်ပရောက်တရုတ်တွေကို နိုင်ငံ့ရဲ့ အန္တရာယ်လို့ မြင်ခဲ့ဖူးတယ်။ အဲ့ဒီနောက် အမြင်ပြောင်းသွားတယ်။ ပြည်ပရောက် တရုတ်တွေဟာ တရုတ်ပြည် အမျိုးသားအကျိုးစီးပွားအတွက် မောင်းနှင်အား ဖြစ်တယ်လို့ မြင်လာတယ်။ ဒါ့ကြောင့်၊ တရုတ်ပြည်မှာ၊ ပြည်ပရောက် တရုတ်လူမျိုးတွေနဲ့ ပတ်သက်ပြီး၊ မူဝါဒ ခိုင်ခိုင်မာမာရှိတယ်။ ရှိထားရုံတင် မကဘူး၊ မူဝါဒကိုလည်း စနစ်တကျ အကောင်အထည်ဖော်တယ်။

တရုတ်တွေ နေထိုင်ရာ၊ နိုင်ငံတွေ၊ မြို့တွေကို မပြတ်အာရုံပြုတယ်။ အာရှက တရုတ်တွေကို ဥရောပက ဂျူးတွေနဲ့ ကျွန်တော် ပမာခိုင်းနှိုင်းချင်တယ်။

တရုတ်တွေက၊ လာဘ်မြင်တယ်။ အလုပ်လုပ်တယ်။ တရုတ်အချင်းချင်း ဖေးကြ၊ မကြတယ်။ ကိုယ့်အသိုင်းအဝန်းအတွင်းမှာ ကိုယ်ကိုယ်တိုင်

အချိတ်အဆက်မိအောင် ကြိုးစားကြတယ်။ အတုခိုးတတ်တယ်။ သူများတိုင်းပြည်မှာ၊ အလုပ်ကို ကြိုးစား လုပ်ကြမှ၊ ဗိုက်ဝမယ်ဆိုတာ ယုံကြည်ကြတာ။ တရုတ်ပြည်ကို သူတို့ ပြန်မသွားချင်ဘူး။

တရုတ်ပြည်မှာ ကျပ်တည်းတယ်။ လူသန်းပေါင်းများစွာ ရှိတယ်။ လုပ်ကိုင်စားသောက်ရတာ အခက်အခဲရှိတယ်။ ဒီမှာ လူနည်းတယ်။ ယှဉ်ပြိုင်မှု နည်းတယ်။ သူများထက် သာသာထိုးထိုးလေး လုပ်နိုင်ရင်၊ ကြီးပွားနိုင်တယ်။ ချမ်းသာနိုင်တယ်။

ဝေးခဲ့တဲ့ တရုတ်ပြည်ကို သူတို့ မမေ့ကြပါဘူး။ တရုတ်တွေမှာ၊ အမျိုးသားရေးစိတ် အစေးကပ်တယ်။ သူတို့ရဲ့ ဗီဇစရိုက်ကိုယ်တိုင်ကိုယ်က အစေးကပ်တယ်။ ဒါ့ကြောင့် တရုတ်အချင်းချင်း လူမျိုးရေး ဥပါဒါန်ရှိတယ်။ အာရှ နိုင်ငံတွေမှာ လုပ်ကိုင်ရတာ၊ တရုတ်ပြည်မကြီးမှာလောက် မခက်ဘူး။ ဈေးကွက် ရှိတယ်။ သူတို့ ယဉ်ကျေးမှုကို ယူလာပြီး၊ ဒေသအကြိုက်ဖြစ်အောင် ရောင်းတယ်။

တရုတ်တွေရဲ့ ပင်ကိုယ်ဗီဇအရကိုက ကုန်သွယ်စီးပွားရေးဘက်မှာ အားသန်ပုံရတယ်။

ဒတ်ချ်တွေ၊ ပေါ်တူဂီတွေ၊ အင်္ဂလိပ်တွေ ရေကြောင်းသွားလာရေးဘက်မှာ၊ ဗီဇစိတ် ထက်သန်ပုံနဲ့ တူတယ်။

မြန်မာတွေကျတော့ တိုက်ရခိုက်ရတာကို အားသန်ကြတယ်ထင်တယ်။

တခြား သိပ်မစဉ်းစားဘူး။

ဗမာတွေက ငြိမ်နေရရင် ပျင်းတယ်။ တစ်ခုခု တိုက်ခိုက်နေရမှ။ လက်နက်ဆွဲကိုင်ပြီး တိုက်ရင်တိုက်။ မတိုက်ရရင်၊ အိုင်ဒီယော် လိုဂျီချင်း တိုက်နေခိုက်နေမှ နေသာထိုင်သာ ရှိနေသလို ဖြစ်နေတယ်။ ဒါက ကျွန်တော့်ရဲ့ တွေးဆချက် သက်သက်။

တရုတ်တွေ ကြီးပွားကြတယ်။ တရုတ်တွေ အောင်မြင်ကြတယ်။

တရုတ်တွေနဲ့ မြန်မာတွေ ဘာကွာသလဲ။

မြန်မာတွေကို ကျွန်တော် မြင်မိသေးတယ်။

မြန်မာတွေက၊ ဟိုးအရင်က ဂျာမန်အမျိုးသားရေးဝါဒီတွေ ဂျာမနီတွင်းက ဂျူးတွေကို မနာလိုသလို ဖြစ်နေကြတယ်။ အားလုံးကို မပြောပါဘူး။ တော်

တော်များများ တွေ့နေရတာကို ပြောတာပါ။ ဒါ့ကြောင့်လည်း၊ ဟစ်တလာက၊ ဂျူးတွေအပေါ် သုတ်သင်ခဲ့တဲ့ အကြောင်းဖြစ်လာတယ်။ သူ့ကိုယ်တွင်း၊ မကျေနပ်ချက်တွေ လည်း ပါပါလိမ့်မယ်။ ဒါပေမယ့်၊ ဂျာမန် အမျိုးသားရေးဝါဒ အဖြစ် အသက်သွင်းလိုက်တော့၊ ပိုဆိုးသွားတယ်။

တရုတ်တွေ အခု ကမ္ဘာကိုဖြန့်ကျက်နေကြပြီ။ တရုတ်တွေရဲ့ ပျံ့နှံ့မှုနှုန်းက အင်မတန်ကြောက်စရာ ကောင်းတယ်။

၂၁ ရာစုမှာ လူဦးရေနိုင်ငံရေးကို ထည့်သွင်းစဉ်းစားရမယ်။ လူဦးရေ သီအိုရီတွေကို စနစ်တကျ ပြန်လေ့လာရမယ်။ လူမျိုးတစ်ခု ချင်းစီရဲ့ ဗီဇစရိုက်တွေကို အသေးစိတ် လေ့လာပြုစု၊ ဆန်းစစ်ထားတဲ့ ကိစ္စရပ်တွေ လုပ်ကြရမယ်။ ဒါမှ၊ မြင်ကြ ထင်ကြမယ်။

ကိုယ်ထင်ရာ၊ ကိုယ်ရေးနေကြတဲ့ ပုံစံကနေ ဖောက်ထွက်မှ ကောင်း လိမ့်မယ်။ လူမျိုးကိုချစ်တယ်ဆိုရင်၊ ပါးစပ်က သက်သေမပြဘဲ၊ ကိုယ်စွမ်း ကိုယ်စလေးကို ကျကျနန ထုတ်ပြပြီး၊ ကျေးဇူးပြုရင် အတိုင်းအထက် အလွန် မဟုတ်လား…။

၈ း ၂၀
၂၃ ၊ ဖေဖော်ဝါရီလ၊ ၂၀၁၈
**မုံရွာမြို့။**

❖

CHINA REVIEW



# ချိုင်းနားရီဗျူး

■

၂၀၁၇ ဩဂုတ် ၂၄ ရက် ။
နိုင်ငံရေးဂျာနယ်မှာ ဖော်ပြပါရှိပြီး
ဆောင်းပါး။

မင်းသေ့

## ချိုင်းနားရီဗျူး

ချိုင်းနားက တိန့်လက်ထက်ကစပြီး တံခါးပေါက် ကျယ်ကျယ်ဖွင့်ခဲ့တယ်။ တံခါးဖွင့်ပေါ်လစီကို အရှိန်အဟုန်နဲ့ ပြုလုပ်အပြီး ဆယ်စုနှစ်တစ်ခုကျော်မှာ၊ တရုတ်ရဲ့စီးပွားရေးက တဖြည်းဖြည်း တိုးတက်လာတယ်။ နောက်တော့ ဆက်တိုက် အံ့ခမခန်း တိုးတက်လာခဲ့တယ်။

### ဂလိုဘယ်အလားအလာ

ချိုင်းနားက၊ စီးပွားရေးကို အခြေပြုတည်ဆောက်ပြီး၊ ကျန်တဲ့နေရာကဏ္ဍတွေမှာ၊ သြဇာကို ချဲ့ထွင်နေတယ်။ ဟိုးယခင်က၊ ချိုင်းနားဧကရာဇ်တွေက အိမ်နီးချင်းနိုင်ငံတွေကို ပဏ္ဏာတော်ဆက်ပြည်နယ်တွေအဖြစ် သတ်မှတ် ဆက်ဆံတယ်။ အခုလည်း၊ ချိုင်းနားအနေနဲ့ အိမ်နီးချင်းတိုင်းပြည်တွေအပေါ် ကျူးကျော်မှာတော့ မဟုတ်ဘူး။ သို့ပေမဲ့ သြဇာခံဖြစ်အောင် အစဉ်အမြဲ အားထုတ်နေမှာဖြစ်တယ်။ ဒါကို သတိချပ်သင့်တယ်။

ချိုင်းနားအနေနဲ့၊ ဂလိုဘယ်ပါဝါကို ပိုင်ဆိုင်ဖို့ သိပ်မကြာတော့ဘူး။ စွန့်ဦး တီထွင်ကဏ္ဍမှာ၊ အမေရိကန်ကို လိုက်နိုင်ဖို့ ခဲယဉ်းနေဆဲဖြစ်နေပေမယ့်၊ ကျန်တဲ့ ကဏ္ဍတော်တော်များများမှာ၊ အမေရိကန်ကို ပခုံးချင်းယှဉ်နိုင်အနေအထားကို ရောက်နေပြီ။ မြန်မာအတွက်၊ စစ်ရေးအရ၊ နိုင်ငံရေးအရ စိုးရိမ်ချက်ရှိ တယ်။ အထူးသဖြင့်၊ စစ်ဘက်အမြင်အရကြည့်ရင် လုံခြုံရေးအရ စိုးရိမ်ချက် ပြင်းပြင်းထန်ထန်ရှိတယ်။

**အကျိုးစီးပွားချင်း ထိပ်တိုက်တွေ့မှု**

ချိုင်းနားရဲ့ လူဦးရေက သန်း ၁၄၀၀ နီးပါးရှိလာနေပြီ။ လူဦးရေအရ၊ ဝါးမြိုခြင်းခံရဖို့ကိုစ္စကလည်း စိုးရိမ်ချက်တစ်ခုဖြစ်တယ်။ စစ်ရေး၊ လုံခြုံရေး အရ စိုးရိမ်ချက်ရှိတယ်။ စိုးရိမ်ချက်နဲ့အတူ တရုတ်အပေါ် စစ်ရေးအရ မှီခိုမှုလည်း များခဲ့တယ်။ ချိုင်းနားအတွက် အရင်းအမြစ်လိုအပ်ချက်၊ စားနပ်ရိက္ခာလိုအပ်ချက်ကလည်း တဖြည်းဖြည်း မြင့်လာတယ်။ အလုပ်အကိုင် အခွင့်အလမ်း ပြိုင်ဆိုင်မှု ပြင်းထန်လာတဲ့အခါ ချိုင်းနားလူဦးရေက အိမ်နီးချင်းနိုင်ငံတွေအကြားမှာ စိမ့်ဝင်ပျံ့နှံ့လာတယ်။ ဒါဟာ ချိုင်းနား ရွှေ့ပြောင်းလူသားတွေနဲ့ ဒေသခံတွေအကြား တဖြည်းဖြည်းနဲ့ ပွတ်ရှမှုတွေ ဖြစ်လာနိုင်တယ်။ လူမျိုးရေး ပြဿနာတွေ၊ ပဋိပက္ခတွေ ဖြစ်လာနိုင်တယ်။ ချိုင်းနားအနေနဲ့၊ ပြည်ပတရုတ်လူမျိုးတွေနဲ့ ပတ်သက်ပြီး သိမ်မွေ့တဲ့ပေါ်လစီနဲ့ ထောက်ပံ့နေတဲ့ အချက်အလက်တွေ ရှိထားတယ်။ အာရှဒေသတွင်း၊ အမျိုးသားရေးဝါဒီတွေနဲ့ တရုတ်လူမျိုးတွေအကြား အကျိုးစီးပွားချင်း ထိပ်တိုက်တိုးမှုတွေရှိနေတယ်။ ဒါတွေက ချိုင်းနားရဲ့ နိုင်ငံခြားရေးပေါ်လစီကို ပုံစံတစ်မျိုး ပြောင်းလာစေလိမ့်မယ်။

❒ ❒ ❒

# စိန်ခေါ်ချက်

**ဂရင်းအီကောနော်မီ**

ချိုင်းနားအနေနဲ့၊ ဖွံ့ဖြိုးမှုကိုရဖို့ ပေးဆပ်လိုက်ရတာတွေ ရှိတယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ မြို့ကြီးပြကြီးတွေမှာ လေထု အလွန်အကျွံ ညစ်ညမ်းမှုစတဲ့အရာတွေက ချိုင်းနားရဲ့အဓိက စိုးရိမ်ချက်ဖြစ်တယ်။ နိုင်ငံတကာအနေနဲ့လည်း ကမ္ဘာလုံးချီ ညစ်ညမ်းမှု အပြန့်ကျယ်လာခြင်းက၊ ချိုင်းနားနဲ့ စက်မှုအင်အားကြီး နိုင်ငံတွေအပေါ် ဖိအားပေးမှု မြင့်လာတယ်။ မြို့တော် ဘေဂျင်းမှာဆိုရင်၊ လေထုညစ်ညမ်းမှုအဆင့် အန္တရာယ် အရှိဆုံးအဆင့်မှာ ရှိနေတယ်။ ဖွံ့ဖြိုးမှုနဲ့ Green Economy ဟာ ချက်ချင်း အလဲအထပ်လုပ်လို့ မရတဲ့အရာဖြစ်တယ်ဆိုတာ သိလာကြပြီ။

## နိုင်ငံပိုင်စက်ရုံများ

ရှုံးမှန်းသိနေလျက်နဲ့ ရပ်ပစ်လို့မရတဲ့ နိုင်ငံပိုင်စက်ရုံတွေ၊ လုပ်ငန်းတွေ ချိုင်းနားဒေသတွင်းမှာ၊ အများအပြားရှိတယ်။ ဒါဟာ စီမံကိန်း စီးပွားရေး စနစ်ရဲ့ အမွေဆိုးလို့ ပြောလို့ရနိုင်တယ်။ ဈေးကွက်အခြေပြု စီးပွားရေးစနစ်မှာ၊ စီမံကိန်းအခြေပြု စီးပွားရေးစရိုက်လက်ကျန်တွေက နိုင်ငံ့စီးပွားရေးကို ဖင့်နှေးစေတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတာ အမြတ်အစွန်းနဲ့ အကျိုး အမြတ်ကိုကြည့်ပြီး ဝင်လာကြတာ။ ဒေသတည်ငြိမ်မှုနဲ့ အာမခံချက်၊ ခနဉစ္စာပိုင်ဆိုင်မှု အခွင့်အရေးတွေကို ကြည့်တယ်။ နိုင်ငံပိုင်စက်ရုံတွေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ တိုက်ရိုက်ဖာထေးလို့ မရဘူး။ နိုင်ငံပိုင်စက်ရုံတွေ အရှုံးပြရခြင်း အကြောင်းတွေကို ထုတ်ကြည့်ရင်၊

- ❖ မော်စီတုန်းခေတ်မှာ လုံခြုံရေးအမြင်နဲ့ ဝေးလံခေါင်သီတဲ့ဒေသတွေမှာ စက်ရုံတွေတည်ခဲ့တာကြောင့်၊ သယ်ယူပို့ဆောင်ရေး ခက်ခဲတယ်။ ကုန်ကြမ်းပို့၊ ကုန်ချောထုတ် လမ်းကြောင်းတွေ လေးဖင့်တယ်။ လွယ်ကူစွာ မစီးဆင်းခြင်းက အကြောင်း တစ်ချက်ဖြစ်တယ်။
- ❖ အစိုးရဝန်ထမ်းတွေကို ချက်ချင်း ဖြုတ်ပစ်လို့ မရဘူး။ နိုင်ငံပိုင် စက်ရုံတွေမှာ အသားကျနေပြီးဖြစ်တဲ့ ဝန်ထမ်းပေါင်း သန်းနဲ့ချီ အတွက်လစာ စာရိတ်တွေက၊ နိုင်ငံ့စီးပွားရေးအတွက် ဝန်ထုတ် ဝန်ပိုးဖြစ်စေတယ်။
- ❖ ခေတ်မမီတော့တဲ့ စက်ရုံနည်းပညာတွေ၊ ထိန်းသိမ်းမှုနဲ့ ပုံမှန် လည်ပတ်မှုအတွက် ကုန်ကျစရိတ်တွေက၊ တဖြည်းဖြည်းနဲ့ နိုင်ငံတော်ဘဏ္ဍာကို တိုက်စားစေတယ်။
- ❖ စက်ရုံတွေကို ဖျက်ပစ်လို့ မရဘူး။ အလုပ်လက်မဲ့ဖြစ်လာမယ့် ဝန်ထမ်းတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးမှ ဖြစ်လာမယ်။ အလုပ်အကိုင်အခွင့်အလမ်းဆိုတာလည်း၊ ဝန်ထမ်း တွေရဲ့ ကျွမ်းကျင်မှုအပေါ်မှာ မူတည်တယ်။
- ❖ အလုပ်မဖြစ်တော့တဲ့ နိုင်ငံပိုင်စက်ရုံတွေကို၊ ရုတ်တရက်ချက်ချင်း ရပ်တန့်ပစ်ဖို့ မဖြစ်နိုင်သလို၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ အစား

ထိုးလို့လည်း မရနိုင်ဘူး။ အလုပ်ဖြစ်အောင် လုပ်ဖို့ကျတော့လည်း အကန့်အသတ်တွေ အများအပြားရှိတယ်။

## လောင်စာငတ်မွတ်မှု

ချိုင်းနားခေါင်းဆောင်တွေအနေနဲ့ လက်ရှိဖွံ့ဖြိုးမှုကို ဆက်ထိန်းထားချင်တယ်။ အရမ်းကာရော ထိုးမတက်သွားချင်နေပါစေ၊ လက်ရှိအနေအထားထက် ပြုတ်ကျသွားတာကို မလိုလားဘူး။ စဉ်ဆက်မပြတ် စွမ်းအင်ဖြည့်တင်းမှုကို လုပ်နိုင်ဖို့၊ ခေါင်းဆောင်တွေ ကမ္ဘာအနှံ့ ပြေးနေရတယ်။ စက်မှုလည်ပတ်မှုအတွက်၊ အဓိကလိုနေတာက ရုပ်ကြွင်းလောင်စာနဲ့ လျှပ်စစ်ဖြစ်တယ်။ နိုင်ငံအတွင်းမှာရှိတဲ့ မြစ်တွေကိုလည်း ရှိသမျှကို ရေအားလျှပ်စစ်စက်ရုံတွေ တည်ဆောက်ပြီးသလောက် ရှိသွားပြီ။ အိမ်နီးချင်းနိုင်ငံတွေဆီက ရတတ်သမျှ လိုက်ဝယ်ဖို့ ချိုင်းနားအနေနဲ့ အမြဲကြိုးစားနေတယ်။ ဘယ်နေရာက ရနိုင်သေးသလဲဆိုတာကိုလည်း အမြဲမျက်စိဖွင့်ကြည့်နေတယ်။ နိုင်ငံတိုးတက်မှုက၊ ကြာလာလေလေ စွမ်းအင်အပေါ် မှီတည်လာလေလေဖြစ်လာတယ်။ စီးပွားရေးကောင်းချင်ရင်၊ စွမ်းအင်လိုအပ်ချက်ကို ပြည့်အောင် ဖြည့်နိုင်မှ ဖြစ်တော့မယ်။ စွမ်းအင်အတွက်၊ နိုင်ငံရေးကစားကွက်တွေ ချိုင်းနားအတွက် နိုင်ငံတကာမှာ ပိုသိမ်မွေ့လာရတော့မယ်။ ဘာပဲပြောပြော၊ ကုန်ကြမ်းနဲ့ ရုပ်ကြွင်းလောင်စာအတွက် အာဖရိကနဲ့အရှေ့အလယ်ပိုင်းကို ကောင်းကောင်း ထိုးဖောက်နိုင်တာကိုက ချိုင်းနားရဲ့ မျိုးဆက်သစ်ခေါင်းဆောင်တွေရဲ့ ထူးချွန်ထက်မြက်မှုလို့ ဆိုနိုင်တယ်။

## မိတ်အင်ချိုင်းနား

ချိုင်းနားဟာ ကြာလာလေလေ၊ ထုတ်လုပ်ရေးစက်ရုံကြီး ဖြစ်လာလေလေ ဖြစ်လာတယ်။ သွားကြားထိုးတံကအစ၊ ဆဲလ်ဖုန်း ကွန်ပြူတာ အီလက်ထရောနစ်ပစ္စည်းတွေပါမကျန်၊ အိုင်တီမိုက်ခရိုချစ်ပ်ပြားတွေအဆုံး ထုတ်လုပ်နိုင်တဲ့ အဆင့်ကို ရောက်လာတယ်။ ဂလိုဘယ်အမှတ်တံဆိပ်ကုမ္ပဏီကြီးတွေ၊ ကော်ပိုရေးရှင်းကြီးတွေက တရုတ်ဆီကို လှိမ့်ဝင်လာတယ်။ တရုတ်တွေ အလုပ်ကောင်းကောင်းရလာ တာနဲ့အမျှ၊ လူနေမှုအဆင့်အတန်းမြင့်လာတယ်။

ကျေးလက်ကနေ မြို့ပြကို ပြောင်းရွှေ့တဲ့ လူဦးရေ တရိပ်ရိပ်တက်လာတယ်။ မြို့ပြနေလူထုရဲ့ အကျပ်အတည်းက များသထက် များလာတယ်။ ဒါဟာ မြို့ပြလူတန်းစားရဲ့ အထွေထွေ အကြပ်အတည်းဆီကို ဦးတည်နေတယ်။ ဖွံ့ဖြိုးမှုနဲ့ စိန်ခေါ်မှုက တွဲလျက်ပါလာတဲ့သဘော ဖြစ်ပါတယ်။

## မဟာဗျူဟာမဟာမိတ်

ချိုင်းနားဆိုတာ မြန်မာအတွက် မဟာဗျူဟာမဟာမိတ်ဖြစ်တယ်။ အကြောင်းက အိမ်နီးချင်းနိုင်ငံကြီး ဖြစ်နေလို့ဖြစ်တယ်။ မခေါ်ချင်လို့ ရချင် ရလိမ့်မယ်။ မတော်ချင်လို့ မရဘူး။ ချိုင်းနားကို မကြိုက်လို့ ကိုယ့်နိုင်ငံကြီးကို တစ်ခြားနိုင်ငံတွေကြားမှာ ရွှေ့ထားလို့မရဘူး။ ချိုင်းနားကို မနှစ်မြို့လို့ ချိုင်းနားမြေပုံကို ကမ္ဘာပေါ်ကနေ ဖျောက်ပစ်လို့မရဘူး။ မြန်မာအတွက်၊ ချိုင်းနားဟာ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင် ဘေးဖြစ်နိုင်တယ်။ မြန်မာ အတွက်၊ ချိုင်းနားအပေါ်ထားတဲ့ နိုင်ငံခြားရေးပေါ်လစီကို သာမန်ကာလျှံကာ သဘောထားလို့ မရ။ ချိုင်းနားက မြန်မာအပေါ်မှာ၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုတွေမှာ နောက်ကွယ် လက်မည်းကြီးကို တည်ဆောက် နေတယ်။

အဒမ်စမစ်က ဈေးကွက်ကို မမြင်ရတဲ့ လက်က အလိုအလျောက်ထိန်းညှိ သွားလိမ့်မယ်လို့ဆိုတယ် မဟုတ်လား။ ချိုင်းနားက မြန်မာအပေါ်မှာ အလို အလျှောက်ထိန်းချုပ်နိုင်ဖို့၊ နောက်ကွယ်က ကဏ္ဍအသီးသီးမှာ၊ မမြင်ရတဲ့ လက်တံတွေကို ဘယ်လို တည်ဆောက်ထားသလဲ၊ တည်ဆောက်နေသလဲ၊ တည်ဆောက်ခဲ့သလဲဆိုတာကို အမြင်ကျယ်ကျယ်နဲ့ ကြည့်တတ်ဖို့ လိုတယ်။ အထူးသဖြင့် ပေါ်လစီဆုံးဖြတ်တဲ့ နိုင်ငံရေးသမားတွေက အထူးအရေး ပါတယ်။ လွယ်လွယ်တွေးလို့မရဘူး။ မည်ကာမတ္တ အရင်လိုအတိုင်း ဆက်သွားလို့ မဖြစ်နိုင်တော့ဘူး။

## မြန်မာအတွက်

လွတ်လပ်ပြီး၊ တက်ကြွတဲ့ ဘက်မလိုက် နိုင်ငံခြားရေးမူကို မြန်မာ ကိုင်စွဲခဲ့တာကြာခဲ့ပြီ။ ဒါက မဟာဗျူဟာအပိုင်းမှာ ဖြစ်လိမ့်မယ်။ နည်းဗျူဟာ

အပိုင်းမှာတော့ အဲ့ဒီလောက် မရိုးရှင်းဘူး။ ကိုယ့်နိုင်ငံနဲ့ အဓိက ဆက်ဆံနေတဲ့ နိုင်ငံတစ်ခုချင်းစီအတွက်၊ နိုင်ငံခြားရေးမူဝါဒ သီးသန့်ရှိထားရမယ်။ မဟာအင်အားကြီး နိုင်ငံတွေနဲ့ ဆက်ဆံရင်၊ သိမ်မွေ့ဖို့လိုတယ်။ အရေးအရာတော်တော်များများမှာ၊ အချက်အလက်တွေ၊ သတင်းတွေ၊ စုပြီး ဆောင်းပြီး၊ ပြုစုပြီး ဖြစ်ရမယ်။ ဖြစ်ပျက်နေတဲ့ လက်ရှိဖြစ်စဉ်တွေအတွက် အမြဲတမ်း ရီပို့လုပ်ပေးထားနိုင်တဲ့ အစုအဖွဲ့တွေ ဖန်တီးဖို့ လိုတယ်။ မြန်မာအတွက်၊ တစ်လှမ်းကြိုပြေးမထားရင်၊ အနာဂတ်ရဲ့ ဆုတ်ယုတ်မှုက ကြီးနိုင်တယ်။ ဒါဟာ ပြောင်းလဲရွေးကောက်ခံ သွားမယ့် အစိုးရအဆက်ဆက်အတွက် အရေးကြီးတယ်။ နိုင်ငံတော်နဲ့ သက်ဆိုင်တဲ့ ကိစ္စဖြစ်တယ်။ အစိုးရတစ်ခုတည်းနဲ့ သက်ဆိုင်တဲ့ကိစ္စမဟုတ်ဘူး။

## တက္ကသိုလ်တွေဆီက လာတဲ့ ပါဝါ

အမေရိကန်ရဲ့ ပါဝါဟာ တက္ကသိုလ်တွေ ဆီကနေလာတယ်။ ချိုင်းနားရဲ့ပါဝါက အိုင်ဒီယော်လိုဂျီကနေ တည်ဆောက်မယ်ဆိုတာကို မော်ခေတ်မှာ လုပ်ခဲ့ပေမယ့် အလုပ်မဖြစ်ခဲ့ဘူး။ တိန့်က ချိုင်းနားရဲ့ ပါဝါကို စီးပွားရေးကနေ စတည်ဆောက်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ တိန့်ကြုံတွေ့ရတဲ့ အခက်အခဲက ပညာရေး ပြဿနာ ဖြစ်တယ်။ စက်မှုခေတ်အတွက် အလုပ်အင်အားစုမှာ ပညာ ခမ်းခြောက်မှုဖြစ်နေရင်၊ ရေရှည် စီးပွားဖွံ့ဖြိုးမှုကို အာမမခံနိုင်ဘူးလို့ တိန့်က မြင်တယ်။ ဒါ့ကြောင့် စီးပွားရေး ဖြေလျှော့မှုတွေကို လုပ်နေတာနဲ့ တစ်ပြိုင်နက်တည်းမှာ တရုတ်လူငယ်တွေကို နိုင်ငံခြားတက္ကသိုလ်တွေဆီ အလုံး အရင်းနဲ့ စေလွှတ်တယ်။ အခု ချိုင်းနားကို ပညာ လုပ်သားအင်အားစုနဲ့ မောင်းနှင်နိုင်တာ တိန့် ကျေးဇူးတွေ ဖြစ်တယ်။

ပညာရေးဟာ ဂလိုဘယ်ပါဝါကို အကျိုးပြုတယ်ဆိုတာကို ချိုင်းနားခေါင်းဆောင်တွေ နားလည်တယ်။ ခေတ်သစ် ချိုင်းနားခေါင်းဆောင်တွေမှာ ကျန်ဇီမင်းကစလို့ ကြည့်ရင်၊ အင်ဂျင်နီယာတွေချည်းပဲ။ အင်ဂျင်နီယာတို့ရဲ့ သဘောက လက်တွေ့ကျကျ စဉ်းစားတယ်။ လက်တွေ့ကျကျ လုပ်တယ်။ လက်တွေ့ကျကျ ချဉ်းကပ်တယ်။ တိန့်ရှောက်ဖိန်ကိုယ်တိုင်က လက်တွေ့ကျတဲ့ ကွန်မြူနစ်တစ်ယောက်။ ချိုင်းနား ယူနီဗာစီတီတွေကို အတွေးအခေါ်နဲ့

လူမှုသိပ္ပံ၊ နိုင်ငံရေးသိပ္ပံတွေအပေါ် အခြေမပြုစေဘဲ၊ လက်တွေ့ကျတဲ့ သိပ္ပံနည်းပညာအတွက် အထောက်အပံ့ပြုစေတဲ့ ဘာသာရပ်တွေကို ဖောင်းပေးသင်ကြားစေတယ်။ စီးပွားရေးအတွက် လိုအပ်ချက်ဖြစ်တဲ့ ပညာအင်အားစုကို တက္ကသိုလ်တွေကနေ မပြတ်ဖြည့်တင်းပေးနိုင်ဖို့ ကြိုးစားခဲ့တယ်။ လစ်ဘရယ် အသိုက်အဝန်းထက်၊ လက်တွေ့အလုပ်ဖြစ်ရေးဆီကို ရှေးရှုခဲ့တယ်။

## အကန့်အသတ်တွေကြားက 'တိန့်'

ချိုင်းနားအနေနဲ့ ဒီလိုလုပ်တာ သူ့အတွက် မှန်ပါတယ်။ အကြောင်းက ချိုင်းနားဟာ အရာရာမှာ နောက်ကျကျန်နေခဲ့ပြီ။ အစဉ်အလာကို ဖောက်ထွက်စဉ်းစားဖို့လိုတယ်။ သမားရိုးကျလမ်းကြောင်းအတိုင်း လိုက်လို့ မဖြစ်နိုင်တော့ဘူး။ စံနှုန်းတွေကို အသာထား၊ လက်တွေ့အလုပ်ဖြစ်ရေးကို ဖောင်းပေးမှ၊ တော်ကာကျမယ် ဆိုတဲ့အမြင် တိန့်ဆီမှာ ရှိတယ်။ တိန့်ကိုယ်တိုင်က၊ ဖွင့်ထားတဲ့ စိတ်ရှိထားတဲ့ ကွန်မြူနစ်တစ်ယောက်။ ကမ္ဘာအနှံ့ တိန့်က ခရီးတွေ ထွက်တယ်။ သူများတကာတွေ ဘာလုပ်နေသလဲဆိုတာ လေ့လာတယ်။ မေးတယ်။ စဉ်းစားတယ်။ ချိုင်းနားနဲ့ သင့်တော်မယ့် ပေါ်လစီအတွဲအစပ်ကို စဉ်းစားတယ်။ ကွန်မြူနစ် ကွန်ဆာဗေးတစ်တွေရဲ့ ရန်ကို ကန့်ထားဖို့ဆိုတာ တိန့်အတွက် နိုင်ငံရေး အကန့်အသတ်ဖြစ်နေတယ်။ တိန့်အနေနဲ့ ဘေးကြပ် နံကြပ်ဖြစ်နေတဲ့ ကာလတွေ ရှိခဲ့ဖူးတယ်။ အရာရာကို ကိုယ့်သဘောအတိုင်း လွတ်လွတ်လပ်လပ် လုပ်နိုင်တာတော့ မဟုတ်ဘူး။ လေးဦးဂိုဏ်းကို ရှင်းလင်းတာကလည်း တိန့်အတွက် အရေးကြီးတဲ့ နိုင်ငံရေးအကန့်ဖြစ်ခဲ့တယ်။ အသားသေနေတဲ့ ခြစားမှုနဲ့ ဗဟိုဦးစီးစနစ်ကို တော်လှန်ခြင်းက တိန့်အတွက် ခက်ခဲတဲ့ လုပ်ရပ်ဖြစ်ခဲ့တယ်။ စီးပွားရေး ဖြေလျှော့မှုတွေကို ကိုယ်တွယ်ရင်း၊ နိုင်ငံရေး ဖြေလျှော့မှုကို မလုပ်မိဖို့ တိန့်ဂရုစိုက်ကိုင်တွယ်ခဲ့ရတယ်။ အကြီးမားဆုံး အဖြစ်အပျက်ကတော့ တီယံမင် အရေးအခင်း ဖြစ်တယ်။ တိန့်အနေ နဲ့ ဘေးကြပ်နံကြပ်ဖြစ်ခဲ့တဲ့ ကာလတစ်ခု။

မလုပ်ချင်ဘဲ လုပ်ခဲ့ရတဲ့ အလုပ်ကတော့၊ ပါတီတွင်းက လစ်ဘရယ် ယိမ်းဝါဒီ ခေါင်းဆောင်တစ်ချို့ကို ချောင်ထိုးပစ်လိုက်ရတယ်။ တိန့်အနေနဲ့ ကြည့်ရမှာက အနာဂတ် တရုတ်ပြည်အရေး မဟုတ်လား။ စုစည်းနိုင်ခဲ့တဲ့

ချင်းနား အင်ပါယာကို ငဲ့ပြီး ကျောင်းသားတွေကို ဖြိုခွင်းဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီမိုကရေစီမျိုးစေ့ကို သင်းသတ်သလိုဖြစ်နေပေမယ့်၊ ပါတီတွင်း ဒီမိုကရေစီ ဖြစ်ရေးကို ရှေးရှုတည်ဆောက်ခဲ့တယ်။ မော်လို လူသန်ကြီးတွေ ဦးစီးတဲ့ ကွန်မြူနစ်ပါတီ မဖြစ်စေဘဲ၊ ပါတီတွင်း ဒီမိုကရေစီ ခေါင်းဆောင်မှု ပုံစံကို ချဖို့ တိန့်က စီရင်ခဲ့တယ်။ ရှီကျင့်ဖျင် ကိုယ်တိုင်က လူသန်ကြီးတစ်ပါး မဟုတ်တော့တာကို ကြည့်ပြီး သိနိုင်တယ်။ ပေါ်လစ်ဗြူရိုနဲ့ ဗဟိုကော်မတီတွေကို ပါဝါတွေ ဖြန့်ခွဲဖို့က အနာဂတ်အတွက် ပိုကောင်းနိုင်တယ်ဆိုတာ တိန့်က တွေးမိပုံရတယ်။

## အောက်သက်ကျေ ဒီမိုကရေစီ

ပြည်သူတွေထဲမှာ ဒီမိုကရေစီကို အောက်ခြေက စတယ်။ ပါတီတွင်းမှာ ဒီမိုကရေစီကို ထိပ်ပိုင်းက စတယ်။ ချင်းနားရဲ့ လစ်ဘရယ်ပုံပြောင်းယူမှုက သူ့သဘော၊ သူ့ဟန် ညီပါပေတယ်။ အောက်ခြေလူထုကြားမှာ၊ ရပ်ရွာအဆင့်က စပြီး ဒီမိုကရေစီ နည်းကျ ယှဉ်ပြိုင်မှုတွေနဲ့ လွတ်လပ်စွာ ရွေးကောက်စေတယ်။ အခြေခံ ဒီမိုကရေစီဓလေ့နဲ့ မယဉ်ပါးသေးပဲနဲ့ နိုင်ငံလုံးချီ ဒီမိုကရေစီ ဓလေ့ မဖြစ်ထွန်းနိုင်လို့ ချင်းနားခေါင်းဆောင်တွေ မြင်ပုံရတယ်။ ကွန်ဖြူးရှပ်ဝါဒီတွေ ဒီမိုကရေစီတည်ဆောက်တဲ့ ပုံစံ ဖြစ်တယ်။ တစ်ဦးချင်း တစ်ယောက်ချင်းစီကနေ မိသားစုစီကို ကူးပြောင်းပြီး ဒီမိုကရေစီ ကျင့်သုံးရမယ်ဆိုတဲ့ အယူအဆဖြစ်တယ်။ မိသားစုကနေ၊ ရပ်ရွာ အဆင့်၊ ရပ်ရွာအဆင့်ကနေ မြို့နယ်၊ ခရိုင်အဆင့် စသည်ဖြင့် အဆင့်ဆင့် ဒီမိုကရေစီကို အောက်ခြေကနေ ချဲ့ဖို့ စဉ်းစားဟန်တူတယ်။

အဆင့်မြင့် အခြေခံကျောင်းတွေမှာ၊ ကျောင်းသားငယ်ကလေးကစပြီး ဒီမိုကရေစီနဲ့ ကျင့်သားရဖို့ စာသင်ခန်းအတွင်း လေ့ကျင့်ပေးတဲ့အစီအစဉ်တွေ လုပ်တယ်။ ဒီမိုကရေစီကို သွားတတ်ဖို့ အောက်သက်ကျေဖို့ လိုတယ်ဆိုတဲ့ အမြင်ဖြစ်တယ်။ ချင်းနားခေါင်းဆောင်တွေ အနေနဲ့၊ အတိတ်သမိုင်းနဲ့ ကမ္ဘာ့အခင်းအကျင်းကို မျက်စိကျယ်ကျယ် ဖွင့်ကြည့်ပြီး ရခဲ့တဲ့ ရလဒ်တွေ ဖြစ်ပုံရတယ်။ ချင်းနားဆိုတာ ဧရာမကြီးမားတဲ့ သင်္ဘောကြီး တစ်စင်းဖြစ်တယ်။ သွားရမယ့်ခရီးက မိုင်သိန်းချီ။ ဒီဂရီတစ်ချက်လွဲလို့ မရဘူး။

ဒီဂရီလေး တစ်စိတ်လောက်လွဲတာနဲ့ နောက်ဆုံးပန်းတိုင်နဲ့ အကွာအဟကြီး ဖြစ်နိုင်တယ်။ ခေါင်းဆောင်တွေအနေနဲ့ သတိကြီးကြီးထားပြီး၊ လျှောက်နေရတဲ့ ခရီးဖြစ်တယ်။ အနောက်တိုင်းရှုထောင့်နဲ့ ချဉ်းကပ်တဲ့ လစ်ဘရယ် ဒီမိုကရေစီကို အာရှတန်ဖိုး ရှုထောင့်နဲ့ ကမ္ဘာကို ဖွင့်ပြဖို့ မျိုးဆက်သစ်ခေါင်းဆောင်တွေ ကြိုးစားလာကြတယ်။ ဒါဟာ ချိုင်းနားအတွက် ဒီမိုကရေစီ နယူးဗားရှင်းကို တည်ဆောက်တဲ့ ပုံစံဖြစ်ပါတယ်။

၁၀ / ဇန်နဝါရီလ / ၂၀၁၇ (နေ့လယ် - ၁ း ၁၇)

**စာညွှန်း**

- ✶ Martin Jacques / When China Rules the World China.
- ✶ Economy (Project Report), Asia-Pacific Institute of Management.

❖


တရုတ်၏
အိုင်ဒီယော်လိုဂျီပို့ကုန်
ဒီမိုကရေစီစံ ပရိုမိုးရှင်းအတွက်
အာရှစံတန်ဖိုးက အခုအခံလား /
အတားအဆီးလား
မင်းသေ့

## တရုတ်၏ အိုင်ဒီယော်လိုဂျီ ပို့ကုန်

*ဤဆောင်းပါးသည် တရုတ်ပြည်၌ ဒီမိုကရေစီ ဖြစ်တည်မှုတွင် ကွန်ဖြူးရှပ်ဝါဒက အခုအခံ အတားအဆီး ဖြစ်သလား ဆိုသည့်အချက်ကို တင်ပြ ဆွေးနွေးထားသည်။ အထူးသဖြင့် တရုတ်၏လူမှုဓလေ့နှင့် စနစ်အပေါ် စွဲမြဲမှုတို့သည် ဒီမိုကရေစီအတွက် အတားအဆီးများ ဖြစ်နိုင်၏။ မဖြစ်နိုင်၏ ဆိုသည်ကို တင်ပြထားသည်။ ထို့အပြင် စီးပွားရေးဖွံ့ဖြိုးမှုက ဒီမိုကရေစီကို လျစ်လျူရှုခြင်း ဖြစ်နိုင်သလား ဆိုသည့် အချက်ကိုပါ တင်ပြ ဆွေးနွေးထားသည်။*

## ဒီမိုကရေစီ ပရိုမိုးရှင်းအတွက်
## အာရှတန်ဖိုးစံက အခုအခံလား/ အတားအဆီးလား

### ကွန်ဖြူးရှပ်ဝါဒ

ကွန်ဖြူးရှပ်ဝါဒသည် အရှေ့အာရှတွင် ခြေကုတ်ယူ၍ ဖွံ့ဖြိုးလာသည်။ တစ်ဖန် အနောက်ကမ္ဘာတွင်လည်း လစ်ဘရယ်ဒီမိုကရေစီ၏ အရှိန်သည် လှိုင်းအသွင် တလိမ့်လိမ့်တက်လာသည်။ ဒီမိုကရေစီနှင့်ပတ်သက်၍ ဒီဘိတ် တစ်ခုရှိသည်။ ဒီမိုကရေစီသည် စီးပွားရေးဖွံ့ဖြိုးမှုကို ဖြစ်စေသလား။ ဒီမိုကရေစီသည် ဓနဉစ္စာကို ဖန်တီးသလား။ တဖန် အနုလုံပဋိလုံ ဆင်ခြင်သော် ဓနဉစ္စာကြွယ်ဝမှုသည် လစ်ဘရယ်ဝါဒကို ဖွံ့ဖြိုးစေသလားဆိုသည့် မေးခွန်း ပင်ဖြစ်သည်။

ကြောင်ဖြူ ကြောင်မည်း အဘိဓမ္မာ

အာရှသည် ဓနဥစ္စာကို ကိုင်စွဲ၍ အနောက်ကို စိန်ခေါ်လာနိုင်သည့် အနေအထားသို့ ရောက်လာသည်။ ကမ္ဘာ ဟိုက်ပါ ပါဝါကို အံသြစေအောင် ဓနဖြင့် လုပ်လာနိုင်သည်။ ကြောင်ဖြူ ကြောင်မည်း အဘိဓမ္မာဖြင့် စီးပွားရေး ဖွံ့ဖြိုးမှုကို ရစေသော တရုတ်။ ကွန်ဖြူးရှပ်ဝါဒ ပြန်လည် နိုးထလာသည်။ တရုတ်၌ စီးပွားရေးတွင် ဈေးကွက်၊ နိုင်ငံရေးအယူအဆတွင် ကွန်ဖြူးရှပ် စသဖြင့် ရှိလာသည်။

အာရှတန်ဖိုး ‘လှိုင်း’

ပြောရလျှင် စီးပွားရေး ဖွံ့ဖြိုးမှုက နိုင်ငံရေးအယူအဆကို ကန့်သတ်လာနိုင်သည့် အခြေအနေဖြစ်လာသည်။ ကွန်ဖြူးရှပ်ဝါဒသည် အာရှတန်ဖိုး (Asia Value)အဖြစ် ရှေ့တန်းရောက်လာသည်။ အာရှတန်ဖိုးဟု လူပြောများလာခြင်းသည်ပင် ကွန်ဖြူးရှပ် တဖန် နိုးထလာခြင်း ဖြစ်သည်။

ကွန်ဖြူးရှပ်ဝါဒီတို့ ချေကုတ်ယူရာဒေသသည် အရှေ့အာရှနယ်မြေဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်တို့ဖြစ်သည်။ တရုတ်ဟု ဆိုရာတွင် ထိုင်ဝမ်နှင့် ပြည်မကြီး တရုတ်ဒေသကို ညွှန်းသည်။ ထို့အပြင် အရှေ့တောင်အာရှတွင် ထူးခြားချက်တစ်ခုရှိသည်။ စင်ကာပူ ဖြစ်သည်။ စင်ကာပူ၌လီကွမ်ယု ကိုယ်တိုင်က ကွန်ဖြူးရှပ်ဝါဒီတစ်ဦး ဖြစ်သည်။ ကွန်ဖြူးရှပ်ဝါဒသည် ရေရှည်တွင် အာရှဒေသ၌ပင် ကျောက်ချမနေဟု မည်သူမျှ မပြောနိုင်ချေ။ ဤအချက်သည်ပင် ‘အာရှတန်ဖိုး’ ကြွေးကြော်သံကို အနောက်က အထူး အာရုံစိုက်ခြင်း ဖြစ်သည်။

အိုင်ဒီယော်လိုဂျီလား...လောကအမြင်လား...

‘အာရှတန်ဖိုး’ လှိုင်းသည် အနောက်ကို အလုပ်ဖြစ်မှုရလဒ်ကိုပြ၍ လူထုကို ဆွဲဆောင်သည်။ အထူးသဖြင့် လီကွယ်ယုသည် Pragmatic Decision များဖြင့် ကျော်ကြားသည်။ လီကွမ်ယုသည် လက်တွေ့သမား။ လက်တွေ့ကျသော ဆုံးဖြတ်ချက်များက သူ့ကို အလုပ်ဖြစ်စေသည်။ ရလဒ် အခြေပြုနည်းဖြင့် ချဉ်းကပ်သည်။ ကွန်ဖြူးရှပ်ဝါဒသည် အုပ်ချုပ်မှု၊

ပညာရေး၊ လူမှုစံကျင့်ဝတ်၊ ဒဿနိကဗေဒ၊ လူမှုပေါင်းသင်းဆက်ဆံရေး (Social Relationship) နိုင်ငံရေး၊ ဓနဥစ္စာ အစရှိသဖြင့် အပြန့်ကျယ်ကျယ် ရှိသည်။

ထို့ကြောင့်ပင် နိုင်ငံရေး အိုင်ဒီယော်လိုဂျီထက် ကွန်ဖြူးရှပ်ဝါဒက လူထုကြားထဲ ပိုမို စိမ့်ဝင်နိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ လူထုက လက်တွေ့ အလုပ်ဖြစ်ရေးသို့ ပိုအာရုံစိုက်ကြသည်။ ရလဒ်သည်ပင် သူတို့၏ ဘဝကို ပုံဖော်သည်ကို လူထုကိုယ်တိုင်က သိလာသည်။ စစ်အေးခေတ်အလွန်ကာလ၌ လူထုက သဘောတရားရေးဘောင်ကို ကျော်ကြည့်လာကြသည်။ ကျော်ကြည့်ဖို့လည်း လိုလာသည်။ အခြေအနေအရကိုယ်၌ပင် သဘောတရားရေးပုံစံက ရုန်းထွက်လာဖို့ လိုလာခြင်းဖြစ်သည်။

ကွန်ဖြူးရှပ်ဝါဒသည် သီအိုရီမဟုတ်။ အိုင်ဒီယော်လိုဂျီမဟုတ်။ လောကအမြင်တစ်ရပ်ပင်ဖြစ်သည်။

## တရုတ်ကောက်ကြောင်း

၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့ထူထောင်အပြီး၌ မော်စီတုန်းသည် ကွန်မြူနစ် အိုင်ဒီယော်လိုဂျီ ဖြင့် တရုတ်ပြည်ကို မောင်းနှင်သည်။ ခရီးရှည်တိုက်ပွဲဖြင့် ကူမင်တန် တရုတ်ဖြူတို့ကို စစ်ဆင်သည်။ ကူမင်တန်တို့ ဖော်မိုဆာကျွန်း၌ ခြေကုတ်ယူ၍ ဟန့်တားသည်။ စစ်ပွဲသည် ဤနေရာ၌ ရပ်သည်။ တဖန် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို လှမ်းရန် မဟာခုန်ပျံကျော်လွှားရေးဖြင့် ချီတက်သည်။ တဖန် အိုင်ဒီယော်လိုဂျီ ပရိုမိုးရှင်းလုပ်ရန် ပြင်ဆင်သည်။ မော်ဝါဒီတို့ ကြီးစိုးပျံ့နှံ့ရန် ဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးဖြင့် လက်ယာသွေဖည်ရေး သမားများကို ဖယ်ရှားသည်။ ရှင်းလင်းသည်။ သုတ်သင်သည်။ ယဉ်ကျေးမှု တော်လှန်ရေးသည် လက်ယာသွေဖီရေးသမားများကို တိုက်ပွဲဆင်ခြင်းဖြစ်သည်။ ဝါဒရေးရာ သန့်စင်ရေးသဘောလည်း ဖြစ်သည်။ မော်စီတုန်း၏ ပန်းပေါင်းတစ်ရာ ပွင့်ကြစေ၊ အတွေးအခေါ်တစ်ရာ ပြိုင်ကြစေဆိုသည့် မိန့်မှာချက်သည် အယူအဆသစ်များကို ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။ သို့သော် အယူအဆသစ်များကား ယဉ်ကျေးမှုတော်လှန်ရေး၌ နိဂုံးချုပ်သွား

သည်။ ဖားအော်စေရန် မိုးသံပေးခြင်း နိမိတ်သဘောပင် ဖြစ်သည်။ နောက်ဆုံး အသံကြောင့်ပင် ဖားသေခဲ့သည်။

ယဉ်ကျေးမှုတော်လှန်ရေးတွင် ကွန်မြူးရုပ်ဝါဒီ တော်တော်များများ လက်ယာသွေဖည်ရေးသမားဟု အမည်တပ် ခံခဲ့ရသည်။ ကွန်မြူးရုပ်ဝါဒီများ အရေးနိမ့်ခြင်းဖြစ်သည်။ ကွန်မြူးရုပ်ဝါဒီများ အရေးနိမ့်ခြင်းဟု ဆိုရာတွင် ကွန်မြူးရုပ်ဝါဒ အရေးနိမ့်ခြင်းဟု တရားသေ ဆို၍မရချေ။ ကွန်မြူးရုပ်ဝါဒီများကို နိုင်ငံရေးတံဆိပ်တပ်၍ အလုပ်စခန်းသို့ ပို့ခြင်းဖြစ်သည်။ အလုပ်စခန်းဟူသည် ကွန်မြူနစ်သဘောတရားများကို သန့်စင်ရန်အတွက် ယန္တရားတစ်ခု ဖြစ်သည်။ ဤတွင် ပန်းပေါင်းတရာ မပွင့်နိုင်ကြ။ ယဉ်ကျေးမှု တော်လှန်ရေးသည် ပန်းခုတ်ပွဲ ဖြစ်ခဲ့သည်။

## တရုတ်၌ ကွန်မြူးရုပ်ဝါဒ ပြန်လည်နိုးထလာခြင်း

မော်စီတုန်းကွယ်လွန်ပြီးနောက်ပိုင်း ဝန်ကြီးချုပ် ချူအင်လိုင်း တက်လာသည်။ ချူသည် တိန့်ရှောင်ဖိန်ကို ချောင်ထဲမှ ဆွဲထုတ်ပြီး လူရှေ့ခေါ်သည်။ တိန့်သည် ပင်ကိုယ်ဗီဇ ကောင်းသည်။ ဉာဏ်ပြေးသည်။ အလုပ်ဖြစ်ရေးကို ရှေ့ရှုသည်။ တရုတ်ပြည်သားတို့ အငတ်ဘေးဆိုက်နေသည်ကို မလိုလား။ သဘောတရားရေးထက် အလုပ်ဖြစ်ရေးသို့ သွားချင်သည်။ မော်စီတုန်းရှိစဉ် သူသည် ငုတ်လျှိုးနေသည်။ လုပ်ပိုင်ခွင့်မရ။ နိုင်ငံရေး ဇာတ်စင်ကနေ တက်လိုက်ဆင်းလိုက်ဖြစ်သည်။

ထူးခြားသည်ကား ကွန်မြူနစ်ဝါဒီတို့၌ တက်ခြင်း ဆင်းခြင်းသည် ဘယ်သောအခါမျှ နှစ်ခုမဖြစ်။ ဆင်းပြီးလျှင် ပြန်တက်မလာသည်က များသည်။ တိန့်သည် နိုင်ငံရေး ဇာတ်ခုံပေါ်မှ ဆင်းပြီး ပြန်တက်လာနိုင်သော တစ်ဦးတည်းသော ကွန်မြူနစ်ဟုပင် ဆိုနိုင်သည်။ ဖြစ်ရသည်မှာလည်း တိန့်၏ ထူးချွန်သည့်ကိုယ်ရည် ကိုယ်သွေးကြောင့်ပင် ဖြစ်နိုင်သည်။

ချူသည် တိန့်ကို အာဏာအပ်ခဲ့သည်။ တိန့်သည် 'ကြောင်ဖြူ ကြောင်မည်း အဘိဓမ္မာ' ကို ကြွေးကြော်သည်။ တရားသေ သဘောတရား အကောက်အယူတို့မှ ရုန်းထွက်ရန် ပါတီကို လှုံ့ဆော်သည်။ လူထုကို ကြွေးကြော်သည်။ 'ကြောင်သည် ဖြူတာ မည်းတာ အဓိက မဟုတ်။ ကြွက်

ခုတ်တတ်ဖို့ အဓိက’ ဟု လက်တွေ့အလုပ်ဖြစ်ရေး တရားကို ဟောသည်။ မော်ဝါဒီတို့ အားကောင်းသည့် ကာလ၌ တိန့်အဖို့ ဤသို့ လုပ်ရန်မှာ မလွယ်ကူခဲ့ချေ။ သို့သော် တိန့်၏ လုပ်ရပ်အောင်မြင်ခဲ့သည်။

တရုတ်ပြည်ကို စီးပွားရေး တစ်စုံတစ်ရာ အားကောင်းအောင် ပြုပြင်နိုင်ခဲ့သည်။ ယခင် စီမံကိန်း စီးပွားရေးစနစ်မှ ဈေးကွက် စီးပွားရေးကို အကောင်အထည် ဖော်ခဲ့သည်။ အထူးစီးပွားရေးဇုံများ ဖွင့်လှစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်ပေးခဲ့သည်။ ခေတ်မီရေး (၄) ပါးကို ပုံဖော်သည်။ ဗျူရိုကရေစီကို ပြုပြင်သည်။ One Stop Service ဖြင့် မြန်ဆန်သွက်လက်သော ယန္တရားကို ဖြစ်စေခဲ့သည်။ ခြစားမှုကို တင်းကျပ်စွာ ကိုင်တွယ်သည်။ ဗျူရိုကရေစီ ယန္တရား ပြုပြင်ပြောင်းလဲရေးကို အဓိကလုပ်ခဲ့သည်။

တိန့်ခေတ်၌ စီးပွားရေး ဖွံ့ဖြိုးမှုကို လုပ်ဆောင်နိုင်ခဲ့သည်။ တရုတ်ပြည်သူတို့သည် တရားသေဘောင်က ရုန်းထွက်ပြီး အလုပ်ဖြစ်ရေးကို ရှေ့ရှုခဲ့သည်။ စီးပွားရေး ဖွံ့ဖြိုးမှုနောက်၌ သြဇာပါတက်လာသည်။ တရုတ်သည် ကမ္ဘာ့ဇာတ်ခုံပေါ်တွင် နေရာရလာသည်။

မော်စီတုန်းခေတ်တွင် အမေရိကန်သမ္မတ နစ်ဆင်နှင့် နိုင်ငံရေးအရ အသိအမှတ်ပြုမှုရယူပြီး တိန့်ခေတ်တွင် စီးပွားရေးမျက်နှာစာ ဖွင့်နိုင်ခဲ့သည်။ တိန့်အလွန် ကျန်ဇီမင်း လက်ထက်တွင် ကွန်ဖြူးရှပ်ဝါဒကို နိုင်ငံတော်က တရားဝင် ဖော်ထုတ်လာခဲ့သည်။ တိန့်ခေတ် နှောင်းပိုင်းကာလက စတင်၍ ကွန်ဖြူးရှပ်ဝါဒသည် ပြန်လည်နေရာပေးခြင်း ခံလာရသည်။ ကျန်ဇီမင်း လက်ထက်တွင် ကွန်ဖြူးရှပ်ဝါဒ ရှေ့ရောက်လာသည်။

ကျန်ဇီမင်းကိုယ်တိုင်က လူထုရှေ့တွင် ကွန်ဖြူးရှပ်သဘောတရားများကို ပြန်လည်ရှေ့ တန်းတင်လာခြင်းကြောင့် ဖြစ်သည်။

## ဘက်ပြောင်းဘက်လွှဲ

တရုတ်၌ ပါတီဝါဒသည် ကွန်မြူနစ်ဖြစ်သည်။ စီးပွားရေးစနစ်မှာ ဈေးကွက်ဖြစ်သည်။ လူမှုဓလေ့မှာ ကွန်ဖြူးရှပ် ဖြစ်သည်။ လူမှုဓလေ့မှာ ပါတီနှင့် စီးပွားရေးစနစ်များနှင့် သက်ဆိုင်သည်ထက် လူထုနှင့် ပိုမိုသက်ဆိုင်သည်။ တရုတ်တွင် ကွန်ဖြူးရှပ်ဓလေ့ ထွန်းကားခြင်းသည်ပင် လူထုက

ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသုံးပြုခြင်းကြောင့် ဖြစ်သည်။ ကွန်ဖြူးရှပ်ဝလေ့ ထွန်းကားစေရန်လည်း သမိုင်းကြောင်းအရ နောက်ခံရှိပြီးသားပင်ဖြစ်သည်။ ထို့အတူ ဒီမိုကရေစီ၌လည်း လူထုသည် အခရာကျသည်။ လူထုကိုယ်တိုင် ဒီမိုကရက်တစ်ဝလေ့ အသားကျမှ ဒီမိုကရေစီ ခိုင်မာကျစ်လျစ်သည်ဟု ဆိုသည်။ တရုတ်တွင် ကွန်ဖြူးရှပ်လူမှုဝလေ့ စွဲမြဲလာခြင်းသည် ဒီမိုကရက်တစ် ဝလေ့သို့ ကူးပြောင်းရာတွင် အခက်အခဲ ရှိနိုင်သလား။ ရှိနိုင်သည်ဟု ဖြေရမည်ပင်ဖြစ်သည်။ ကွန်ဖြူးရှပ်ဝလေ့မှမဟုတ် အခြားသော မည်သည့် လူမှုဝလေ့မဆို အခြားလူမှုဝလေ့အသစ်ကို ချက်ချင်းလက်ခံနိုင်ရန်မှာ တကယ့်လက်တွေ့တွင် မဖြစ်နိုင်ချေ။ မြန်မာနိုင်ငံတွင်လည်း Radical Trendကဲ့သို့သောဝလေ့ ရှိသည်။ ထိုနည်းလည်းကောင်းပင် ဖြစ်နိုင်သည်။

ဝလေ့ဆိုသည်မှာလည်း နေ့ချင်း၊ ညချင်း ဖြစ်ပေါ်လာသည် မဟုတ်။ နှစ်ပေါင်းများစွာ အချိန်ယူပြီး အခြေတည် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဝလေ့တို့မည်သည် အတွေးအခေါ်၊ အယူအဆတို့မှ ပေါက်ဖွားလာသည်။ အယူအဆ၊ အတွေးအခေါ်များ နှစ်ပေါင်း ရှည်ကြာသောအခါ ဝလေ့အဖြစ် အသွင်ပြောင်းလာသည်။ ကွန်ဖြူးရှပ် အတွေးအခေါ်သည် တရုတ်၌ ယဉ်ကျေးမှု၊ ဝလေ့တစ်ခုအသွင်ဆောင်ခြင်းလာခြင်းသည် ယခုမှ မဟုတ်။ နှစ်ပေါင်းများစွာ ကြာရှည်နေပြီဖြစ်သည်။

ဤ၌တွင် ကွန်ဖြူးရှပ်အတွေးအခေါ်သည် လစ်ဘရယ်ဒီမိုကရေစီနှင့် သမူဟ လော။ သို့တည်းမဟုတ် ဝိရောဓိ လော။ မေးစရာပင်ဖြစ်သည်။

### သမူဟ...လား၊ ဝိရောဓိလား

လစ်ဘရယ်ဒီမိုကရေစီနှင့် ကွန်ဖြူးရှပ် အတွေးအခေါ်တို့အကြား အကွာအဟကို ချိန်ကြည့်ရန် လိုသည်။ ကွန်ဖြူးရှပ်က နိုင်ငံတော်၏ အခြေခံ ယူနစ်မှာ မိသားစု ဖြစ်သည်ဟု ညွှန်းသည်။ ထို့ကြောင့် လူသားဗဟိုပြုပုံစံ ဖြင့် လောကကို ရှုမြင်သည်။ မိသားစုများသည် အိမ်ထောင်စုဖြစ်လာသည်။ အိမ်ထောင်စုများ စုပေါင်း၍ ရွာများ၊ မြို့များဖြစ်လာသည်။ မြို့များ စုပေါင်း ၍ တိုင်း၊ နိုင်ငံဟူ၍ ဖြစ်လာသည်။ မိသားစုတစ်စု၌ ဦးစီး ဦးဆောင်သူမှာ

မိဘဖြစ်သည်။ ထို့အတူ နိုင်ငံတော်၌ ပြည်သူကို ဦးဆောင်သူသည် မိဘသဘောဖြစ်သည်ဟု ကွန်ဖြူးရှပ်က ယူသည်။

❖ ကွန်ဖြူးရှပ်၏ အယူအဆအရ 'အစိုးရသည် မိဘ၊ ပြည်သူသည် သားသမီး' ဟု ပညတ်သည်။

❖ လစ်ဘရယ်ဒီမိုကရေစီ၌ 'ပြည်သူသာ အမိ၊ ပြည်သူသာ အဖ' ဆိုသည့် သဘော ရှိသည်။

ထို့အတူ အမျိုးသားရေးကို ဦးဆောင်သည်ဟု ယူဆသည့် မြန်မာ့တပ်မတော်တွင်လည်း 'တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ' ဆိုသည့် ဆွဲကိုင်ချက်ရှိသည်။ ဤအချက် သည် တရုတ်၏ ကွန်ဖြူးရှပ်အယူအဆနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း ချန်လှပ် ထား၍ မရချေ။

အာရှစံတန်ဖိုးဟုသည့် ပညတ်သဘော၌ပင် ကွန်ဖြူးရှပ်အတွေးအခေါ်ကို မဏ္ဍိုင်ထား၍ အာရှသားတို့၏ အရှေ့တိုင်း အယူအဆများ ဝန်းရံထားသည်ကို တွေ့ရသည်။ ကွန်ဖြူးရှပ်သည် အုပ်ချုပ်ရေး၊ ကျင့်ဝတ်၊ ပညာရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ စသည့် ပညတ်ပညာများကို ဖြန့်ချိခဲ့သည်။ ကွန်ဖြူးရှပ်ဝါဒ အသီးသီး၍ လစ်ဘရယ် ဒီမိုကရေစီနှင့် ထိပ်တိုက်တွေ့နေသော အယူအဆများ ကိန်းဝပ်နေသည်။

ဤအချက်ကြောင့်ပင်လျှင် ကွန်ဖြူးရှပ် အယူအဆတို့ စွဲမြဲနေသည့် တရုတ်ပြည်သည် ဒီမိုကရေစီသဘောနှင့် ဝိရောဓိဖြစ်နေသလား ဆင်ခြင်စရာပင်ဖြစ်သည်။

## လူ-မှု ဝိရောဓိ

ကွန်ဖြူးရှပ်သည် လူ့အသိုင်းအဝိုင်းကိုရှေးရှုစဉ်းစားသည်။ လစ်ဘရယ်သည် မှုကို ဦးတည်သည်။ ကွန်ဖြူးရှပ်သည် ဆွေမျိုးဉာတိများကို ကူညီစောင့်ရှောက်ရန် ဟောသည်။ မိမိဆွေမျိုးများကို မစောင့်ရှောက်နိုင်ဘဲ နိုင်ငံတော်ကို မစောင့်ရှောက်နိုင်ဟု မြင်သည်။ လစ်ဘရယ်သဘောသည် အပေါင်းအသင်း၊ ရောင်းရင်း၊ ဆွေမျိုးဉာတိများကို မထုတ်နုတ်ချေ။ မှုကောင်း၊ မှုသန့်များဖြင့် ပြည်သူ့အကျိုးကို ရှေ့ရှုရေးသဘောကို ညွှန်းသည်။

ကွန်ဖြူးရှပ်အယူအဆ၌ ဥပဒေကောင်း၊ စည်းမျဉ်းကောင်းများသည် လူကောင်းများမှ ပေါ်ထွက်လာသည်ဟု ယူဆသည်။ လစ်ဘရယ်သဘောသည် မူကောင်းများက လူကို ပဲ့ပြင်ထိန်းကျောင်းသည်ဟု ယူဆသည်။ လူကို ဗဟိုပြုခြင်းနှင့် မူကိုဗဟိုပြုခြင်း၏ ဆန့်ကျင်ဘက်သဘောကို မြင်အောင် ကြည့်လျှင် သိနိုင်သည်။

## တရုတ်လူမှုဓလေ့

တရုတ်၌ ကွန်ဖြူးရှပ်အယူအဆသည် အမြစ်တွယ်သည်။ ယနေ့တရုတ် ကြီးပွားနေခြင်းသည် ဈေးကွက်စီးပွားရေးစနစ်၏ အချီအမကြောင့်ဟု ဆိုနိုင် သလို၊ ကွန်ဖြူးရှပ်အယူအဆတို့ကို စွဲစွဲမြဲမြဲကျင့်သုံးခြင်းကြောင့်လည်း ဖြစ် သည်။ တရုတ်တို့ ကြီးပွားပုံမှာ အနောက်တိုင်းပုံစံနှင့်မတူ။ အနောက်တိုင်းသည် စွန့်ဦးတီထွင် ပုံစံဖြင့် စီးပွားရေး တိုးတက်မှုကိုသွားသည်။ တရုတ်၏ ပုံစံ သည် အစိုးရအကူအညီအပံ့အပိုးဖြင့် ပြည်သူချမ်းသာခြင်း ဖြစ်သည်။

တရုတ်သည် ဆွေမျိုးအချင်းချင်း ရိုင်းပင်းသောဓလေ့ ရှိသည်။ ဆွေမျိုးနီးစပ် တော်သူချင်း စီးပွားရေး လုပ်ပိုင်ခွင့်များပေးခြင်းနှင့် ငွေကြေး အကူအညီများ ထောက်ပံ့ခြင်းဖြင့် အိမ်တွင်းစီးပွားရေးကို ချဲ့ယူသည်။ တရုတ်သည် တိန့်ရှောင်ဖိန်၏ ဈေးကွက်စီးပွားရေး ချဲ့ထွင်ပေးမှုကြောင့် ကြီးပွားလာသည်ဆိုသလို ကွန်ဖြူးရှပ်ဝါဒက ဈေးကွက်၌ လက်တွေ့စီးပွားရေး လုပ်ကိုင်ခြင်းကို အပံ့အပိုးပြုလျက်ရှိသည်။

ဤသို့သော အခြင်းအရာများကြောင့် တရုတ်တို့သည် ကွန်ဖြူးရှပ် အယူအဆ၏ လက်တွေ့အသုံးဝင်မှုကို ပိုမို နက်ရှိုင်းစွာ စွဲစွဲမြဲမြဲ လက်ခံလာ ကြသည့် သဘောလည်းရှိသည်။ ဒီမိုကရေစီထက် လက်တွေ့စားဝတ်နေရေး၊ နှင့် သက်သာချောင်ချိရေးကိုသာ စဉ်းစား ဆုံးဖြတ်လာကြသည်။ ကောင်း ကောင်းနေ၊ ကောင်းကောင်းစားရလျှင် ဒီမိုကရေစီတွေ ဘာတွေ မလိုဟုလည်း မြင်လာကြဟန်တူသည်။

တရုတ်တို့၏ ရင်ထဲတွင် ဒီမိုကရက်တစ် တန်ဖိုးများထက် တိန့်၏ 'ချမ်းသာတာ ကောင်းတယ်' ဆိုသည့် စကားကပင် ပိုမိုလွှမ်းမိုးနေဟန်တူသည်။

အရာရာကို အကျိုးအမြတ် ရှေ့ထား စဉ်းစားလုပ်ကိုင်ခြင်းသည် လစ်ဘရယ်ဓလေ့ကို လွယ်ကူစွာ လက်ခံနိုင်မည် မဟုတ်ချေ။

## ကွန်ဖြူးရှပ်အယူအဆ အချို့

ကွန်ဖြူးရှပ်က ပြောခဲ့သည်။

❖ အစိုးရဟာ လူမှာ အရင်းခံရတယ်။ အစိုးရကောင်းဖြစ်စေမယ့် တော်တည့် မှန်ကန်တဲ့သူဟာ ဘယ်သူလဲ။ သူဟာ အမျိုးအကျိုးလုပ်ရတာကို မြတ်နိုးသူပါပဲ။

❖ မှန်ကန်တဲ့ အခြေခံသဘောထား ရှိတဲ့သူဟာ အစိုးရကောင်းဖြစ်ပေါ်လာအောင် သဘာဝကျစွာ စွမ်း ဆောင်နိုင်ပါလိမ့်မယ်။

❖ သူ့ကိုယ့်သူ ဘယ်လိုစိတ်ဓာတ် ပျိုးထောင်ရမယ်ဆိုတာကို သိတဲ့ သူဟာ လူတွေကို ဘယ်လိုလွှမ်းမိုးရ မယ်ဆိုတာ သိတာပဲပေါ့။

❖ လူတွေကို ဘယ်လိုလွှမ်းမိုးရမယ်ဆိုတာ သိတဲ့သူဟာ အင်ပါယာတစ်ခုကိုလည်း ဘယ်လိုအုပ်ချုပ်ရ မယ်ဆိုတာ သိတာပဲပေါ့။

ကွန်ဖြူးရှပ်၏ စကားများသည် လူကို အခြေတည်၍ နိုင်ငံတော်ကို သတ်မှတ်သည် ဆိုသည့် အချက်မှာ ပေါ်လွင်နေသည်။

## အနှစ်ချုပ်

ကွန်ဖြူးရှပ်ဝါဒသည် လစ်ဘရယ်ဒီမိုကရေစီနှင့် ထိပ်တိုက်တွေ့နေရသောအချက်များ တွေ့ရသည်။ ထို့အပြင် အခြား အပံ့အပိုး ပြုစေသည့် အချက်များလည်း တွေ့ရသည်။ ဤတွင် တိုက်ရိုက်သဘောလည်း တွေ့ရသလို သွယ်ဝိုက်၍လည်း တွေ့ရသည်။

ဤအချက်များကို ပေါင်းစု၍ ကောက်သော် -

(၁) ကွန်ဖြူးရှပ်အတွေးအခေါ်၌ နဂိုကတည်းက လစ်ဘရယ်သဘောနှင့် ဆန့်ကျင်နေသော သဘောတရားများ တွေ့ရသည်။

(၂) အဆိုပါသဘောတရားများ ပေါက်ဖွားရာ လားရာဇာစ်မြစ်မှ စ၍ ကွဲပြားနေသည်ကို တွေ့ရသည်။

(၃) တရုတ်တို့၏ ခေနရှေ့ရှု စဉ်းစားချက်သည် ရှေ့တန်း ပိုရောက်လာသည်။

(၄) ကွန်ဖြူးရှပ်ဝါဒသည် စိတ်ကူးစံအယူအဆထက်ပိုသော လက်တွေ့ကျကျ အသုံးဝင်မှုရှိသည်။

(၅) တရုတ်၌ သမိုင်းကြောင်းအရ စွဲမြဲနေသော လူမှုခလေ့ကြောင့် ခေတ်သစ်လစ်ဘရယ် သဘောတရားများ အလွယ်တကူ တိုးမပေါက်ခြင်းဖြစ်သည်။

(၆) တရုတ်တို့သည် ကမ္ဘာပေါ်တွင် ထုံးတမ်းအစဉ်အလာကို အစွဲမြဲဆုံး လူမျိုးများ၌ ပါဝင်သည်။

(၇) ကွန်ဖြူးရှပ်အတွေးအခေါ်တို့၏ လာရာအရင်းအမြစ်မှာ လူဖြစ်သည်။ လူဟုဆိုရာတွင်လည်း Individualism သဘောမှသည် Community နယ်သို့ ကူးသွားသည့် ဖြစ်စဉ်ကို အခြေတည်ထားသည်။

❐

# တီ သုံး တီ (သို့မဟုတ်)
# တရုတ်၏ ဆုံးကြီး သုံးချောင်း

မင်းသေ့



# တရုတ်၏ ဆူးကြီး သုံးချောင်း (သို့) တီ သုံး တီ

တရုတ်ပြည်မှာ ယခုအချိန်အထိ နှစ်ဝင်နေတဲ့ ဆူးကြီး သုံးချောင်း ရှိတယ်။ အင်္ဂလိပ်လို တီသုံးတီ  လို့ခေါ်ကြတယ်။

(၁) တရုတ်ထိုင်ဝမ် (Taiwan)

(၂) တီယံမင် (Tiananmen)

(၃) တိဘက် (Tibet)

အရေးကိစ္စ သုံးခုဖြစ်တယ်။

## (၁) တရုတ် ထိုင်ဝမ်

၁၈၈၅ ခုနှစ်မှာ ဂျပန်က တရုတ်နဲ့စစ်ဖြစ်ပြီး ထိုင်ဝမ်ကျွန်းကို ကိုလိုနီနယ်မြေအဖြစ် သိမ်းတယ်။ ဂျပန်နဲ့ စစ်ပြေငြိမ်းရေးစာချုပ်မှာ၊ တရုတ်ရဲ့ အချုပ်အခြာအာဏာပိုင်နယ်မြေအဖြစ် မဖော်ပြဘူး။ လက်ဆောင်ပဏ္ဏာဆက်နယ်မြေအဖြစ်သာ ဖော်ပြခဲ့တယ်။ ၁၉၄၅ ခုနှစ်၊ ဒုတိယ ကမ္ဘာစစ်ပွဲမှာ ဂျပန်စစ်ရှုံးတော့ ထိုင်ဝမ်ကျွန်းကို တရုတ်ပြည်မကြီးက ပြန်ရသွားတယ်။

တရုတ်ပြည် ကြိုးပမ်းမှုကာလမှာ တော်လှန်ရေးအုပ်စုနှစ်စု ရှိပါတယ်။ တရုတ်နီ (ကွန်မြူနစ်တရုတ်/ယခု ဘေဂျင်းအစိုးရ) နဲ့ တရုတ်ဖြူ (ကူမင်တန်တရုတ်/ချန်ကေရှိတ်အစိုးရ ယခု ထိုင်ဝမ်အစိုးရ)တို့ ဖြစ်ပါတယ်။ လွတ်လပ်ရေး ကြိုးပမ်းကြတုန်းက ပေါင်းစည်းခဲ့ပြီးတော့၊ လွတ်လပ်ရေး

ရပြီးတဲ့အခါမှာ ပြည်တွင်းစစ်ဖြစ်တယ်။ အဲ့ဒီမှာ မော်စီတုန်းဦးဆောင်တဲ့ ကွန်မြူနစ် တရုတ်နီတွေ အနိုင်ရရှိပြီး ချန်ကေရှိတ် တရုတ်ဖြူတပ်တွေက ထိုင်ဝမ်ကျွန်းကို ထွက်ပြေးသွားတယ်။ အဲ့ဒီအချိန်ကစပြီး အမေရိကန်ရဲ့ အကာအကွယ်ပေးမှုနဲ့ ထိုင်ဝမ်ကျွန်းမှာ ကိုယ့်စနစ်နဲ့ကိုယ် နိုင်ငံအဖြစ် ထူထောင်တဲ့အခါ တရုတ်တိုင်ပေ ဖြစ်လာတယ်။ စစ်ရှုံးပြီး ထွက်ပြေးခဲ့တဲ့ ချန်ကေရှိတ်ဟာ တရုတ်ပြည်ကြီး တစ်ခုလုံးအတွက် ထိုင်ဝမ်ကျွန်းပေါ်မှာ၊ တရုတ်သမ္မတနိုင်ငံအဖြစ် စင်ပြိုင်အစိုးရ ထောင်ခဲ့တယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။




စစ်အေးကာလအစ ကုလသမဂ္ဂကြီးပေါ်ပြီးနောက်ပိုင်း၊ လုံခြုံရေးကောင်စီမှာပါတဲ့ တရုတ်နိုင်ငံဆိုတာ ပြည်မကြီး တရုတ်နိုင်ငံ မဟုတ်ပါဘူး။ တရုတ်တိုင်ပေကို ပြောတာပါ။ ဒါပေမယ့် မော်စီတုန်းတို့နဲ့ နစ်ဆင်တို့ စေ့စပ်ညှိနှိုင်းရေးလုပ်တဲ့အခါ ဘေဂျင်းနဲ့ ဝါရှင်တန်အစိုးရတို့ မဟာမိတ်ဖြစ်လာတယ်။ အဲ့ဒီကစပြီး လုံခြုံရေးကောင်စီမှာ အဖွဲ့ဝင်ဖြစ်လာတာက ပြည်မကြီးတရုတ် ဖြစ်လာပါတယ်။ တိတိကျကျပြောရရင် ၁၉၇၂ ခုနှစ်၊ ပေကျင်းခရီးစဉ်မတိုင်မီအထိသာ တရုတ်တိုင်ပေကို တရုတ်ရဲ့ တရားဝင်အစိုးရအဖြစ် အမေရိကန်နဲ့ အခြားနိုင်ငံတွေက အသိအမှတ်ပြုခဲ့တာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံက တရုတ်ပြည်တစ်ပြည်တည်းရှိသည်ဆိုသည့် ဝါဒကို လက်ကိုင်ထားတယ်။ တရုတ်တိုင်ပေရဲ့ ငြိမ်းငြိမ်းချမ်းချမ်း ပေါင်းစည်းရေးကို

လိုလားတယ်။ ဒါ့ကြောင့်လည်း တစ်နိုင်ငံ၊ စနစ် နှစ်မျိုးလို့ ကြွေးကြော်ထားတယ်။ တိုင်ပေကို တရုတ်ပြည်မကြီး အတွင်းကို သိမ်းသွင်းဖို့ အမြဲ လုပ်ဆောင်နေတယ်။ တိုင်ပေအရေးမှာ အမေရိကန် ဝင်ရောက် စွက်ဖက်တာကို မလိုလားဘူး။ ဒီလိုပဲ အမေရိကန်က တိုင်ပေနဲ့ ပြည်မကြီးတို့ ပေါင်းစည်းရေးကို မလိုလားပြန်ဘူး။ သူ့အကျိုးစီးပွားရေး ရှိနေလို့ ဖြစ်ပါတယ်။




တရုတ်တွေက ရေတပ်အင်အားကို တိုးချဲ့လာလို့ အမေရိကန်တွေကလည်း တည်ငြိမ်ရေး၊ ဒေသလုံခြုံရေးလို ပြောပြီး ရေတပ်ကို တိုးချဲ့တယ်။ ပစိဖိတ်ဒေသတွင်းမှာ အမေရိကန်နဲ့ သိပ်နီးတဲ့ နိုင်ငံတွေအပေါ် တရုတ်ဩဇာ လွှမ်းမိုးသွားမှာကို ကာကွယ်တဲ့အနေ နဲ့ အမေရိကန်က ပစိဖိတ်ဒေသအပေါ်မှာ အစီအစဉ်တွေ အများကြီးကို လုပ်ဆောင်နေတယ်။ ပစိဖိတ်ဒေသတွင်းမှာ အမေရိကန်နဲ့ နိုင်ငံခြားရေးရာ နီးစပ်တဲ့ဒေသ/ နိုင်ငံတွေက ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဖိလစ်ပိုင်၊ စင်ကာပူစတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ တရုတ်တိုင်ပေကိစ္စမှာ ဘေဂျင်းအစိုးရက ထိုင်ပေကို ပိတ်ဆို့တာတို့၊ သိမ်းပိုက်တာတို့ လုပ်လာရင်၊ တရုတ်နဲ့အမေရိကန် ထိပ်တိုက်တွေ့လာမှာ မုချပဲ။ ဒါကို နှစ်ဖက်စလုံးကလည်း သိနေတယ်။ သတိထားပြီး ချဉ်းကပ်နေတဲ့ သဘောမှာ ရှိပါတယ်။

❐ ❐ ❐

*“ကျုပ်တို့က ‘ထိုင်ဝမ် လွတ်လပ်ရေး’ကို ကြွေးကြော်တဲ့ ဘယ်လူ ပုဂ္ဂိုလ် ဘယ်ပါတီနဲ့မှ ဘာစေ့စပ်ဆွေးနွေးမှုမှ မလုပ်ဘူး။”*

**ကျူရုံကျီ ဝန်ကြီးချုပ်ဘဝ ထိုင်ဝမ်ရွေးကောက်ပွဲတစ်ခုပြီးနောက် ပြောသည့်စကား**

**စာ - ၄၄၆ / ကျန်ဇီမင်း (သို့)တရုတ်ပြည်ကို ပြောင်းလဲခဲ့သူ တော်ကောင်းမင်း**

*“ရေလက်ကြားကမ်းနှစ်ဖက်ရဲ့ စေ့စပ်ဆွေးနွေးမှုသာ အခြေခံတစ်ခု ဖြစ်ခဲ့ပြီး တရုတ် တစ်နိုင်ငံတည်းမူဝါဒကိုသာ လက်ခံခဲ့ရင် ဘယ်ကိစ္စကို မဆို ဆွေးနွေးနိုင်ပါတယ်။”*

**သမ္မတ ကျန်ဇီမင်း၏ ပြောစကား**

**စာ - ၄၄၆/ကျန်ဇီမင်း (သို့) တရုတ်ပြည်ကို ပြောင်းလဲခဲ့သူ -တော်ကောင်းမင်း**

*“ကျန်ဇီမင်းက သူ့၏အတွင်းပိုင်း မိန့်ခွန်းတစ်ခုတွင် ‘ထိုင်ဝမ် လွတ်လပ်ရေးကို ထောက်ခံသည့် နိုင်ငံရေးသမားများ’ ကို ကျွန်စိတ်ပေါက်နေသည့် အမေရိကန် ကိုးကွယ်သူများဟု ပြင်းပြင်းထန်ထန် ရှုတ်ချဖူးသည်။ ထို့နောက် ထိုင်ဝမ် နိုင်ငံရေးသမား တော်တော်များများဟာ အမေရိကန်ပြောသမျှ ‘ဟုတ်ကဲ့’ချေးထူးနေကြပြီး ပြည်မကြီးက ပြောသမျှကိုတော့ ‘ဘူး’ ချည်းပဲ ခံနေကြတယ် ဟု ပြောခဲ့ပြန်သည်။”*

**စာ - ၄၄၇/ကျန်ဇီမင်း (သို့) တရုတ်ပြည်ကို ပြောင်းလဲခဲ့သူ-တော်ကောင်းမင်း**

## တိုင်ပေရဲ့ဒီမိုကရေစီ

၁၉၄၉ ခုနှစ်၊ ထိုင်ဝမ်ကျွန်းမှာ စင်ပြိုင်အစိုးရထူထောင်စဉ်ကတည်းက တရုတ်တိုင်ပေကို ချန်ကေရှိတ်က စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ခဲ့တယ်။ စစ်အုပ်ချုပ်ရေးဟာ ဆယ်စုနှစ် လေးခု ကြာတယ်။ အဲ့ဒီကာလအတွင်းမှာ ဘယ်နိုင်ငံရေးပါတီကိုမှ တရားဝင် ခွင့်ပြုမပေးခဲ့ဘူး။ ၁၉၈၀ နောက်ပိုင်းမှာ စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်တဲ့ နိုင်ငံရေးအတိုက်အခံ အင်အားစု အားကောင်း လာတယ်။ ၁၉၈၆ ခုနှစ် စက်တင်ဘာလမှာ ပထမဆုံးအတိုက်အခံ နိုင်ငံရေး ပါတီ ‘ဒီမိုကရက်တစ် တိုးတက်ရေးပါတီ’ ကို တရားမဝင် ဖွဲ့စည်းနိုင်ခဲ့တယ်။

၁၉၈၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်မှာ၊ အတိုက်အခံပါတီ ဦးဆောင်တဲ့ အမျိုးသားလုံခြုံရေး ဥပဒေဆန့်ကျင်တဲ့ လူထုလှုပ်ရှားမှုပေါ်လာတယ်။ အမေရိကန်လွှတ်တော်ရဲ့ ဖိအားပေးမှုကြောင့်၊ ဇွန်လ ၁၄ ရက်နေ့မှာပဲ စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းပေးလိုက်ရတယ်။ ဒါနဲ့ တစ်ပြိုင်နက်တည်းမှာ အတိုက်အခံပါတီတွေ တရားဝင်ဖြစ်လာပြီး၊ တရုတ်ပြည်သစ်ပါတီနဲ့ ထိုင်ဝမ်လွတ်လပ်ရေးပါတီတို့ ဆက်လိုက်ဆိုသလို ပေါ်လာတယ်။ အာဏာရ ပါတီဖြစ်တဲ့ ကူမင်တန်ပါတီနဲ့ အတိုက်အခံနိုင်ငံရေးပါတီတို့ စေ့စပ်ညှိနှိုင်းရေးတွေ လုပ်ကြတယ်။ အခြေခံဥပဒေပြင်ဆင်ရေးအတွက် ဘုံသဘောတူညီချက်တွေရတယ်။




၁၉၉၂ ခုနှစ်မှာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့တယ်။ ၁၉၉၅ ခုနှစ်မှာ တိုက်ရိုက်သမ္မတ ရွေးကောက်ပွဲ ကျင်းပတယ်။ အဲ့ဒီမှာ သမ္မတနဲ့ ဒုတိယသမ္မတတို့ကို တိုက်ရိုက်ရွေးကောက် တင်မြှောက်နိုင်ခဲ့တယ်။ သမ္မတက လီတန်ဟွီး ဖြစ်တယ်။

လီတန်ဟွီးက အမျိုးသားရေးဝါဒကို လှုံ့ဆော်ပြီး သမ္မတဖြစ်လာတာ။ လီက တရားဝင်သဘောနဲ့ လွတ်လပ်ရေးကို မကြေညာပေမယ့် လွတ်လပ်ရေးကို တစ်နည်းနည်းနဲ့ လူအများလက်ခံလာအောင် လုပ်ချင်စိတ်ရှိတယ်။ လီက ထိုင်ဝမ်မှာမွေးတဲ့ ထိုင်ဝမ်သား စစ်စစ်ဖြစ်တယ်။ ဂျပန်စကားကို ရေရေလည်လည် ပြောတတ်တယ်။ ဂျပန်နိုင်ငံက တရုတ်မုန်းတီးရေးဝါဒီတွေနဲ့ အကျွမ်းတဝင် ဆက်ဆံရေးရှိတယ်။

ထိုင်ဝမ်ရွေးကောက်ပွဲ နောက်ပိုင်း ၁၉၉၅-၉၆ ခုနှစ်မှာ ဘေဂျင်းက ထိုင်ဝမ်ရေလက်ကြားမှာ ဒုံးပျံတွေ စမ်းသပ်ပစ်လွှတ်တယ်။ အမေရိကန် သမ္မတ ဘီကလင်တန်က လေယာဉ်တင်သင်္ဘော (၂) စင်းလွှတ်ပြီး၊ သတိပေးတယ်။ နှစ်ဖက်စလုံး ပြန်တည်ငြိမ်သွားတယ်။

၂၀၀၀ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ၊ သမ္မတဖြစ်လာသူက ချန်ရွှေဗျန်းဖြစ်တယ်။ ချန်ရွှေဗျန်းက ဘေဂျင်းကို ကြမ်းရှရှအမြင်နဲ့ ကြည့်သူဖြစ်တယ်။ တိုင်းပြည်ကို 'တရုတ် တိုင်ပေ' လို့ ပြင်ဖို့နဲ့ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ခွင့်ကို ပြန်လည်လျှောက်ထားဖို့ လှုံ့ဆော်တယ်။

၂၀၀၅ ခုနှစ်မှာ ကျင်းပတဲ့ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်က၊ အစိုးရအဖွဲ့ကို 'တရုတ်တိုင်ပေဟာ ပြည်မကြီးက ခွဲထွက်ဖို့ ကြိုးစားတယ်လို့ ယူဆရင်၊ စစ်အင်အားသုံး ဟန့်တားပိုင်ခွင့်ကို အပ်နှင်းလိုက်တယ်။ အစိုးရအဖွဲ့ကို တိုင်ပေ ခွဲထွက်ရေးလှုပ်ရှားမှုတွေ့ရင် ဘယ်နည်းနဲ့မဆို တားဆီးပါလို့ ပြောလိုက်တာနဲ့ အတူတူပါပဲ။ အဲ့ဒီနောက်ပိုင်း တရုတ်ကမ်းရိုးတန်းမှာ ဒုံးပျံတစ်ရာစီ ချထားခဲ့ရာကနေ၊ တာတိုပစ် ဒုံးပျံ တစ်ထောင် နီးပါးအထိ တိုးပြီး ဘေဂျင်းအစိုးရက တပ်ဆင်တယ်။ ဘေဂျင်းအစိုးရမှာ တရုတ်စစ်သား ၁.၄ သန်း ရှိတယ်။ အဲ့ဒီအထဲက စစ်သား ၄ သိန်းလောက်ကို ထိုင်ဝမ်အနီးမှာ စခန်းချထားတယ်။ တိုင်ပေမှာက စစ်သား ၁၃၀,၀၀၀ ရှိတယ်။ ပင်တဂွန်က အမေရိကန် လွှတ်တော်ကိုတင်ပြတဲ့ အစီရင်ခံစာ ၂၀၀၇ အရ၊ ဘေဂျင်းအစိုးရမှာ တိုက်လေယာဉ် ၁၅၅၀ စင်းရှိတဲ့ အနက် ၄၂၅ စင်းကို ထိုင်ဝမ်အနီးမှာ တပ်စွဲထားတာတွေ့ရတယ်။ တိုင်ပေမှာက တိုက်လေယာဉ် ၃၃၀ စင်းပဲ ရှိတယ်။ တိုင်ပေရေတပ်ရဲ့ ဖျက်သင်္ဘော ၄ စင်းနဲ့ တိုက်သင်္ဘော ၂၂ စင်း

တို့က အရှေ့အာရှနဲ့ တောင်တရုတ်ပင်လယ်ပင်ကို ဖြန့်ကျက်ထားတဲ့ တရုတ် ဖျက်သင်္ဘော ၁၁၆ စင်း၊ တိုက်သင်္ဘော အစင်း ၄၀ တို့နဲ့ ရင်ဆိုင်နေရတဲ့ အနေအထားမှာ ရှိတယ်။

တရုတ်တိုင်ပေဘက်က သူတို့လုံခြုံရေးကို အမေရိကန်က ကာကွယ်ပေးလိမ့်မယ်လို့ ယူဆပြီး ကာကွယ်ရေး စရိတ်တိုးမြှင့်တာတို့၊ စစ်ရေးစွမ်းရည် မြှင့်တာတို့ကို ဦးစားပေးပြီး လုပ်ပုံမရဘူး။ တစ်ဖက်မှာလည်း ဘေဂျင်း အစိုးရက တိုင်ပေအနေနဲ့ အမေရိကန်ရဲ့ စောင့်ရှောက်မှု ဘယ်လောက်ပင် ယူထားယူထား တရုတ်ရေတပ်ရဲ့ ရေငုတ်သင်္ဘောတွေရဲ့ စွမ်းအားကို မသိမသာ ပြသလေ့ရှိတဲ့သဘောကို တွေ့ရတယ်။

တရုတ်တိုင်ပေမှာ လူဦးရေ ၂၃ သန်းလောက်ရှိတယ်။ တိုင်ပေ ၁ သန်းလောက်က တရုတ်ပြည်မကြီးဘက်မှာ နေထိုင်တယ်လို့ ဘေဂျင်းအစိုးရက ခန့်မှန်းတယ်။ ပြည်မကြီးနဲ့ တိုင်ပေရဲ့ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုက အတော်ကြီးတယ်။ တိုင်ပေမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးကုမ္ပဏီစာရင်းမှာ ပြည်မကြီးဘက်က ကုမ္ပဏီတွေပါတယ်။ ကုန်သွယ်ရေးမှာ နှစ်ဖက်က တိုက်ရိုက်ဆက်သွယ်တာ မဟုတ်ပါဘူး။ ဟောင်ကောင်တို့၊ ဒူဘိုင်းတို့ကနေ တစ်ဆင့် ဆက်သွယ်ရေးလုပ်ကြရတာပါ။ ၂၀၁၆ ခုနှစ်မှာ တရုတ်-တိုင်ပေ ကုန်သွယ်ရေးဟာ ဒေါ်လာ ၁၀၈ ဘီလီယံ လောက် ရှိမယ်လို့ သိရတယ်။ ဒါက တိုင်ပေ ကုန်သွယ်ရေးကဏ္ဍရဲ့ ၂၆ % ရှိတယ်လို့ ဆိုရမယ်။

ထိုင်ဝမ်နဲ့ ပတ်သက်ပြီး တရုတ်အစိုးရက တရုတ်ရဲ့ပြည်နယ်တစ်ခုအဖြစ် စာရင်းထည့်ပြီး ဖော်ပြတယ်။ တရုတ်သံရုံးထုတ် တရုတ်အစိုးရအာဘော်နဲ့ ဖြန့်ချိပုံနှိပ်ထားတဲ့ တရုတ်ပြည်အကြောင်းမှတ်တမ်းစာအုပ်၊ စာစောင်တွေမှာ ထိုင်ဝမ်ကို ပြည်နယ်လို့ သတ်မှတ်ဖော်ပြတယ်။ တရုတ်ပြည်မကြီးနဲ့ ထိုင်ဝမ်က ၁၉၉၀ တစ်ဝိုက်မှာ ကုန်သွယ်မှုဆက်ဆံရေးကို ညှိနှိုင်းလုပ်ဆောင်နိုင်ခဲ့တာတွေ့ရတယ်။ အခုဆိုရင် နိုင်ငံရေးအရဆိုတာထက် စီးပွားရေးအရ၊ ကုန်သွယ်မှုအရ၊ ရင်းနှီးမြှုပ်နှံမှုအရ တရုတ်နဲ့ထိုင်ဝမ်ဟာ ပိုပြီး နီးကပ်တဲ့ ဆက်ဆံရေး အခြေအနေမှာ ရှိနေပါတယ်။

(၂) တီယံမင်

လီကွမ်ယုက တီယံမင်ကိစ္စနဲ့ပတ်သက်ပြီး မှတ်ချက်ပေးဖူးတာရှိတယ်။ *'တရုတ်နိုင်ငံက လစ်ဘရယ် ဒီမိုကရေစီနိုင်ငံဖြစ်လာစရာ အကြောင်းမရှိဘူး။ တကယ်လို့ ဖြစ်ခဲ့ရင် တရုတ်နိုင်ငံ ပြိုကွဲသွားမှာပဲ။ ကျွန်တော့်အဖို့ ဒါက ကျိန်းသေပဲ။ တရုတ်ပညာရှင် လူတန်းစားကလည်း ဒီလိုပဲ နားလည်ထားတယ်။ တရုတ်နိုင်ငံမှာ ဒီမိုကရေစီ တော်လှန်ရေးအမျိုးအစားတစ်ခု ဖြစ်လာစရာရှိတယ်လို့ ခင်ဗျားယုံကြည်ရင်တော့ ခင်ဗျားမှားပြီ၊ တီယံမင်ရင်ပြင်က ကျောင်းသားတွေ အခု ဘယ်ရောက်သွားပြီလဲ။ သူတို့က အခြေအနေနဲ့ အံချော်နေတယ်။'*



လီကွမ်ယုကို ဒီမိုကရေစီခေါင်းဆောင်လို့ ခေါင်းစဉ်တပ်လို့ မရပေမယ့်၊ ဖွံ့ဖြိုးမှုဗေဒမှာ သူ့အယူအဆတွေကို ငြင်းပယ်ဖို့ ခက်ပါတယ်။ လီကွမ်ယုရဲ့ လုပ်ရပ်တွေဟာ ဒီမိုကရေစီနှုန်းစံ ချို့တဲ့ချင် ချို့တဲ့ပါလိမ့်မယ်။ သို့ပေမယ့် လက်တွေ့ဝါဒီတို့အဖို့ အသုံးဝင်တယ်။ တိန့်ရှောင်ဖိန်ကိုယ်တိုင်က သူ့နိုင်ငံတိုးတက်ဖို့လုပ်ဆောင်ရာမှာ စင်ကာပူကို အတုယူဖို့ ဆော်ဩတိုက်တွန်းခဲ့သေးတယ် မဟုတ်လား။ တိန့်ရှောင်ဖိန်က လီကွမ်ယုနဲ့တွေ့တုန်းက ပြောခဲ့ဖူးသေးတယ်။ သူ့မှာက စင်ကာပူလို မြို့ပြလေးတစ်ခုတည်း မဟုတ်ဘူးတဲ့။ အများကြီးရှိတယ်။ ဒါ့ကြောင့် တရုတ်အနေနဲ့ အတော်ကြီးရုန်းထ

ကြိုးစားရဦးမယ့်သဘောပြောခဲ့တယ်။ ဒါ့ကြောင့် တိန့်ရှောင်ဖိန်ဟာ ဒီမိုကရေစီရေးထက် ဖွံ့ဖြိုးရေးကို သူရွေးချယ်ခဲ့တယ်။ တီယံမင်ကိစ္စဖြစ်ပြီးတဲ့နောက် ၁၉၉၃ မှာ ကျန်ဇီမင်းက တရုတ်သမ္မတဖြစ်လာတယ်။ တိန့်ရှောင်ဖိန် တော့ မသေသေးဘူး။ တိန့်ရှိသေးတယ်။ ၁၉၈၉ အဖြစ်အပျက်ဟာ တိန့်ရဲ့ ဆုံးဖြတ်ချက်တွေ အများကြီးလွှမ်းမိုးတယ်။ တိန့်က ၁၉၉၇ မှသေတယ်။ ၁၉၈၉ ခုနှစ်မှာ တရုတ်ဝန်ကြီးချုပ် ကျောက်ကျိယံ အာဏာလက်လွှတ်လိုက်ရတယ်။ တီယံမင်အရေးကို အားပေးထောက်ခံတယ်လို့ ယူဆခံရလို့ ဖြစ်ပါတယ်။ တီယံမင်အရေးအခင်းနဲ့ ပတ်သက်ပြီးတော့ မာရှယ်လော ထုတ်ပြန်ပြီး အုပ်ချုပ်တာကို ငြင်းဆန်ခဲ့တဲ့ တရုတ်ဗိုလ်ချုပ်တွေကိုလည်း ချက်ချင်း အငြိမ်းစားပေးပစ်လိုက်ကြတယ်။

ပြည်သူတွေကို ထမင်းဝဝ ကျွေးထားနိုင်ရင် အားလုံး နှုတ်ဆိတ်နေကြလိမ့်မယ် ဆိုတဲ့ အယူအဆကို တရုတ်ခေါင်းဆောင်တွေ စွဲမှတ်လက်ခံထားကြဟန်တူပါတယ်။ ဒီအယူအဆအမြင်ကလည်း အခုအချိန်ထိ တရုတ်ခေါင်းဆောင်တွေဆီမှာ စွဲမြဲနေပါလိမ့်မယ်။ တိန့်ရှောက်ဖိန်ဟာ လက်တွေ့ကျကျ စဉ်းစားတယ်။ လက်တွေ့ ကျကျလုပ်တယ်။ မော်စီတုန်း စုစည်းခဲ့တဲ့ တရုတ်ပြည်ကြီးကို အကွဲကွဲအပြဲပြဲဖြစ်တာ မလိုချင်ဘူး။ အနောက်တိုင်းက သူ့စံပေတံ သတ်မှတ်ချက်နဲ့ တိုင်းတာတဲ့ ဒီမိုကရေစီမျိုးကို တရုတ်က မလိုလားဘူး။ တရုတ်ကိုယ်တိုင်က ဒီမိုကရေစီကို တရုတ်ဖားရှင်း (တရုတ်အမြင်)နဲ့ ဖွင့်ဆိုတယ်။ တရုတ်ဖွင့်ဆိုထားတဲ့ ဒီမိုကရေစီဆိုတာ ဘယ်လို အနက်အဓိပ္ပာယ်မျိုး ဘယ်လို အနှစ်သာရမျိုးကို ဆောင်တယ်လို့ ထင်ပါသလဲ။

၁၉၈၉ ခုနှစ်၊ တရုတ်ပြည်ရဲ့မြို့တော် ဘေဂျင်း၊ တီယံမင်ရင်ပြင်မှာ ကျောင်းသားတွေ ဦးဆောင်တဲ့ ဆန္ဒပြမှုတွေ ဖြစ်ပေါ်လာတယ်။ တီယံမင်ရင်ပြင် လူထုအုံကြွမှုလို့ လူသိများတယ်။ ၈၉ ဒီမိုကရေစီလှုပ်ရှားမှု လို့လည်း ဆိုကြတယ်။ တီယံမင်ဒီမိုကရေစီလှုပ်ရှားမှုကို ဖြိုခွင်းဖို့ တရုတ်တပ်မီတော်ကို တာဝန်ပေးတယ်။ ဘေဂျင်းမှာ မာရှယ်လော ထုတ်ပြန်ပြီး ထိန်းသိမ်းရတဲ့အထိ ဖြစ်ခဲ့တယ်။ ကျောင်းသား၊ စစ်သားနဲ့ လူထုဟာ ပျားပန်းခတ်အောင် ရောထွေးနေတယ်။ တရုတ်ခေါင်းဆောင်တွေဟာ လတ်တလော ပြဿနာကို အနာဂတ်ရှေ့ရှုချက်နဲ့ တုံ့ပြန်ခဲ့တယ်လို့ ပြောလို့ရနိုင်တယ်။ လူထုအုံကြွမှုဟာ

လတ်တလော ဒီမိုကရေစီတောင်းဆိုရေးကိစ္စ ဖြစ်ပေမယ့်၊ ဒီမိုကရေစီဟာ သမိုင်းကြောင်း အစဉ်အလာကြီးမားပြီး စုစည်းနေထိုင်တဲ့ တရုတ်ပြည်ကြီးကို အနာဂတ်မှာ ပြိုကွဲစေဖို့မလိုလားဘူး။ ဒါ့ကြောင့် ဒီမိုကရေစီကို မရွေးဘဲ တရုတ်ပြည်ကြီးစုစည်းတည်တံ့မှုကို ရွေးချယ်ခဲ့တယ်။

ကျောင်းသား သိန်းနဲ့ချီဆန္ဒပြပွဲကြီးဟာ တရုတ်ကွန်မြူနစ်ပါတီရဲ့ လမ်းညွှန်ချက်အောက်မှာ တပ်နီတော်ရဲ့ ဖြိုခွင်းမှုနဲ့အတူ ကျဆုံးမှုတွေ များခဲ့တယ်။ တရုတ်သမိုင်းကြောင်းနောက်ခံကို ကြည့်ရင် တရုတ်ပြည်ကြီးဟာ စစ်ဘုရင်တွေ တန်ခိုးထွားပြီး သူတလူ ငါတမင်းဖြစ်ခဲ့ခြင်းအပေါ် သမိုင်းသင်ခန်းစာ ယူဟန်ရှိပါတယ်။ အပြိုပြိုအကွဲကွဲ တကွဲတပြားဖြစ်ပြီး စိတ်ဝမ်းကွဲပြားနေမှုကို မလိုလားဘူးဆိုတဲ့ အမြင်မျိုးကိုတွေ့ရတယ်။ ၁၉၈၉ တီယံမင် လှုပ်ရှားမှုဟာ တရုတ်ပြည်ကြီးရဲ့အနာဂတ်ကို ခြိမ်းခြောက်နိုင်တယ်လို့ တရုတ်ခေါင်းဆောင်တွေက ယူဆတယ်။

သန်းပေါင်းများစွာသော ပြည်သူလူထုကြီးအရေးကိစ္စကို ဦးစားပေးစဉ်းစားဖို့၊ လူသိန်းဂဏန်းလောက် အဆုံးရှုံးခံလိုက်ရခြင်းဟာ ထိုက်တန်တယ်လို့ တရုတ်ခေါင်းဆောင်ပိုင်းက ယူဆခဲ့ကြတယ်။ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးကိစ္စဟာ တရုတ်ပြည်ကြီးရဲ့တည်ရှိမှုနဲ့ နှိုင်းယှဉ်ရင် ထည့်သွင်းစဉ်းစားစရာ မလိုတဲ့အချက်ဖြစ်တယ်လို့ ယူဆကြတယ်။ ဒါ့ကြောင့်လည်း သိန်းနဲ့ချီတဲ့ ဆန္ဒပြကျောင်းသားတွေဟာ လူ့အခွင့်အရေးကို ချိုးဖောက်ခံရပြီး လူမဆန်စွာ နှိပ်ဆက်ညဉ်းဆဲမှုကို ခံခဲ့ရတယ်။

ထူးခြားတဲ့ ဖြစ်ရပ်တွေဟာ တိုက်ဆိုင်မှုရှိတယ်။ ၁၉၈၉-၉၀ ဟာ စစ်အေးကာလရဲ့ နိဂုံးဖြစ်ခဲ့တယ်။ ဘာလင်တံတိုင်းပြိုတဲ့ခုနှစ်ဟာ ၁၉၈၉ နိုဝင်ဘာမှ ဖြစ်တယ်။ ဆိုဗီယက်ယူနီယံကြီး ပြိုကွဲတဲ့ ခုနှစ်ဟာ ၁၉၉၀ ဖြစ်တယ်။ တရုတ်ပြည်ရဲ့ တီယံမင်အရေးအခင်းဟာ ၁၉၈၉ မှာဖြစ်ပွားတယ်။ မြန်မာပြည်ရဲ့ ဒီမိုကရေစီအရေးတော်ပုံဟာ ၁၉၈၈ မှာဖြစ်ပွားတယ်။ ၈၈ အရေးအခင်းနဲ့အတူ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလည်း နိဂုံးချုပ်သွားတယ်။ ထိုနည်းလည်းကောင်း ၁၉၈၉ မှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီ နေဝင်ချိန်ကိုရောက်ခဲ့တယ်။ ဖြစ်စဉ်တွေက ထူးခြားစွာ ဆက်စပ်နေမယ်လို့ တွေးဆလို့ ရပါတယ်။

(၃) တိဗက်

တိဗက်ဟာ တရုတ်ရဲ့အတွင်းပိုင်း တောင်းတန်းဒေသတစ်ခုဖြစ်တယ်။ ကမ္ဘာ့အမြင့်ဆုံးဒေသတစ်ခုဖြစ်တယ်။ တရုတ်ဟာ တိဗက်နဲ့နိုင်ငံရေး ပြဿနာရှိတယ်။ တိဗက်ရဲ့နိုင်ငံရေးဟာ ဘာသာရေးနဲ့ တွဲနေတယ်။ ခွဲလို့လည်း မရဘူး။ တိဗက်ရဲ့ ဘာသာရေးဟာ မဟာယာနဗုဒ္ဓဘာသာဂိုဏ်း ကွဲတစ်ခုလို့ ပြောလို့ရတယ်။ ဗောဓိသတ္တယာနလို့လည်း ခေါ်ကြတယ်။ အစဉ်အလာအရ ခေါင်းဆောင် ဘုန်းကြီးနှစ်ပါးရှိတယ်။



ဒလိုင်းလားမားနဲ့ ပန်ချင်လားမားဆိုတဲ့ ဘုန်းကြီးနှစ်ပါးက အုပ်ချုပ်ရေးနဲ့ ဘာသာရေးကို တာဝန်ယူတယ်။ တိဗက်တို့ဟာ ဒလိုင်းလားမားကို ဘုရားဝင်စားသူလို့ ယုံကြည်ပြီးအုပ်ချုပ်မှုအာဏာကို အပ်နှင်းခံရသူလို့ ယူဆထားတယ်။ သူပျံလွန်တော်မူရင်လည်း နောက်တစ်ကြိမ်လူဝင်စား ပြန်ဖြစ်တယ်လို့ ယုံကြည်ကြတယ်။ ဒီလူဝင်စားဟာလည်း ဒလိုင်းလားမား တာဝန်ကိုပြန်ယူရမယ်၊ ဒလိုင်းလားမားဝင်စားတဲ့ ကလေးငယ် ဟုတ်၊မဟုတ် ဆိုတာကို ပန်ချင်လားမားက ဆုံးဖြတ်ရမည်ဆိုတဲ့ ယုံကြည်မှု အစဉ်အလာတွေ ရှိတယ်။

တိဘက်ဆိုတာ ဟိုးယခင်ကတည်းက သီးခြားလွတ်လွတ်လပ်လပ် ရှင်သန်ရပ်တည်နေတဲ့ ဒေသ။ ၁၉၄၉ ခုနှစ်မှာ တရုတ်ပြည် လွတ်လပ်ရေးကို ကြေညာပြီး ၁၉၅၀ ခုနှစ်မှာ တိဘက်ဒေသကို တရုတ်ကွန်မြူနစ်တွေ သိမ်းပိုက်လိုက်တယ်။ အဲ့ဒီက စပြီး တိဘက်နဲ့ တရုတ်ပြည်မကြီးတို့ ပဋိပက္ခ စတင်ခဲ့တယ်။

လက်ရှိ ဒလိုင်းလားမားဟာ ၁၄ ကြိမ်မြောက် ဒလိုင်းလားမားဖြစ်တယ်။ သူနဲ့ တရုတ်ဗဟိုကွန်မြူနစ်အစိုးရတို့ကြားမှာ ညှိနှိုင်းကြပေမယ့် အဖြေမရခဲ့ဘူး။ တိဘက်က တော်လှန်ပုန်ကန်မှုတွေ လုပ်တယ်။ ဗဟိုကွန်မြူနစ်အစိုးရကလည်း အကြမ်းဖက် ဖိနှိပ်မှုတွေ လုပ်တယ်။ ၁၉၅၈ ခုနှစ်မှာပဲ၊ တိဗက်လက်နက်ကိုင်အင်အားစုတွေက တော်လှန်တယ်။ ဒီအင်အားစုတွေကို အိန္ဒိယနဲ့အမေရိကန်တို့က ထောက်ပံ့ကူညီတယ်။ ၁၉၅၉ ခုနှစ်မှာ ဗဟိုကွန်မြူနစ်အစိုးရက တိဘက်ကို အပြီးသပ် သိမ်းပိုက်တယ်။ အဲ့ဒီတော့ ဒလိုင်းလားမားက အိန္ဒိယကို ထွက်ပြေးတိမ်းရှောင်တယ်။ အဲ့ဒီအခါ ပန်ချင်လားမားကို တရုတ်ဗဟိုအစိုးရက ထိန်းချုပ်ထားတယ်။ ဒါပေမယ့် ပန်ချင်လားမားကို တိဘက်တာဝန်ခံ ပြည်သူ့ကွန်ဂရက် အမြဲတမ်းအဖွဲ့ဝင် ခန့်ထားပြီး ထိန်းချုပ်ထားတယ်။

ဒီလိုနဲ့ ၁၉၉၅ မှာ ပန်ချင်လားမား ပျံလွန်တော်မူသွားတယ်။ ပြဿနာက ပိုရှုပ်သွားတယ်။ ပန်ချင်လားမား ဆိုတာ ဒလိုင်းလားမား ဘယ်သူ့ကို ဝင်စားတယ်ဆိုတာကို သတ်မှတ်ပေးရတဲ့သူ။ ၁၅ ကြိမ်မြောက် ဒလိုင်းလားမားကို ရွေးချယ်ဖို့ ပန်ချင်လားမား တစ်ယောက် ရွေးချယ်ရမယ်။ ဒါကို တရုတ် ဗဟိုကွန်မြူနစ်အစိုးရက စိတ်ကြိုက်ရွေးချယ် ချင်တယ်။ ဒါကို လက်ရှိ ၁၄ ကြိမ်မြောက် ဒလိုင်းလားမားက ပြင်းပြင်းထန်ထန် ဆန့်ကျင်တယ်။ ဒါ့ကြောင့် တိဘက်မှာ နောက်ထပ်တစ်ကြိမ် ပဋိပက္ခ တစ်ခုထပ်ဖြစ်တယ်။ ဒါနဲ့ ဆက်စပ်ပြီး ၂၀၀၇ ခုနှစ် တစ်ဝိုက်မှာထပ်ပြီး ပဋိပက္ခတွေ ဖြစ်ပြန်တယ်။ ပဋိပက္ခဟာ ရိုးရိုးမဟုတ်ဘူး သွေးထွက် သံယိုမှုအထိတောင် ဖြစ်တယ်။

တိဘက်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်ပေးထားပြီး ဘေဂျင်းအစိုးရက ထိန်းချုပ်ထားတယ်။ ဒါဟာ တရုတ်အတွက် ခိုင်လုံတဲ့ အကြောင်းပြချက်ရှိတယ်လို့ ဆိုတယ်။ တိဘက်ဟာ ဟိမဝန္တာတောင်တန်းရဲ့ အရှေ့ဘက်ပိုင်းမှာ ရှိတယ်။ ကမ္ဘာ့အမြင့်ဆုံး တောင်တန်းဟာ နယ်ခြားဖြစ်နေလို့

မဟာဗျူဟာအရ တရုတ်အတွက် လုံခြုံရေးအရ စိတ်ချရတဲ့ အနေအထားမှာ ရှိတယ်။

တိဘက်ကို တရုတ်ကွန်မြူနစ်ပါတီက သိမ်းပိုက်ရခြင်းအကြောင်းမှာ သမိုင်းနဲ့ဆက်စပ် ကြည့်လို့ရတယ်။ မော်စီတုန်းက သမိုင်းအစဉ်အလာအရ တိဘက်ဟာ တရုတ်ရဲ့ပိုင်နက်ဖြစ်ခဲ့လို့ ပြန်လည်ရယူရတာပါလို့ အကြောင်းပြတယ်။ ၁၃ ရာစုမှာ မွန်ဂိုခေါင်းဆောင်က တရုတ်ပြည်နဲ့တိဗက်ကိုတိုက်ပြီး၊ ယွမ်မင်းဆက်ကို ထူထောင်တယ်။ တိဗက်တို့က 'ချင်း' မင်းဆက် (၁၆၄၄ -၁၉၁၁) အထိ သုံးရာစုလောက် တရုတ်ဩဇာ အရှိန်အဝါအောက်မှာ နေခဲ့ရတယ်။ 'ချင်း' နန်းဆက်ရဲ့နောက်ဆုံး မင်းဆက် ဖြစ်တဲ့ မန်ချူးမင်းဆက်ကို ၁၉၁၁ တော်လှန်ရေးနဲ့ ဖြုတ်ချအပြီးနောက်ပိုင်းမှာ တိဘက်က လွတ်လပ်လာတယ်လို့မှတ်ယူတယ်။ တပ်နီတော်တို့က ၁၉၅၀ ခုနှစ်မှာ အပြီးအပိုင် သိမ်းယူတော့ နှစ်ပေါင်း ၄၀ လွတ်လပ်လာတဲ့ တိဘက်က တရုတ်ဩဇာအောက်ပြန်ရောက်သွားပါတယ်။ ကိုလိုနီလက်အောက်ခံ ကာလမှာ တိဘက်ရဲ့ အဆင့်အတန်းကို ပဒေသရာဇ်စော်ဘွားဒေသလို့ သတ်မှတ်ခဲ့တယ်။ တရုတ်ကတော့ ပဒေသရာဇ်လက်အောက်ခံအဖြစ် ချုပ်ကိုင်ခဲ့တယ်။

တိဘက်အရေးကိစ္စဟာ တရုတ်ကွန်မြူနစ်တွေကို ထိတ်လန့်နေစေတဲ့ ဖြစ်ရပ်ဖြစ်ခဲ့တယ်။ ပထဝီအနေအထားအရ အိန္ဒိယနဲ့ နီးကပ်ဆက်စပ်နေတဲ့ တိဗက်ကို ထိန်းချုပ်မှုအပြည့်အဝလုပ်နိုင်ဖို့ တရုတ်အစိုးရ ကြိုးစားတယ်။ အိန္ဒိယရဲ့မြှောက်ပင့်ပေးမှုနဲ့ အိန္ဒိယကိုင်ထားနိုင်တဲ့ ဝှက်ဖဲတစ်ချပ်ဖြစ်သွားမှာ သိပ်ကြောက်တယ်။ ဒါ့ကြောင့် တရုတ်အနေနဲ့ ပထဝီရေးအရ ပြဿနာရှိနေတဲ့ တိဘက်ကို ခပ်ကြမ်းကြမ်း ကိုင်တွယ်တယ်။

တရုတ်အရေး လေ့လာတဲ့အခါ ဒီအရေး (၃) ချက်ဟာ မဖြစ်မနေ ထည့်တွက်လေ့လာရမယ့် ကိစ္စဖြစ်တယ်။

**မင်းသေ့**

**၂၃ ၊ အောက်တိုဘာ ၊ ၂၀၁၉၊ ရန်ကုန်မြို့။**

**ဝန်ခံချက်** - ဤဆောင်းပါးမှ သရုပ်ဖော် ကာတွန်းများကို နိုင်ငံတကာသတင်း မီဒီယာများမှ ကူးယူဖော်ပြထားခြင်း ဖြစ်ပါသည်။



# တရုတ်မျိုးချစ်

တရုတ်ပို့ကုန်
တိန်ရှောက်ဖိန်စုဘူး နှင့်
ရှီကျင့်ဖျင်ဗျူဟာ

မင်းသော့

# တရုတ်မျိုးချစ်

**မြန်မာကိုင်ဆွဲထားတဲ့ အမျိုးသားရေးဝါဒနဲ့ တရုတ်အမျိုးသားရေးဝါဒအကြား ထိပ်တိုက်တွေ့မှု ဖြစ်လာနိုင်သလား။**

မြန်မာပြည်မှာ အမျိုးသားရေးဝါဒလို့ပြောရင် များသောအားဖြင့် မြန်မာ့တပ်မတော်ကို သွားမြင်ကြတယ်။ နောက်ပြီး မဘသအုပ်စုကို မြင်ကြပါလိမ့်မယ်။ အမျိုးသားရေးဝါဒဆိုတာကို လက်နက်ကိုင်မြန်မာတပ်နဲ့ မဘသအုပ်စုနှစ်ခုကိုပဲ ကိုင်ပြီး အနက်ဖွင့်မယ်ဆိုရင် အင်မတန်ကျဉ်းမြောင်းရာကျပါတယ်။ အမျိုးသားရေးဝါဒဆိုတာ ကျယ်ပြန့်နက်ရှိုင်းတဲ့သဘော ဆောင်ပါတယ်။ မြန်မာပြည်မှာ တပ်နဲ့မဘသအုပ်စုဟာ အမျိုးသားရေးအင်အားစုတွေထဲက လတ်တလောရေပန်းစားနေတဲ့ အဓိကဇာတ်ကောင်တွေလို့ ပြောချင်ပြောလို့ရပါတယ်။ သို့ပေမယ့် မြန်မာပြည်ရဲ့လူထုအထဲမှာ စွဲဝင်နေတဲ့ အမျိုးသားရေးဝါဒကို လွှမ်းခြုံကိုယ်စားပြုပြောဖို့ကတော့ မဖြစ်နိုင်ပါဘူး။ တရုတ်မှာလည်း ထိုနည်းလည်းကောင်းဖြစ်ပါလိမ့်မယ်။ တရုတ်အမျိုးသားရေးဝါဒလို့ပြောရင် တရုတ်ကွန်မြူနစ် ပါတီထိပ်ပိုင်းခေါင်းဆောင်တွေက ဖွင့်ဆိုတည်ဆောက်ထားတဲ့ မျိုးချစ်စိတ်ဓာတ်ဆိုတာ ရှိတယ်။ တရုတ်ပြည်ကြီးမှာ သမိုင်းကြောင်းအစဉ်အလာအရ သဘာဝအတိုင်း အလိုလိုဖြစ်တည်နေတဲ့ တရုတ်လူမျိုးတွေရဲ့ မျိုးချစ်စိတ်ဆိုတာ ရှိတယ်။ အမျိုးသားရေးဝါဒနဲ့ မျိုးချစ်စိတ်ဟာ တူသလိုလိုနဲ့ မတူတာတွေ ရှိပါတယ်။ မျိုးချစ်စိတ်ဟာ

လူမျိုးကိုယ်စီမှာ အားလုံးလိုလို ရှိနေနိုင်ပါတယ်။ အမျိုးသားရေးဝါဒကတော့ ရှိချင်တဲ့ လူမျိုးအုပ်စုတွေမှ ရှိတတ်ပါတယ်။ တစ်ခါတရံ လူမျိုးနဲ့ နိုင်ငံရဲ့ ထိပ်ပိုင်းလူ့အလွှာပိုင်းက ပြုပြင်စီရင်ထားတဲ့ ဝါဒတစ်ရပ်လည်းဖြစ်နေတတ်ပါတယ်။

## တရုတ်မျိုးချစ်စိတ်

တရုတ်ရဲ့လက်ရှိခေါင်းဆောင် ရှီကျင့်ဖျင်ရဲ့ မိန့်ခွန်းတော်တော်များများကို လေ့လာကြည့်ရင် တရုတ်မျိုးချစ်စိတ်ဓာတ်ဆိုတာကို ထပ်ခါတလဲလဲ၊ ခဏခဏ တွေ့ရပါလိမ့်မယ်။ တရုတ်ပြည်ဟာ ခေတ်သစ်ကမ္ဘာကို ဦးဆောင်နိုင်ဖို့ တရုတ်လူမျိုးမှာ မွေးလာကတည်းက စွဲဝင်နစ်မြုပ်နေတဲ့ မျိုးချစ်စိတ်အစအနကို ဆွဲထုတ်အသုံးပြုရမယ်လို့ ရှီကျင့်ဖျင်က နားလည်ထားပါတယ်။ တရုတ်ပြည်ရဲ့ယဉ်ကျေးမှုသက်တမ်းဟာ နှစ် (၅၀၀၀) ကျော်ပြီ။ တရုတ်လူဦးရေဟာ သန်းပေါင်း (၁၄၀၀) ရှိလာပြီ။ တရုတ်ပြည်ကြီးရဲ့အကျယ်အဝန်းဟာ စတုရန်းကီလိုမီတာ (၁၀) သန်းနီးပါး ရှိတယ်။ တရုတ်ကွန်မြူနစ်ပါတီဟာ နှစ် (၁၀၀) ပြည့်တော့မယ်။ တရုတ်ပြည်ကြီးဟာ ကမ္ဘာ့ထိပ်တန်း စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်နေပြီ။ တရုတ်တပ်နီတော်ဟာ ကမ္ဘာ့အင်အားအကြီးမားဆုံး တပ်မတော်ဖြစ်နေပြီ။ တရုတ်ဟာ ပြေးလမ်းအပေါ်မှာ ရှိနေပါတယ်။ အရှိန်တစ်ခုနဲ့မောင်းနေရတယ်။ ရပ်လို မရသလို၊ အချိုးအကွေ့လည်းကြမ်းလို့ မရဘူး။

တရုတ်အစိုးရဟာ တရုတ်လူမျိုးတွေရဲ့ အမျိုးသားရေးဝိညာဉ်ကို ဆွဲစုဖို့ ကြိုးစားပါတယ်။ သမိုင်းအစဉ်အလာ နဲ့ ဗီဇဓာတ်ခံအပေါ်မှာ စွဲမြဲမှုကြီးမားတဲ့ တရုတ်လူမျိုးရဲ့ မျိုးချစ်စိတ်ဓာတ်ကို ခေတ်ညစ္စာနဲ့ မောင်းတင်ပေးဖို့ ကြိုးစားတယ်။ ခေတ်မီနည်းပညာကွန်ယက်တွေနဲ့ ချိတ်ဆက်ပြီး ဝါဒဖြန့်ချိရေး လုပ်ငန်းတွေကိုလုပ်ဖို့ ကြိုးစားပါတယ်။ ချမ်းသာလာတဲ့ တရုတ်ဟာ နိုင်ငံတကာအရပ်ရပ်မှာ ရှိတဲ့ တရုတ်သံရုံးတွေအတွက် ရန်ပုံငွေကိုလည်း ပိုသုံးလာနိုင်တဲ့ အနေအထားမှာ ရှိနေပြီ။ ပြည်တွင်းကုန်ထုတ်လုပ်မှုမှာရော၊ ပြည်ပရောက် တရုတ်အမျိုးသားစီးပွားရေးသမားတွေဆီကရော ရရှိတဲ့ အခွန်တွေဟာ မြောက်မြားစွာ ရှိပါတယ်။ ဒီငွေတွေနဲ့ တရုတ်ဝိညာဉ်ကို

ဆွဲစုဖို့ ကြိုးစားပါတယ်။ ပြည်တွင်းမှာ ကြိုးစားသလို၊ ပြည်ပမှာလည်း ကြိုးစားပါတယ်။

## တရုတ်ပို့ကုန်

မော်စီတုန်းဟာ ယဉ်ကျေးမှုတော်လှန်ရေးကို ပြည်ပနိုင်ငံတွေဆီ တင်ပို့ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ မြန်မာပြည်မှာလည်း ယဉ်ကျေးမှုတော်လှန်ရေးကို တင်ပို့ခံရဖူးတယ်။ ၁၉၆၄ ခုနှစ်လောက်မှာ မြန်မာ ပြည်တွင်း ယဉ်ကျေးမှုတော်လှန်ရေးကို တင်ပို့ဖို့ စတင်ကြိုးစားခဲ့တယ်။ ၁၉၆၇ တရုတ်-ဗမာ အဓိကရုဏ်းဟာ ထင်ရှားတဲ့သာဓက ဖြစ်ပါတယ်။ တရုတ်ဟာ အခုလို ချမ်းသာလာတဲ့အခြေအနေမှ မဟုတ်ပါဘူး။ တရုတ်ပြည်ကြီး ဆင်းရဲငတ်ပြတ်နေတဲ့အချိန်မှာတောင် တရုတ်ပြည်တွင်းက တော်လှန်ရေးတွေကို ပြည်ပနိုင်ငံတွေကို တင်ပို့ဖို့ ကြိုးစားခဲ့တယ်။ အခုလို ချမ်းသာကြွယ်ဝလာတဲ့ တရုတ်ဟာ ပြည်ပနိုင်ငံတွေကို ဘာတွေ တင်ပို့ဖို့ ကြိုးစားနေပါသလဲ။ ဘာတွေကို တင်ပို့နေပါသလဲ။

တရုတ်ဟာ တရုတ်အမျိုးသားရေးဝါဒကို ပြည်ပရောက် တရုတ်လူမျိုးတွေဆီ တင်ပို့နေပါသလား။ ဖြစ်နိုင်ချေ ရှိပါတယ်။ ဖြစ်နိုင်ချေရှိတဲ့ သာဓကတွေ များစွာရှိပါတယ်။ မြန်မာပြည်တွင်းက အဖြစ်တွေကိုချည်း လေ့လာဖို့ မလိုပါဘူး။ ပြည်ပနိုင်ငံအသီးသီးမှာ တရုတ်အစိုးရကျင့်သုံးတဲ့ ပြည်သူ့ဆက်ဆံရေးပေါ်လစီ (ပြည်သူ့ဆက်ဆံရေး မဟာဗျူဟာ) ကို လေ့လာဖို့ ကောင်းပါတယ်။

ကမ္ဘာအရပ်ရပ်ကို ကုန်ပစ္စည်းတွေ တင်ပို့နေတဲ့ တရုတ်ဟာ တရုတ်အမျိုးသားရေးဝါဒကို ကမ္ဘာ့အနှံ့အပြား ရောက်ရှိနေတဲ့ တရုတ်အမျိုးသားတွေဆီ တင်ပို့ဖို့ကြိုးစားနေပါတယ်။ အောင်မြင်သင့်သလောက်လည်း အောင်မြင်နေတဲ့ အနေအထားမှာ ရှိပါတယ်။ တရုတ်လူမျိုးဟာ ကမ္ဘာ့လူမျိုးများအကြားမှာ ရုပ်လက္ခဏာအားဖြင့် သီးခြားတည်ရှိနေပါတယ်။ မနုဿဗေဒပညာရှင်တွေဟာ တရုတ်လူမျိုးကို ကမ္ဘာ့လူမျိုးကြီးစာရင်းထဲမှာတောင် ထည့်ထားပါတယ်။ တရုတ်တွေရဲ့ ခန္ဓာကိုယ်အချိုးအစား၊ မျက်နှာသွင်ပြင်၊ အသားအရောင်တွေဟာ

တရုတ်လူမျိုးတွေရဲ့ အမှတ်လက္ခဏာဆိုတာ ပေါ်လွင်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့အရပ်ရပ်မှာ ပျံ့နှံ့နေထိုင်နေတဲ့ တရုတ်သွေးသားတွေကို တရုတ်ပြည်မကြီးအနေနဲ့ ညှိနိုင်ဖို့ နည်းလမ်းတွေကို အမျိုးမျိုးအသုံးပြုပါတယ်။ ဒါဟာ တဖက်မှာလည်း တရုတ်အကျိုးစီးပွားကို ချဲ့ထွင်ဖို့ အခွင့်အလမ်းတွေလည်း ဖြစ်လာပါတယ်။

## တိန်ရှောက်ဖိန်ရဲ့စုဘူး

ထူးခြားတဲ့ သာဓကတစ်ခုကို ပြောချင်ပါတယ်။ တိန့်ရှောင်ဖိန်ရဲ့ အတွေးအခေါ် အယူအဆတစ်ခုဖြစ်ပါတယ်။ တရုတ်ပြည်ကြီးကို ကမ္ဘာကြီးနဲ့ တံခါးဖွင့်ကြိုဆိုဖို့ အရှိန်ယူနေတဲ့အချိန်မှာ တရုတ်လူငယ်တွေကို ပြည်ပနိုင်ငံတွေဆီ ပညာတော်သင်တွေ စေလွှတ်ပါတယ်။ အစိုးရက လူငယ် အမြောက်အမြားကို ပညာတော်သင်စေလွှတ်တဲ့အခါ စိုးရိမ်ချက်တစ်ခုရှိလာပါတယ်။ ပညာသင်ပြီး ပြည်တွင်းကိုပြန်ဝင်မလာမယ့် ပြဿနာဖြစ်ပါတယ်။ ဒီပြဿနာအပေါ်မှာ တိန့်ရှောင်ဖိန်မြင်တဲ့အမြင်က အရဲကိုးလွန်းရာကျပေမယ့်၊ တကယ်တော့ အသုံးဝင်ပါတယ်။ တိန့်က ပြည်ပကို လူအမြောက်အမြားစေလွှတ်ပြီး ခေတ်မီပညာရပ်တွေကို သင်ကြားစေတယ်။ ပို့လိုက်တဲ့ လူတွေထဲက (၁၀) ရာခိုင်နှုန်းလောက်ပဲ ပြန်လာစေဦးတော့ တရုတ်ပြည်ကြီးအတွက် အကျိုးရှိတယ်။ အလုပ်လုပ်လို့ရတယ်။

တိန့်ရှောင်ဖိန်က ဒီကိစ္စကို ရှုထောင့် (၂) မျိုးနဲ့ ချဉ်းကပ်တယ်။ တစ်မျိုးက ပြည်ပရောက် တရုတ်လူမျိုးတွေကို ဆုံးရှုံးသွားတဲ့ ဦးနှောက်တွေလို့ မမြင်ဘဲ၊ ပြည်ပမှာ သိုလှောင်ထားတဲ့ ဦးနှောက်တွေလို့ မြင်ပါတယ်။ အသင်းအဖွဲ့တွေ၊ လုပ်ငန်းကုမ္ပဏီတွေမှာ အရေးပေါ်သုံးဖို့ Reserved Fund ထားသလို ဖြစ်ပါလိမ့်မယ်။ စုဘူးထဲ စုထားသလိုဖြစ်ပါလိမ့်မယ်။ ပင်လယ်ရပ်ခြားစုဘူးထဲက တရုတ်တွေလို့ ပြောလို့ရမယ် ထင်တယ်။

ပင်လယ်ရပ်ခြားမှာ တရုတ်အမျိုးသားတွေရဲ့ပညာတွေကို ပြည်ပမှာ သိုလှောင်ထားတယ်လို့ တိန့်ရှောင်ဖိန်က ယူဆတယ်။ တရုတ်ပြည်မှာလုပ်လို့ မရသေးတာတွေ ပြည်ပမှာ လုပ်နေနှင့်ကြ။ တရုတ်ပြည်ထဲမှာ သင်လို့ မရသေးတာတွေကို ပြည်ပမှာသင်ယူပြီး လေ့ကျင့်တည်ဆောက်နေကြ။ ဒီလိုနဲ့

တဖြည်းဖြည်း တရုတ်ပြည်ကြီးက လိုအပ်လာရင် နိုင်ငံတကာက တရုတ်လူမျိုးတွေ သူတို့နိုင်ငံကို သူတို့ ပြန်လာရမှာ မုချဧကန်ပဲလို့ တွက်တယ်။ ဒီတွက်ဆမှုဟာ တရုတ်ခေါင်းဆောင်တိုင်းလိုလိုမှာ ရှိတယ်။ တရုတ်ခေါင်းဆောင်တွေဟာ ဘာလို့ အဲသည်လို တပ်အပ်ယုံကြည်ထားရဲတာလဲ။ ယုံကြည်ထားနိုင်တာလဲ။ အကြောင်းအရင်းက နောက်ရှုထောင့်တစ်မျိုးမှာဖြစ်ပါတယ်။

## ရှီကျင့်ဖျင်ဗျူဟာ

အဲဒါကတော့ တရုတ်မျိုးချစ်စိတ်ဓာတ်ကို ယုံကြည်သက်ဝင်နေလို့ ဖြစ်ပါတယ်။ တိန့်ရှောင်ဖိန်မှာသိသာခဲ့တဲ့ ဒီအယူအဆဟာ အခု တရုတ်သမ္မတ ရှီကျင့်ဖျင်မှာလည်း တွေ့နေရပါတယ်။ ဒါပေမယ့် ရှီကျင့်ဖျင်က တစ်ဆင့်ပိုသွားပါပြီ။ အဲဒါကတော့ ပြည်ပရောက်တရုတ်တွေကို တရုတ်ပြည်ကြီးရဲ့အကျိုးစီးပွားကို ကမ္ဘာအနှံ့ချဲ့ထွင်ပေးမယ့် တမန်တော်တွေလို့ မြင်ပါတယ်။ ပြည်ပရောက် တရုတ်မျိုးချစ်အားလုံးဟာ တရုတ်အစိုးရရဲ့ ပြည်ပဆက်ဆံရေးကိုယ်စားလှယ်တွေ ဖြစ်နိုင်ပါတယ်။ တရုတ်တွေရဲ့ လူဦးရေတိုးပွားနှုန်းဟာ တဖြည်းဖြည်းမြင့်မားလာလို့ ပြည်ပမှာ သွားရောက်နေထိုင်တာ တရုတ်အတွက် ဝန်တောင် ပိုပေါ့ပါသေးတယ်။ တိန့်ရှောင်ဖိန်ကအစ အခု ရှီကျင့်ဖျင်အဆုံး ယူဆထားတဲ့ ပြည်ပရောက်တရုတ်လူမျိုးတွေပေါ် အမြင် အယူအဆဟာ ပိုက်ဆံရှိတဲ့တရုတ်အဖို့ ခွင်ကျယ်ကျယ်နဲ့ ကစားကွက်ပိုထွင်နိုင်မယ့် အခင်းအကျင်းဖြစ်လာပါတယ်။

ပြည်ပမှာ စီးပွားရှာကြမယ်။ ပြည်ပမှာ ပညာတွေသင်ယူ၊ အလုပ်တွေလုပ်ကြတယ်။ ဖခင် တရုတ်ပြည်ကြီးကို မမေ့နဲ့။ တစ်နှစ်တစ်ခါဖြစ်ဖြစ် ပြန်လာကြ။ နွဲ့ပျော်ကြ။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြဆိုကြ။ ဆွေမျိုးတွေ ပြန်လည်တွေ့ဆုံကြ။ ရင်းနှီးဖလှယ်ကြ။ ကမ္ဘာ့ကွန်ယက်ကြီးကို ချိတ်ဆက်ကြ။

တရုတ်ခေါင်းဆောင်တွေဟာ တရုတ်ပြည်ကြီးအကြောင်းကို ကောင်းကောင်း လေ့လာထားတာ သိသာလွန်းတယ်။ တရုတ်လူမျိုးအကြောင်း၊ တရုတ်သမိုင်းကြောင်းကို ကောင်းကောင်းနားလည်ထားတယ်။ တရုတ်လူမျိုး

တွေဟာ ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် ဇာတိမွေးရပ်ကို လွမ်းကြတယ်။ ဒေသအစားအစာတွေကို ခုံမင်ကြတယ်၊ ရိုးရာထုံးတမ်းတွေကို အောက်မေ့ကြတယ်။ ဆွေမျိုးဉာတိတွေကို တမ်းတကြတယ်။ ဒီလို စရိုက်တွေနဲ့ စွဲမြဲနေတဲ့ ဗီဇဓာတ်ခံကို တရုတ်ခေါင်းဆောင်တွေဟာ တရုတ်ပြည်ကြီးရဲ့ အကျိုးစီးပွားကို ချဲ့ထွင်ဖို့ လက်နက်ကိရိယာ တစ်ခုလို သုံးနိုင်တယ်။

## မြန်မာအတွက် စဉ်းစားချက်

အခုဆိုရင် တရုတ်ဟာ ငွေလည်း ရှိလာပြီ။ ပညာလည်း ရှိလာပြီ။ နည်းပညာလည်း ရှိလာပြီ။ ကွန်ယက်တွေလည်း ဖြန့်ကျက်ထားနိုင်ပြီ။ စိန်ခေါ်နိုင်စွမ်းလည်း ရှိလာပြီ။ ယဉ်ကျေးမှု အမျိုးသားရေးသြဇာကိုလည်း ချဲ့ထွင်လာနိုင်ပြီ။ ဒါဟာ သိပ်အဆန်းတကြယ် မဟုတ်လို၊ လျစ်လျူရှုပစ်ပယ်ရမယ့်ကိစ္စလည်း မဟုတ်ပါဘူး။ ရှိပြီးသားကို နိုင်ငံ့အကျိုးစီးပွားအတွက် အသုံးချနိုင်တာကိုက ချီးကျူးရမှာဖြစ်ပါတယ်။ ဒါတွေကို နားလည်ပြီး အနာဂတ်မှာ မြန်မာနိုင်ငံအတွက် ဘယ်လို သက်ရောက်မှု ရှိလာနိုင်ပါသလဲ။ တရုတ်ရဲ့အမျိုးသားရေးဝါဒ ပို့ကုန်ဟာ မြန်မာပြည်အတွင်းမှာ ဘယ်လောက်အတိုင်းအတာထိ ရောက်ရှိနေပြီလဲ။ ဒါကို ထည့်သွင်းစဉ်းစားရပါမယ်။ သုတေသနပြုလေ့လာချက်တွေ လုပ်ရပါမယ်။

တရုတ်မှာ မွေးလာကတည်းက ဗီဇဓာတ်ခံထဲမှာ မျိုးချစ်စိတ် ကိန်းဝပ်နေသလို၊ မြန်မာမှာလည်း မွေးလာကတည်းက မျိုးချစ်စိတ်ဆိုတာ ကိန်းအောင်းနေပါတယ်။ မျိုးချစ်စိတ်ဆိုတာက နေရင်းထိုင်ရင်း ထကြွနေတတ်တာ မဟုတ်ပါဘူး။ ဆိုင်ရာဆိုင်ရာနဲ့ထိတွေ့မှ နိုးထ ထကြွလာတတ်တဲ့ သဘောရှိပါတယ်။ တရုတ်လွှမ်းမိုးမှုအားကြီးနေတဲ့ မြန်မာပြည်မှာ မြန်မာအမျိုးသားရေးစိတ်တွေ အုံကြွလာတတ်တာကို မကြာမကြာတွေ့နေရပါတယ်။ နောင်များမှာလည်း ခပ်စိပ်စိပ်တွေ့လာရမယ် ထင်ပါတယ်။ ဒါဟာ ဘာ့ကြောင့်ဖြစ်နိုင်ပါသလဲ။

## တာပ်အမြင်

တရုတ်အပေါ် အမြင်မကြည်တဲ့ ကိစ္စဟာ မြန်မာပြည်သူလူထုထဲမှာတင် ရှိတာ မဟုတ်ပါဘူး။ မြန်မာ့တပ်မတော်ထဲမှာလည်း ရှိပါတယ်။ တရုတ်

အပေါ် သဘောထားရမယ့် သဘောထားအမြင်ကိစ္စကို မြန်မာပြည်သူတွေထက် တပ်က ပိုစဉ်းစားပါတယ်။ လက်ရှိ မြန်မာ့နိုင်ငံရေးခေါင်းဆောင်တွေထပ် တပ်က ပိုပြီးစဉ်းစားတယ်လို့ ပြောရင်လည်း မှန်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ တပ်ကိုယ်တိုင်က တရုတ်လောင်းရိပ်အောက်ကနေ လွတ်ချင်ပါတယ်။ တရုတ်ကို မချစ်သော်လည်း အောင့်ခါနမ်းရပေမယ့် တရုတ်နဲ့ မပေါင်းဖက်ချင်ပါဘူး။ ဒါပေမယ့် အကျိုးစီးပွားချင်း ချည်ပြီးတုပ်ပြီး ဖြစ်နေတော့ ဘယ်လို ပေါင်းရမလဲ ဆိုတာကိုသာ တပ်က အဓိက စဉ်းစားပါတယ်။ အကယ်၍ အခွင့်ရရင် တရုတ်ရင်ခွင်ထဲက ခွာဖို့ အမြဲတမ်းအားထုတ်တာ တွေ့ရပါတယ်။ တပ်အတွက် မဟာဗျူဟာ စဉ်းစားချက်ထဲမှာ ဘယ်နိုင်ငံတွေ ပါဝင်နေပါသလဲ။ ထားတော့။

## တရုတ် – မြန်မာ အကြား

မြန်မာတွေဟာ တရုတ်တွေနဲ့တွေ့ရင် မျိုးချစ်စိတ်ပေါ်တတ်တယ်။ အထူးသဖြင့် ခပ်ကြွားကြွားလုပ်တဲ့ တရုတ်လူမျိုးတွေကို တွေ့ရင် မြန်မာတွေက မျက်စိစပါးမွေးစူးတယ်။ အကြောင်းဟာ ဘာ့ကြောင့်ဖြစ်နိုင်ပါသလဲ။ အခြေခံစဉ်းစားချက်ကို နိုင်ငံရေးဘောဂဗေဒ ထောင့်ကနေကြည့်ဖို့ ပြောချင်ပါတယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးအရ အခွင့်ထူးခံရနေတဲ့ တရုတ် ၊ ကုလား ကို မြန်မာတွေ အမြင်မကြည်ကြသလိုမျိုးပဲဖြစ်ပါတယ်။ ဌာနေနိုင်ငံသား တွေဖြစ်တဲ့ မြန်မာတွေဟာ တရုတ်တွေနဲ့ နှိုင်းယှဉ်ရင် ဆင်းဆင်းရဲရဲ ချို့ချို့ ငဲ့ငဲ့နေ နေကြရတယ်။ မြန်မာပြည်တွင်း ဓနဥစ္စာစီးဆင်းမှုဟာ တစ်ဖက် စောင်းနင်းနိုင်နေတယ်။ ဓနဥစ္စာခွဲဝေမှု မညီမျှဘူး။ အကျိုးစီးပွားတွေက တရုတ်တွေဆီမှာပဲ အသာစီးရတယ်။ စစ်အစိုးရအုပ်ချုပ်မှုလက်ထက်မှာ နိုင်ငံတကာ လုံခြုံရေးအရ တရုတ်နဲ့ ကျောချင်းကပ်လိုက်ရင်း ဆုံးရှုံးလိုက်ရတဲ့ ကိစ္စဖြစ်ပါတယ်။ တဖက်မှာလည်း အုပ်ချုပ်မှုညံ့ဖျင်းလို့ ခြစားမှု လာဘ်စားမှု ဖြစ်ပြီး တရုတ်တွေဟာ အခွင့်ထူးခံဖြစ်ကုန်ကြတယ်။ ဒီလိုနဲ့ မြန်မာ့လူ့အဖွဲ့ အစည်းအတွင်းမှာ တရုတ်နဲ့ မြန်မာအကြားမှာ ဆင်းရဲချမ်းသာ ကွာဟမှု ကြီးမားလာတယ်။ နယ်စပ်မျဉ်းတွေကို အလျှိုလျှိုဖောက်လိုက်တဲ့အခါမှာ တရုတ်လူဝင်နှုန်းက ပိုများလာတယ်။ ပိုမြင့်လာတယ်။

နယ်စပ်ဘက်ကနေ တရုတ်လူဝင်မှုနဲ့ပတ်သက်ပြီး မြန်မာက သတိထားရမယ့် ပြည်နယ်တွေ ရှိပါတယ်။ အများဆုံးက ရှမ်းပြည်ဖြစ်ပါတယ်။ နောက်တစ်ခုက ကချင်ပြည်နယ်ဖြစ်ပါတယ်။ နောက်တစ်ခုက ကရင်ပြည်နယ်ဖြစ်ပါတယ်။ မန္တလေးနဲ့ ရန်ကုန်ကတော့ ထူးထွေပြီး ပြောစရာမဟုတ်ပါ။ တရုတ်လူပုံ့နှံ့မှု ရှိထားပြီးသား ဖြစ်နေပါပြီ။ မန္တလေးကိုတောင် တရုတ်ရဲ့မြို့တော်လို့ သုံးနှုန်းနေကြတဲ့အထိ ဆိုးရွားနေပါတယ်။

မြန်မာလူမျိုးတွေရဲ့သွေးသားထဲမှာ နှစ်ဝင်နေတဲ့ အမျိုးသားရေးစိတ်နဲ့ တရုတ်က တင်ပို့လာတဲ့ တရုတ်အမျိုးသားရေးဝါဒအကြားမှာ ပဋိပက္ခတွေ ဖြစ်လာနိုင်ပါသလား။ ပေါ်လစီဘီကာခွက်ကို ချိန်စပ်နေတဲ့ ခေါင်းဆောင်တွေအဖို့ ဘယ်လိုတုံ့ပြန် ပြင်ဆင်ထားကြပါမလဲ။ လူ့အဖွဲ့အစည်းအတွင်းမှာ လူတန်းစားအလွှာတွေ၊ လူမျိုးတွေ၊ အကျိုးစီးပွားတွေ၊ ကိုယ်စားပြုမှုတွေကို မျှခြေမှာ ထိန်းမထားနိုင်ရင် စည်းတွေကျိုးပေါက်ပြီး ထိန်းမနိုင် သိမ်းမရဖြစ်တတ်ပါတယ်။

ဒီအရေးကိစ္စကို ထည့်သွင်းစဉ်းစားစေဖို့ ရေးသားတင်ပြလိုက်ပါတယ်။

**ည ၉ း ၁၅**

**၂၄ ၊ အောက်တိုဘာ ၊ ၂၀၁၉ ။**

**ရန်ကုန်မြို့။**

❖

# စစ်စီးပွားရေး

## နှင့်

# တရုတ်ရင်းနှီးမြှုပ်နှံမှုထောင်ချောက်



အကျိုးစီးပွားရဖို့၊ ခေါင်းပုံဖြတ်အမြတ်ထုတ်တဲ့သူတွေဟာ တစ်ယောက်ကို တစ်ယောက်ပတ်ချည်တုပ်ထားကြတယ်။ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေဟာ ပဋိပက္ခတွေအကြားမှာပဲ ဆက်လက်ကြီးထွားနေပါတယ်။

မင်းဇေယျ

# ppfpD;yGm;a&;eJY w½kwf&if;ESD;jrKyfESHrI axmifacsmuf

> တရုတ်ရင်းနှီးမြှုပ်နှံမှုတွေဟာ မြန်မာပြည်အတွက် ထွက်ပေါက်လား၊ ထောင်ချောက်လား။
>
> စစ်စီးပွားရေး၊ လက်နက်ကိုင်တပ်တွေအပေါ် စစ်ရေး အထောက်အပံ့တွေနဲ့ တရုတ်အရင်းအနှီးတွေ ဘယ်လို ပတ်တုပ် ချည်နှောင်ထားသလဲ။
>
> ဖြစ်စဉ်တချို့ကို စဉ်းစားနိုင်ဖို့ ဒီဆောင်းပါးကို ရေးပါတယ်။

## aqmif;yg; tEpfcsKyf

*တရုတ်ပြည်သည် မြန်မာနှင့် ပထဝီစီးပွားရေးအရ ဆက်နွယ်ချုပ်နှောင်ထားသော အခြေအနေ၌ ရှိနေပါသည်။ ၎င်းအခြေအနေ၌ တရုတ်ငွေလုံးငွေရင်းများဖြင့် ရင်းနှီးမြှုပ်နှံလာသော စီးပွားရေးလုပ်ငန်းများတွင်၊ တည်ဆဲ/လက်ဟောင်း စစ်စီးပွားရေးနှင့် နီးကပ်သော ဆက်ဆံမှုများ ရှိနေဆဲ၊ ရှိနေခဲ့သည်။ တရားမဝင် ကုန်သွယ်မှုမှ သော်လည်းကောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကား ထုတ်လုပ်မှုမှသော်လည်းကောင်း၊ သယံဇာတ တူးဖော်ထုတ်လုပ်မှုမှ သော်လည်းကောင်း ရရှိသော ငွေမည်းများကို၊ ငွေဖြူ အဖြစ် ခဝါချသော ဇာတ်ခုံအဖြစ် မြန်မာပြည်သည် တရုတ်အတွက် ရှိနေရ သည်လား…ဆိုသည့် မေးခွန်းကို ဤဆောင်းပါးက ဖော်ပြရှင်းလင်းပြထား*

*ပါသည်။ အကျိုးစီးပွားနိုင်ငံရေးနှင့် အကျိုးစီးပွား ပဋိပက္ခများဖြင့် ခြေချင်း လိမ်နေသောဖြစ်စဉ်ကို နားလည်ရပါမည်။ ထို့အပြင် မြန်မာလက်နက်ကိုင် တပ်များ (လူမျိုးစုလက်နက်ကိုင်တချို့ အပါအဝင်) တရုတ် စီးပွားရေးရင်းနှီး မြှုပ်နှံမှုအကြား အကျိုးစီးပွားချင်း အပြန်အလှန်အမှီသဟဲပြု ရပ်တည်နေရင်း မြန်မာသည် ထောင်ချောက်အတွင်း ပိတ်မိ / သက်ဆင်းမိသော ဖြစ်ရပ်များ ကြုံလာရပါသည်။ ဤအခင်းအကျင်းကို နားလည်နိုင်စေရန်၊ ဤဆောင်းပါးက ဆင်ခြင်စဉ်းစားနိုင်ဖွယ် တင်ပြထားပါသည်။*

❐ ❐ ❐

## e'|e;

မြန်မာပြည်ရဲ့အကြီးဆုံး ကုန်သွယ်ဖက်ဟာ တရုတ်ဖြစ်ပါတယ်။ မြန်မာ ပြည်မှာ တရုတ်လွှမ်းမိုးမှုကို နေရာတိုင်းလိုလိုမှာ တွေ့နိုင်တယ်။ အထူးသဖြင့်၊ စီးပွားရေးအပေါ်မှာ တရုတ်ရဲ့ သက်ရောက်လွှမ်းမိုးမှုက ကြီးစွာရှိတယ်။ စီးပွားရေးမှာလည်း ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုအပါအဝင်၊ သယံဇာတ တူးဖော်ထုတ်လုပ်ရေးနဲ့ စွမ်းအင်ကဏ္ဍတွေမှာ တရုတ်က လွှမ်းမိုးချုပ်ကိုင်ထား နိုင်တာ တွေ့ရတယ်။ မြန်မာပြည်နဲ့ တရုတ်ဟာ ကုန်သွယ်ရေး မိတ်ဖက်အဖြစ် လာတာဟာ နိုင်ငံရေးအကြောင်းတရားနဲ့လည်း ပတ်သက်နေပါတယ်။ လွန်ခဲ့သောနှစ်ပေါင်း (၃၀) နီးပါးလောက်စပြီး ကျောချင်းကပ်လာတာ ဖြစ်ပါတယ်။ ဦးနေဝင်းခေတ်၊ ဆိုရှယ်လစ်ကာလ တစ်လျှောက်လုံးမှာ၊ မြန်မာပြည်ဟာ တံခါးပိတ် စီးပွားရေးစနစ်ကို ကျင့်သုံးလို့ ကျယ်ပြန့်တဲ့ ကုန်သွယ်မှု မရှိခဲ့ပါဘူး။ တရုတ်ကလည်း မြန်မာပြည်တွင်းကို ရင်းနှီးမြှုပ်နှံမှု တွေ အလုံးအရင်းနဲ့ ဝင်လာလို့ မရပါ။ နယ်စပ် ကုန်သွယ်ရေးလည်း မဖြစ် ထွန်းပါ။ ဆိုရှယ်လစ်ခေတ်မှာ ပုဂ္ဂလိကကဏ္ဍမှာ လုပ်ပိုင်ခွင့်မရှိလို့၊ ကုန် သွယ်မှုတွေ၊ ကုန်ထုတ်လုပ်မှုတွေမှာ ပုဂ္ဂလိကပိုင်စီးပွားရေး မဖြစ်ထွန်းပါ။ ၁၉၈၈ နောက်ပိုင်း၊ စစ်တပ်က နိုင်ငံရေးအာဏာကို ထိန်းထားနိုင်ခဲ့တယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးကိုလည်း စစ်တပ်ကပဲ ချုပ်ကိုင်ထားတယ်။ တရုတ်နဲ့ မြန်မာဟာ ပြည်တွင်းလူထုလှုပ်ရှားမှုတွေကို အစိုးရက အပြင်းအထန် ဖြိုခွဲ တာကြောင့် နိုင်ငံတကာ မျက်နှာစာမှာ ရှုတ်ချခံရတယ်။ ဖယ်ကြဉ်ခံရတယ်။

အနောက်ဩဇာကို ပြန်လည် အန်တုဖို့ မြန်မာနဲ့တရုတ်ဟာ နိုင်ငံရေးအရ အကျိုးစီးပွားမဟာမိတ် ဖြစ်လာခဲ့တယ်။ သည့်နောက်ပိုင်းမှာ တရုတ်နဲ့ မြန်မာဟာ ကုန်သွယ်ရေးလမ်းကြောင်းကို ပီပီပြင်ပြင် ဖောက်လာတယ်။ မြန်မာစစ်အစိုးရနဲ့ တရုတ်ဟာ အကျိုးစီးပွားချင်း မဟာမိတ်ဖြစ်လာတယ်။ စစ်တပ်စီးပွားရေးက တရုတ် ရင်းနှီးမြှုပ်နှံမှုနဲ့အတူ ကြီးထွားတယ်။ နိုင်ငံတော်ပိုင် စီမံကိန်းတွေမှာ စစ်တပ်ရဲ့အကျိုးစီးပွားဟာ ဆက်နွယ်နေတယ်။ တရုတ်နိုင်ငံတော်ပိုင် ကုမ္ပဏီတွေက မြန်မာပြည်ရဲ့ စွမ်းအင်စီမံကိန်းတွေမှာ ရင်းနှီးမြှုပ်နှံလာကြတယ်။ တစ်ဖက်မှာလည်း တရုတ်ရဲ့ ပုဂ္ဂလိကကုမ္ပဏီတွေက သယံဇာတတူးဖော်ရေး လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလာကြတယ်။ ထိုနည်းလည်းကောင်းပဲ ၂၀၀၀ ခုနှစ်နောက်ပိုင်းမှာ၊ မြန်မာပြည်တွင်း စက်မှုဇုံတွေ တရုတ်ပိုင် ကုန်ထုတ်လုပ်ရေး စက်ရုံတွေ တိုးပွားလာတယ်။ မြန်မာစစ်အစိုးရဟာ တရုတ်နဲ့ နယ်စပ်ကုန်သွယ်ရေးကို အကြီးအကျယ်ဖြစ်ထွန်းအောင် တိုးချဲ့တယ်။ မြန်မာစစ်တပ်ဟာ တရုတ်နဲ့ပေါင်းပြီး သယံဇာတူးဖော်ထုတ်လုပ်ရေးတွေမှာ သူ့ရဲ့အကျိုးစီးပွားကို ချဲ့ယူတယ်။

၁၉၈၈ နောက်ပိုင်း မြန်မာစစ်အစိုးရဟာ အနောက်တိုင်းရဲ့ ပိတ်ဆို့ဒဏ်ခတ်မှုကို ခံခဲ့ရတယ်။ ဒါ့ကြောင့်လည်း တရုတ်နဲ့ မြန်မာဟာ ပိုနီးသောအကြောင်းဖြစ်လာခဲ့တယ်။ မြန်မာပြည်ရဲ့ သယံဇာတကြွယ်ဝမှုဟာ တရုတ်အတွက် မက်လုံးဖြစ်လာတယ်။ တရုတ်အတွက်လည်း မဟာဗျူဟာအရ အချက်အခြာကျမှုဟာ မြန်မာမှာရှိနေတယ်။ သည်အကြောင်းအရင်း (၃) ချက်ကြောင့် မြန်မာပြည်ဟာ တရုတ်နဲ့ ရင်းနှီးမြှုပ်နှံမှုမှာ မိတ်ဖက်ဖြစ်လာခဲ့တယ်။

## avvmcsuwcsK

ဘေဂျင်းမြို့အခြေစိုက် Global Environmental Institute က ရေးသားပြုစုတဲ့ မြန်မာပြည်တွင်းက တရုတ်အရင်းအနှီးများဆိုတဲ့ သုတေသနစာတမ်းမှာ အခုလိုဖော်ပြထားပါတယ်။ တရုတ်ရင်းနှီးမြှုပ်နှံမှုရဲ့ ၆၃ ရာခိုင်နှုန်းဟာ ရေအား လျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍမှာ ဖြစ်ပါတယ်။ ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ သတ္တုတူးဖော်ရေး ကဏ္ဍတွေမှာ ၃၆ % ရှိတယ်လို့ ဆိုတယ်။ ဒီသုတေသန

စာတမ်းကို ၂၀၁၆ ခုနှစ်မှာ ထုတ်ဝေတာဖြစ်ပါတယ်။ သည့်နောက်ပိုင်း တရုတ်နဲ့ မြန်မာဟာ အခြေခံအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းတွေ၊ မီးရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းတွေနဲ့ ရေနက်ဆိပ်ကမ်းစီမံကိန်း၊ အထူးစီးပွားရေးဇုံ စီမံကိန်းတွေမှာ ရင်းနှီးမြှုပ်နှံလာတဲ့ ပမာဏကိုလည်း ထည့်တွက်ရဦးမှာ ဖြစ်ပါတယ်။

မြန်မာပြည်တွင်း ရောက်လာတဲ့ တရုတ်ရဲ့ ပြည်ပ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေက ဘယ်လို ပြုမူလုပ်ဆောင်နေပါသလဲ။ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေနဲ့ စစ်စီးပွားရေးဟာ ဆက်စပ်နေပါတယ်။ မြန်မာပြည်တွင်းမှာ စစ်တပ်ဟာ နိုင်ငံရေးအာဏာကို နှစ်ပေါင်း ၅၀ နီးပါး ချုပ်ကိုင်ထားခဲ့ပါတယ်။ နှစ်ပေါင်း ၅၀ ဆိုတာ ရာစုနှစ်တစ်ဝက် ဖြစ်ပါတယ်။ ဒီမိုကရေစီအသွင် ကူးပြောင်းရေး ကာလမှာတောင် စစ်တပ်ရဲ့အကျိုးစီးပွားတွေဟာ မြန်မာပြည်ရဲ့စီးပွားရေးမှာ လွှမ်းမိုးချုပ်ကိုင်ထားနိုင်ဆဲဖြစ်ပါတယ်။ စစ်အစိုးရဟာ တရုတ်ကုမ္ပဏီတွေကို လုပ်ပိုင်ခွင့်ပေးနိုင်တဲ့အာဏာရှိခဲ့တယ်။ ဒါ့ကြောင့်ပဲ စစ်တပ်နဲ့ ဆက်နွှယ်နေတဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေဟာ မြန်မာပြည်တွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခွင့်ရလာတယ်။ စစ်စီးပွားရေးနဲ့ ဆက်စပ်နေတဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေမှာ ကောင်းကျိုးဆိုးပြစ်တွေ ရောထွေးနေပါတယ်။ ဆိုးကျိုးအနေနဲ့ ပြန်လည်အဖတ်ဆယ်လို့ ခက်ခဲတဲ့အကြောင်းအခြင်းအရာတွေ များစွာရှိနေဆဲ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု၊ လူမှုတရားမျှတခြင်း ကင်းမဲ့မှုနဲ့ အဂတိလိုက်စားမှုတွေဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုနဲ့ စစ်စီးပွားရေး လုပ်ငန်းတွေရဲ့အကျိုးဆက် တစ်ခုဖြစ်လာပါတယ်။

တရုတ် မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုဟာ ၁၉၈၈ နောက်ပိုင်းကာလတွေက စပြီး ကြီးထွားလာတယ်။ ၂၀၁၀ ခုနှစ်လောက်အရောက်မှာ ရင်းနှီးမြှုပ်နှံမှု ပမာဏအမြင့်ဆုံးထိ ရောက်လာခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏကို တွက်ချက်ရာမှာ၊ စာရွက်ပေါ်က တရားဝင်ဖော်ပြနိုင်တဲ့ ပမာဏတွေကို ထည့်တွက်ရုံနဲ့ မလုံလောက်ပါ။ စာရွက်ပေါ်မှာ မတွေ့နိုင်တဲ့ရင်းနှီးမြှုပ်နှံမှုပမာဏကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ မြန်မာပြည်မှာ စာရင်းတွက်ထုတ်လို့

မရနိုင်တဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှု ပမာဏဟာ ဘယ်လောက်ရှိနိုင်ပါသလဲ။ ဘယ်လို လုပ်ငန်းအမျိုးအစားတွေမှာ တရုတ်အရင်းအနှီးတွေ အလုံးအရင်းနဲ့ မြှုပ်နှံထားကြပါသလဲ။ ဒီမေးခွန်းနှစ်ခုဟာ ယခုရေးသားတင်ပြတဲ့ဆောင်းပါးမှာ ဗဟိုပြုတင်ပြမယ့် အချက်နှစ်ခုဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ စာရင်းတွက်ထုတ်ပြလို့ မလွယ်တဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေနဲ့ စစ်စီးပွားရေးဟာ ဘယ်လို ပတ်သက် ဆက်စပ်နေပါသလဲ။

သတင်းမီဒီယာတွေ၊ သုတေသနစာတမ်း စာစောင်တွေကို ဖတ်ကြည့်ရင်၊ မြန်မာလူထုရဲ့အမြင်သဘောထားဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေအပေါ် မနှစ်မြို့ဘူးဆိုတဲ့ ဖော်ပြချက်တွေ အတော်များများကို တွေ့မြင်ရမှာဖြစ်ပါတယ်။ သမ္မတဦးသိန်းစိန်လက်ထက် မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး တစ်တိုင်းပြည်လုံး အုံလိုက်ကျင်းလိုက် ကန့်ကွက်ဆန္ဒပြမှုဟာ အထင်အရှားဖြစ်ရပ်ဖြစ်ပါတယ်။ ထိုနည်းလည်းကောင်းပဲ မုံရွာမြို့ ချင်းတွင်းမြစ်တစ်ဖက်ကမ်းမှာ တရုတ်ရင်းနှီးမြှုပ်နှံမှုနဲ့တူးဖော်နေတဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဟာ ဒေသခံလူထုရဲ့ ကန့်ကွက်မှုကို အကြီးအကျယ်ခံနေရတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ နှစ်ပေါင်းရှည်ကြာစွာ တရုတ်ရင်းနှီးမြှုပ်နှံမှုနဲ့အသားသေနေတဲ့ မြန်မာ့စီးပွားရေးမှာ စစ်တပ်ရဲ့အကျိုးစီးပွားဟာလည်း ချိတ်ဆက်ပါဝင်နေပါတယ်။ တရုတ်ဟာ မြန်မာနဲ့ပတ်သက်ရင် စီးပွားရေးအရ နှောင်တုပ်ပတ်ချည်မှုတွေကို လုပ်ထားပါတယ်။ ထပ်မံပြီးတော့လည်း စီးပွားရေးခွင်ကို ရနိုင်သမျှ ချဲ့နိုင်ဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ လာရောက်ခဲ့တဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ မြန်မာဟာ စီးပွားရေးကဏ္ဍတွေမှာ ထပ်မံ တိုးချဲ့လုပ်ဆောင်ဖို့ နားလည်မှုစာချွန်လွှာ (၃၃) ခုကို ထပ်မံလက်မှတ်ရေးထိုးခဲ့ပါတယ်။ (နောက်ဆက်တွဲ မှတ်စုကြည့်) ဒီသာဓကကိုကြည့်ခြင်းအားဖြင့်၊ တရုတ်ရဲ့ရင်းနှီး မြှုပ်နှံမှုပုံစံဟာ ယခင်ကလို စွမ်းအင်ကဏ္ဍ၊ သယံဇာတ တူးဖော်မှု ကဏ္ဍတွေမှာပဲ ရှိနေတော့တာ မဟုတ်ပါဘူး။ တရုတ်နဲ့ပူးတွဲ လုပ်ဆောင်မယ့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းတွေ၊ လမ်းတံတား မီးရထားလမ်းနဲ့ ဥမင်လိုဏ် ခေါင်းစီမံကိန်းတွေပါ ပါဝင်လာပါတယ်။ ထိုနည်းလည်းကောင်းပဲ တရုတ်မဟာဗျူဟာအရ ချဲ့ထွင်လာတဲ့ ပိုးလမ်းမသစ်

စီမံကိန်းမဟာဗျူဟာ စက်ဝန်းထဲက တရုတ်မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုတွေကလည်း တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာပါတယ်။ တရုတ်နဲ့မြန်မာကြားမှာ ပိုပြီး ကူးလူးဆက်ဆံနိုင်မယ့် အခြင်းအရာသစ်တွေလည်း ပေါ်လာပါတယ်။ မြန်မာနဲ့ တရုတ်နိုင်ငံအကြား ချိတ်ဆက်ကူးလူးမယ့် အဝေးပြေးလမ်းမ တည်ဆောက်ရေး စီမံကိန်းတွေ ပါဝင်လာတယ်။ မူဆယ်-မန္တလေး မီးရထားလမ်း စီမံကိန်းတွေပါဝင်လာတယ်။ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း စီမံကိန်းနဲ့ အထူးစီးပွားရေးဇုံစီမံကိန်းတွေမှာ ထပ်တိုးလုပ်ဆောင်မှုတွေ ရှိလာတယ်။ ကုန်သွယ်ရေးကဏ္ဍနဲ့ ဆက်စပ်ပြီး စက်မှုထုတ်ကုန်တွေ တိုးတက် မြင့်မားဖို့၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကျွဲနွားမွေးမြူရေးလုပ်ငန်းတွေမှာပါ နား လည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးထားတာ တွေ့ရပါတယ်။ စစ်အစိုးရလက်ထက် မဟုတ်တော့ပေမယ့် အသွင်ကူးပြောင်းရေး အရပ်သား အစိုးရလက်ထက်မှာလည်း တရုတ် ရင်းနှီးမြှုပ်နှံမှုတွေဟာ တရားဝင် လမ်းကြောင်းကနေ ထပ်တိုးဝင်လာတာ တွေ့ရပါတယ်။ ဒီနေရာမှာ စဉ်းစားဖို့က မြန်မာပြည်တွင်းမှာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီး တရားဝင်ရော၊ တရားမဝင်ရော ဝင်ရောမြှုပ်နှံထားတဲ့ စီးပွားရေး လုပ်ငန်းတွေ ဘယ်၍ဘယ်မျှကြီးထွားနေပြီလဲဆိုတာ ထပ်မံဆန်းစစ်လေ့လာဖို့ ဖြစ်ပါတယ်။ ဒီလိုစီးပွားရေးလုပ်ငန်းတွေကို မြေပေါ်မြေအောက် အသွင်အမျိုးမျိုး ကူးပြောင်းပြီး လုပ်ကိုင်နေတဲ့ စီးပွားရေး လုပ်ငန်းတွေလို့ ပြောလို့ရပါမယ်။ မြေပေါ်တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို တရားဝင် တရုတ် ရင်းနှီးမြှုပ်နှံမှုတွေလို့ ခေါ်လို့ရပါတယ်။ မြေအောက်တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကိုတော့ တရားမဝင် တရုတ်ရင်းနှီးမြှုပ်နှံမှုတွေလို့ ခေါ်လို့ရပါတယ်။ သတင်းဂျာနယ်တွေ၊ သုတေသနစာစောင်တွေကနေ တရားဝင်ထုတ်ပြန်ထားတဲ့ အချက်အလက်အပေါ် အခြေခံပြီး တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို တွက်ချက်လေ့လာနိုင်တယ်။ တစ်ဖက်မှာလည်း သတင်းဂျာနယ် မဂ္ဂဇင်းတွေနဲ့ သုတေသနစာတမ်းတွေမှာ မဖော်ပြနိုင်သေးတဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုပုံစံနဲ့ ပမာဏကို ထည့်သွင်း စဉ်းစားဖို့ လိုနေပါသေးတယ်။

## w½w - jrerm t usK;p;ym;

၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုအပေါ်မှာ ပြင်းပြင်းထန်ထန် ဖြိုခွင်းခဲ့တဲ့ မြန်မာစစ်အစိုးရကို နိုင်ငံတကာအသိုင်းအဝိုင်းက ဖယ်ကြဉ်ခဲ့တယ်။ တရုတ်မှာလည်း ၁၉၈၉ ခုနှစ်မှာ တီယံမင်အရေးအခင်းဖြစ်တယ်။ တရုတ်ပြည်မှာ ကျောင်းသားခေါင်းဆောင်တွေကနေ ဦးဆောင်ပြီး ဒီမိုကရေစီလှုပ်ရှားမှုကို လုပ်ခဲ့တယ်။ တရုတ်အစိုးရဟာ ပြင်းပြင်းထန်ထန် ဖိနှိပ်ခဲ့ပါတယ်။ ဒီဖြစ်ရပ် နှစ်ခုကြောင့် တရုတ်နဲ့ မြန်မာစစ်အစိုးရဟာ နဂိုကထက် ပိုနီးခဲ့ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကို ပြန်လှန်တုံ့ပြန်ဖို့ ကျောချင်းကပ်ခဲ့ကြတယ်။ မြန်မာစစ်အစိုးရဟာ နိုင်ငံတကာအသိုင်းအဝိုင်းက အဆက်အဆံမလုပ်လို့ အထီးကျန်ဖြစ်ခဲ့တယ်။ ဒီအကျပ်အတည်းကို ဖောက်ထွက်ဖို့ တရုတ်နဲ့ စစ်ရေးအရ၊ သံခင်းတမံခင်းအရ၊ စီးပွားရေးအရ ဆက်ဆံကူးလူးမှုကို လုပ်ခဲ့တယ်။ တရုတ်နိုင်ငံပိုင်စီးပွားရေး ကော်ပိုရေးရှင်းတွေကို မြန်မာပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံခွင့်ပေးခဲ့တယ်။ တရုတ်ပြည်အတွက် မြန်မာဟာ သယံဇာတရင်းမြစ် ဆက်သရတဲ့နိုင်ငံတစ်ခုလိုဖြစ်လာတယ်။ ကုန်းတွင်းပိတ်ဖြစ်နေတဲ့ တရုတ်နိုင်ငံတွင်းက ယူနန်ပြည်နယ်ဟာ မြန်မာနဲ့ ကပ်ရပ်တည်ရှိနေပါတယ်။ ကုန်းတွင်းပိတ်ဖြစ်ခြင်းကြောင့် တရုတ်ပြည်နယ်များစွာထဲက ယူနန်ပြည်နယ်ဟာ ဆင်းရဲတဲ့ ပြည်နယ်တစ်ခုဖြစ်ခဲ့ပေမယ့် မြန်မာပြည်နဲ့ ကုန်သွယ်ရေး ကူးလူးနိုင်ခဲ့လို့ ချမ်းသာတဲ့ ပြည်နယ်တစ်ခုဖြစ်လာတယ်။ တရုတ်ပြည်ရဲ့မြေပုံကို ကြည့်ရင် တောင်တရုတ်ပင်လယ်နဲ့ နီးတဲ့ ပင်လယ်ဆိပ်ကမ်းမြို့တွေ၊ ပြည်နယ်တွေသာ ဖွံ့ဖြိုးတိုးတက်မှုမြင့်တယ်။ စီးပွားရေးကောင်းကြတယ်။ ဒါပေမယ့် ယူနန်ပြည်နယ်ပြည်နယ်ဟာ မြန်မာကြောင့် စီးပွားရေအရဖွံ့ဖြိုးခဲ့တယ်။ ကြွယ်ဝလာခဲ့တယ်။

တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေဟာ မြန်မာစစ်အစိုးရက ခွင့်ပြုပေးလို့ မြေလုပ်ပိုင်ခွင့်တွေ ရခဲ့တယ်။ နောက်ဆက်တွဲအနေနဲ့ မြေသိမ်းယာသိမ်းပြဿနာတွေ ဖြစ်ပွားခဲ့တယ်။ စစ်အစိုးရလက်ထက်မှာ ဖိနှိပ်ခဲ့လို့ မြန်မာပြည်သူဟာ ငြိမ်ခဲ့နေခဲ့ကြပေမယ့် ၂၀၁၁ ခုနှစ်နောက်ပိုင်း အသွင်ကူးပြောင်းရေးကာလမှာ တရုတ်ဆန့်ကျင်ရေးတွေ နိုင်ငံအနှံ့ပေါ်ပေါက်လာခဲ့တယ်။ တရုတ်စီမံကိန်း

တွေကြောင့် နစ်နာခဲ့တဲ့ မြန်မာပြည်သူတွေဟာ အသွင်ကူးပြောင်းရေးကာလမှာ ပြောခွင့်ဆိုခွင့် ရလာလို့၊ ယခင်နစ်နာချက်တွေကို အုံးလိုက်ကျင်းလိုက် ထုတ်ဖော်ပြသကြတယ်။ ဦးသိန်းစိန်အစိုးရလက်ထက်မှာ၊ တရုတ်နဲ့ မြန်မာ အကြား ခပ်ခွာခွာဖြစ်လာတဲ့ ဖြစ်စဉ်ဖြစ်ရပ်တချို့ ကြုံလာခဲ့တယ်။ နိုင်ငံတကာ အသိအမှတ်ပြုမှုကို လိုလားတဲ့ ဦးသိန်းစိန်အစိုးရဟာ နိုင်ငံတကာရဲ့ တရားဝင်မှုရအောင် ကြိုးစားခဲ့တယ်။ အသွင်ကူးပြောင်းရေးနဲ့ ဖြေလျော့ရေး လုပ်ငန်းတွေကို လုပ်ပြီး နိုင်ငံတကာအသိအမှတ်ပြုမှုရအောင် ကြိုးစားခဲ့တယ်။ ဦးသိန်းစိန်အစိုးရလက်ထက်မှာ မြန်မာပြည်ဟာ အနောက်နိုင်ငံတွေဘက်ကို တိမ်းညွတ်ဟန်ရှိခဲ့လို့၊ အနောက်နိုင်ငံအုပ်စုတွေရဲ့ အသိအမှတ်ပြုမှုကို အတော်အတန်ရလာတယ်။ အနောက်နဲ့နီးတော့ တရုတ်နဲ့ ခပ်ခွာခွာဖြစ်လာ ခဲ့တယ်။ ဒီနေရာမှာ ခပ်ဝေးဝေးလို့ မသုံးပါ။ အကြောင်းကတော့ မြန်မာဟာ တရုတ်နဲ့ ခပ်ဝေးဝေးကို မသွားနိုင်ပါ။ တရုတ်ကလည်း မြန်မာကို ရင်ခွင်ပိုက် ပြည်နယ်တစ်ခုလို ချယ်လှယ်ပါတယ်။ ဒါ့ကြောင့် တရုတ်အစိုးရအနေနဲ့ မြန်မာကို မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ပေါ်လစီနဲ့ ခြယ်လှယ်ပါတယ်။ ဦးသိန်းစိန်အစိုးရလက်ထက်မှာ တရုတ်နဲ့ ခပ်ခွာခွာဖြစ်တယ်လို့ ဘယ်လိုပင် ပြောနေပါစေ၊ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကတော့ အနည်းငယ် ကျရိပ်ပြတာက လွဲလို့ တရုတ်အရင်းအနှီးတွေက မြန်မာပြည်တွင်းက ထွက်ခွာမသွားပါဘူး။ တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၁ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁.၅၂ ဘီလီယံ ရှိခဲ့ပေမယ့် ၂၀၁၅ ခုနှစ်ရောက်တဲ့အခါမှာ အမေရိကန်ဒေါ်လာ ၅၂.၄ မီလီယံလောက်ပဲ ရှိပါတော့တယ်။[1] တရုတ်ကုမ္ပဏီတွေရဲ့ သယံဇာတ တူးဖော်ထုတ်လုပ်မှုနဲ့ စွမ်းအင်စီမံကိန်းတွေမှာ လူထုထောက်ခံမှုကျဆင်း ပေမယ့်၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ မြန်မာပြည်တွင်းက ကျောက် မျက်တူးဖော်ရေးလုပ်ငန်းတွေနဲ့ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းတွေဟာ ရပ်တန့်မသွားပါဘူး။ တရားဝင်ရော၊ တရားမဝင် လမ်းကြောင်းတွေကပါ ဆက်လက် လုပ်ကိုင်နေဆဲဖြစ်ပါတယ်။ ဒီလို ကျောက်မျက်တူးဖော်မှုတွေ၊ သစ်ခိုး ထုတ်လုပ်မှုတွေကနေ ငွေကြေးတွေ ဘယ်လောက်ပမာဏ စီးဝင်စီး ထွက်နေတယ်ဆိုတာကို တိတိကျကျ မပြောနိုင်ပါ။ ဥရောပသမဂ္ဂ

1. ASEAN Secretariat, 2018

ကုန်သွယ်ရေး အချက်တွေအရ ၂၀၁၄ ခုနှစ် တရုတ်နိုင်ငံတစ်နိုင်ငံတည်းကို တင်ပို့ခဲ့တဲ့ ကျောက်မျက်တန်ဖိုးက အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံရှိမယ်လို့ ခန့်မှန်းတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ မြန်မာပြည်ရဲ့ကျောက်စိမ်းထုတ်လုပ်မှု စုစုပေါင်းတန်ဖိုးက အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံ ရှိမယ်လို့ ခန့်မှန်းတယ်။ မှောင်ခိုထုတ်လုပ်မှုပမာဏနဲ့ လျှော့ပေါ့အစီရင်ခံစာတွေ၊ တန်ဖိုးအမှန်တွက်ချက်နိုင်မှု အခက်အခဲတွေအရ အမှန်တကယ်တင်ပို့ခဲ့တဲ့ ပမာဏဟာ အစိုးရထုတ်ပြန်ခဲ့တဲ့ တန်ဖိုးထက် ၁၀ ဆလောက် မြင့်မား နိုင်တယ်လို့ ယူဆကြတယ်။[၂] (NRGI ၂၀၁၆)

သယံဇာတတူးဖော်ထုတ်လုပ်မှုတွေမှာ၊ တရုတ်ကုမ္ပဏီတွေနဲ့ မြန်မာစစ်တပ် ပိုင်စီးပွားရေးလုပ်ငန်းတွေဟာ ဒွေးရောယှက်တင်ဖြစ်နေပါတယ်။ မြန်မာ့ စီးပွားရေးကော်ပိုရေးရှင်း (Myanmar Economic Corporation – MEC) နဲ့ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက် (Union of Myanmar Economic Holding Limited – UMEHL) လို ကုမ္ပဏီတွေဟာ နိုင်ငံပိုင်လုပ်ငန်းတွေ မဟုတ်ပါ။ စစ်တပ်ပိုင်လုပ်ငန်းများအဖြစ် စစ်တပ်အရာရှိတွေက စုပေါင်းပိုင် ဆိုင်ပြီး၊ စီမံခန့်ခွဲနေကြတဲ့ ကုမ္ပဏီကြီးတွေသာ ဖြစ်ပါတယ်။ သယံဇာတ တူးဖော်ရေးအတွက် လုပ်ကွက်ချထားမှု ဆုံးဖြတ်ချက်တွေနဲ့ အမြတ်ငွေ ခွဲဝေသုံးစွဲရေးတွေကို အစိုးရတစ်ရပ် (quasi-official roles) လို ကျင့်သုံး ဆောင်ရွက်ပါတယ်။[၃] စစ်အရာရှိတွေ စီမံခန့်ခွဲပြီး ပိုင်ဆိုင်ထားတဲ့ ဒီလို ကော်ပိုရေးရှင်းတွေ၊ ကုမ္ပဏီတွေဟာ ပြည်သူအပေါ် တိုက်ရိုက်တာဝန်ခံမှု မရှိပါ။ နိုင်ငံတော်ပိုင် လုပ်ငန်းထဲသို့လည်း အပြီးအပိုင် မဝင်။ ပုဂ္ဂလိက နာမည်ခံ စစ်စစ်လည်း မဟုတ်။ စစ်တပ်က နိုင်ငံတော်အာဏာနဲ့ လုပ်ပိုင် ခွင့်ကိုသုံးပြီး ခြယ်လှယ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေသာ ဖြစ်နေပါတယ်။ ဒီ ဖြစ်စဉ်ဟာ ရှုပ်ထွေးတယ်။ နိုင်ငံတော်နဲ့ စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းတွေ

2. Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues, Andrew Bauer, Paul Shortell and Lorenzo Delesgues, NRGI, 2016 Feb
3. Gilded Gatekeepers: Myanmar's State-Owned Oil, Gas and Mining Enterprises, Patrick R. P. Heller and Lorenzo Delesgues, NRGI, 2016 Jan

အကြား ရှင်းလင်းတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်မနေဘူး။ သယံဇာတ တူးဖော်ထုတ်လုပ်မှုတွေမှာ စစ်တပ်ပိုင်ကုမ္ပဏီတွေရဲ့ ပါဝင်မှုကဏ္ဍကို ရှင်းရှင်းလင်းလင်းဖြစ်ဖို့ အထူးအရေးကြီးပါတယ်။ EITIလို့ခေါ်တဲ့ တွင်းထွက်ကဏ္ဍ ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ် (Extractive Industries Transparency Initiative) ဟာ ပွင့်လင်းမြင်တာသမှု မြင့်တက်စေဖို့အတွက် အရေးပါတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ မြန်မာပြည်တွင်း တရုတ်ရင်းနှီးမြှုပ်နှံမှုတွေဟာ နယ်ပယ်တော်တော်များများမှာ ရှိနေပါတယ်။ တစ်ဖက်မှာလည်း ငွေကြေးအကျိုးအမြတ် ထုလိုက်ထည်လိုက်ရတဲ့ သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းတွေ ရှိနေပြန်ပါတယ်။ ဒီလိုလုပ်ငန်းတွေမှာလည်း စစ်စီးပွားရေးနဲ့ ကာလအတော်ကြာထိ ပူးတွဲချိတ်ဆက်နေတာကြောင့် ဘယ်ရင်းနှီးမြှုပ်နှံမှုက တရားဝင်၊ ဘယ်ရင်းနှီးမြှုပ်နှံမှုက တရားမဝင်ဘူးလဲ ဆိုတာကို ခွဲခွဲခြားခြား ပြနိုင်ဖို့ ခဲယဉ်းနေပါတယ်။ နိုင်ငံတကာက စောင့်ကြည့်လေ့လာရေးအဖွဲ့တွေက ပြုစုတဲ့ သုတေသနအစီရင်ခံစာတွေမှာလည်း ဒီလိုကိစ္စရပ်မျိုးတွေမှာ စာရင်းအင်း အတိအကျ ဖော်ပြဖို့ခက်ခဲကြောင်း ရေးသားတင်ပြကြပါတယ်။ မြန်မာပြည်တွင်းမှာ၊ တရားမဝင် ဝင်ရောက်လုပ်ကိုင်နေတဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေ ဘယ်၍ဘယ်မျှ ရှိနေပါပြီလဲ။ စဉ်းစားစရာဖြစ်ပါတယ်။

အသွင်ကူးပြောင်းရေးကာလ ၂၀၁၆ ခုနှစ် နောက်ပိုင်းထပ်တိုးလာတဲ့တရုတ် ရင်းနှီးမြှုပ်နှံမှု တချို့ကို လေ့လာကြည့်ပါ။ ၂၀၁၅ ရွေးကောက်ပွဲအပြီး ၂၀၁၆ နဲ့ ၂၀၁၇ အတွင်း မြန်မာပြည်မှာ တရုတ်ရင်းနှီးမြှုပ်နှံမှု ပမာဏ တဖြည်းဖြည်း တက်လာပါတယ်။ တရုတ် မြန်မာအကြားမှာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ကို သဘောတူ လက်မှတ်ရေးထိုးပြီး ဖြစ်တယ်။ မူဆယ်-မန္တလေး ရထားလမ်းစီမံကိန်းဟာ အမေရိကန် ဒေါ်လာ ၈.၉ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ပမာဏရှိပါတယ်။ ရန်ကုန်မြို့သစ်စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏက အမေရိကန်ဒေါ်လာ ၁.၆ ဘီလီယံ ရှိပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုံစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏ ၁.၃ ဘီလီယံရှိပါတယ်။ တရုတ်ဟာ နိုင်ငံတော်နဲ့ ချိတ်ဆက်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်သလိုပဲ စစ်တပ်ပိုင်ကုမ္ပဏီတွေနဲ့ပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုတွေကို

လုပ်ကိုင်ပါတယ်။ ပုဂ္ဂလိကကဏ္ဍမှာလည်း ခရိုနီစီးပွားရေးသမားတွေနဲ့ ချိတ်ဆက်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ကိုင်ပါတယ်။ မြန်မာပြည်တွင်းက မြန်မာ အမည်ပေါက် တရုတ်တွေနဲ့ ချိတ်ဆက်ပြီးတော့ တရုတ်ရင်းနှီးမြှုပ်နှံမှုကို ပြည်တွင်းကုမ္ပဏီအနေနဲ့ အသွင်ယူလုပ်ကိုင်နေတာတွေလည်း ရှိပါတယ်။ တစ်ဖက်မှာလည်း ငွေကြေးခဝါချမှုရှိတယ်။ မူးယစ်ဆေးဝါး လုပ်ငန်းကရတဲ့ ဝင်ငွေနဲ့ ငွေဖြူဖြစ်အောင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ လုပ်ကိုင်ကြတာလည်း တွေ့ရတယ်။ မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ တရားမဝင် တရုတ်ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းတွေဟာ လက်နက်ကိုင်တပ်စီးပွားရေးတွေနဲ့လည်း ချိတ်ဆက်နေပြန်ပါတယ်။ လက်နက်ကိုင်တပ်စီးပွားရေးတွေနဲ့ တရုတ်အကြားက အဓိကဆက်စပ်နေတဲ့ ကဏ္ဍကတော့ သယံဇာတနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုတွေပဲ ဖြစ်ပါတယ်။ ကျောက်မျက် / သယံဇာတထွက်ရှိတဲ့ဒေသတွေဟာ မူးယစ်ဆေးဝါးသုံးစွဲမှု အမြင့်ဆုံး ဒေသတွေ ဖြစ်တယ်ဆိုတာကို သုတေသနစာတမ်းတွေက ဖော်ပြပါတယ်။ ဥပမာ - ရွှေနဲ့ ကျောက်မျက်ထွက်ရှိရာ အများဆုံးဒေသတွေဖြစ်တဲ့ မြန်မာပြည်တွင်းက မြို့တွေဖြစ်တဲ့ ပင်လည်ဘူး၊ မိုးကုတ်၊ ဟုမ္မလင်း၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဖားကန့် စတဲ့ မြို့တွေဟာ မူးယစ်ဆေးဝါး သုံးစွဲမှုအမြင့်ဆုံးဒေသတွေဖြစ်တာ တွေ့ရပါတယ်။

Bertil Lintner ရဲ့ Burma in Revolt စာအုပ်မှာ၊ မြန်မာပြည်မှာ တိုးတက်တယ်လို့ ပြောနိုင်တာက ဘိန်းထုတ်လုပ်မှုပဲလို့ ပြောပါတယ်။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရစက မြန်မာပြည်မှာ ထွက်တဲ့ ဘိန်းပမာဏက တန်ချိန်(၃၀) ပဲ ရှိပါတယ်။ နောက် အနှစ် (၅၀) ကြာတဲ့အခါမှာ ဘိန်းထုတ်လုပ်မှု တန်ချိန်က ၂၅၀၀ ဖြစ်လာပါတယ်။ အဆပေါင်း ၈၀ ကျော်တိုးပွား လာတာပဲ ဖြစ်ပါတယ်။ အခုဆို မြန်မာပြည်လွတ်လပ်ရေးရတာ နှစ်ပေါင်း (၇၀) ကျော်ရှိနေပါပြီ။ လွတ်လပ်ရေးရအပြီး နှစ်ပေါင်း (၅၀) ကထက် ပိုလွန်များပြားတဲ့ ပမာဏမှာ ရှိနေနိုင်ပါတယ်။ အခုလက်ရှိမှာ၊ ဘိန်းထုတ်လုပ်မှု တန်ချိန် ဘယ်၍ ဘယ်မျှ ထွက်ရှိသလဲဆိုတာကို အတိအကျ တိုင်းတာလို့ မရနိုင်ပါ။ ဘိန်းအပြင်၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေပါ ကြီးထွားလာ

လို့ ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့သတင်းတွေကို ကြည့်ရင်၊ ပိုင်ရှင်မဲ့ နာမည်တပ်ပြီး တန်နဲ့ချီတဲ့ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု သတင်းတွေဟာ မကြာမကြာ ထွက်ပေါ်လာနေတာကို တွေ့ရပါလိမ့်မယ်။ ဘိန်းထွက်နှုန်း တိုးလာသလို၊ လူမျိုးစု လက်နက်ကိုင်တပ်တွေလည်း တိုးလာပါတယ်။ လူမျိုးစုလက်နက်ကိုင်ပဋိပက္ခ၊ ဘိန်းထုတ်လုပ်မှုနဲ့ စစ်တပ်ကြီးစိုးအုပ်ချုပ်မှုပုံစံတွေဟာ ဆက်စပ်နေပါတယ်။ လူမျိုးစုလက်နက်ကိုင်ပဋိပက္ခနဲ့ အကျပ်အတည်းတွေ့ခဲ့ရတဲ့ မြန်မာစစ်အစိုးရဟာ လူမျိုးစုဒေသတွေမှာ အာဏာစက်ပျံ့နှံ့အောင် နည်းမျိုးစုံနဲ့ လုပ်ပါတယ်။ ဒါ့ကြောင့် နဝတအစိုးရလက်ထက်မှာပဲ လူမျိုးစုလက်နက်ကိုင်အုပ်စုတွေနဲ့ အပစ်အခတ်ရပ်စဲရေးတွေ လုပ်ပြီး ဘိန်းထုတ်လုပ်မှုတွေကို အတွင်းကြိတ်ခွင့်ပြုမှုတွေ လုပ်ပါတယ်။ သည့်နောက်ပိုင်းမှာ မြန်မာပြည်ရဲ့ ဘိန်းထုတ်လုပ်မှုက အကြီးအကျယ်မြင့်မားလာပါတယ်။ ဆက်လက်ပြီးတော့ ဘာတေးလစ်တနာက သူ့စာအုပ်မှာ ထပ်မံတင်ပြတာရှိပါသေးတယ်။ ၁၉၈၈ ခုနှစ်၊ ၈၈ အရေးအခင်းနဲ့ မရှေးမနှောင်းမှာပဲ ကိုးကန့်တရုတ်နဲ့ 'ဝ' တရုတ်တွေက တောတွင်းဗမာပြည်ကွန်မြူနစ်ပါတီကို အာဏာသိမ်းလိုက်ပါတယ်။ အာဏာသိမ်း 'ဝ'၊ ကိုးကန့်တရုတ်တွေနဲ့ မြန်မာစစ်အစိုးရဟာ အပစ်အခတ် ရပ်စဲရေးလုပ်ပြီး မဟာမိတ်လုပ်နိုင်ခဲ့တယ်။ မြန်မာ့နိုင်ငံရေး-စီးပွားရေးလောကကို ဘိန်းမှောင်ခိုတွေ တရားဝင်ဝင်ရောက်လာအောင် လမ်းခင်းပေးလိုက်တာဖြစ်ပြီး ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ရပ်တည်လာကြတယ်လို့ ဘာတေးလစ်တနာက ဝေဖန်ပါတယ်။

လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ပြီး လူမျိုးစုလက်နက်ကိုင်တွေကို စီးပွားရေးလုပ်ပိုင်ခွင့် ပေးလာပြီးနောက်ပိုင်းမှာ၊ မြန်မာပြည်စီးပွားရေးဟာ လက်နက်နဲ့ဆက်စပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်လာပါတယ်။ လက်နက်ကိုင်နောက်ကွယ်မှာ အာဏာနဲ့ လုပ်ပိုင်ခွင့် ရှိတယ်။ အာဏာနဲ့ လုပ်ပိုင်ခွင့်နောက်မှာ စီးပွားရေး အကျိုးအမြတ် ပါလာပါတယ်။ လူမျိုးစု လက်နက်ကိုင်တွေနဲ့ မြန်မာစစ်တပ်ဟာ ဘိန်းထုတ်လုပ်မှုနဲ့ အကျိုးစီးပွားခြင်း တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်ပြီးတော့ ဆက်စပ်နေပါတယ်။ လက်နက်ကိုင်စီးပွားရေးနဲ့ ဘိန်းထုတ်လုပ်ရေးမှာ ဦးဆောင်တဲ့ တရုတ်တွေအကြား အကြောင်းတရားတွေဟာ ဘယ်လို ဆက်စပ်နေပါသလဲ။

usepmavm?axmiacsmuavm

ကမ္ဘာ့မှာ အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းထွက်ရှိရာ ဒေသဟာ မြန်မာနိုင်ငံ၊ ဖားကန့်မြို့မှာ တည်ရှိပါတယ်။ ကျောက်စိမ်းတူးဖော်မှုတွေမှာ နိုင်ငံတော်က ပါဝင်သလို၊ စစ်အရာရှိပိုင် ကုမ္ပဏီတွေလည်း အမြောက်အမြား ပါဝင်နေပါတယ်။ ထိုနည်းလည်းကောင်းပဲ လက်နက်ကိုင် လူမျိုးစုတပ်နဲ့ စစ်တပ်ကခွင့်ပြုထားတဲ့ တရုတ်ကုမ္ပဏီတွေလည်း အမြောက်အမြား တူးဖော်ခွင့်ရကြပါတယ်။ မြန်မာခရိုနီစီးပွားရေးသမားတွေကလည်း ကျောက်မျက်ကုမ္ပဏီတွေ တည်ထောင်ပြီး တူးဖော်ကြပါတယ်။ ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသဟာ မြန်မာပြည်တွင်းမှာ ဘိန်းသုံးစွဲမှု အမြင့်ဆုံးဒေသတစ်ခု ဖြစ်ပါတယ်။ ဘိန်းထုတ်လုပ်မှု၊ ကျောက်စိမ်းတူးဖော်ရေး၊ တရုတ်ကုမ္ပဏီတွေ၊ လက်နက်ကိုင်ပဋိပက္ခနဲ့ စစ်တပ်အကျိုးစီးပွားတွေဟာ ဒွေးရောယှက်တင်ဖြစ်နေပါတယ်။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုး သဘောတူညီမှုတွေမှာ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်ခွင့်တွေပါ ပါဝင်နေတယ်[4]လို့ ပညာရှင်ပိုင်းက သုံးသပ်ကြပါတယ်။ တရုတ်-မြန်မာ နယ်စပ်တစ်လျှောက်မှာ လက်နက်ကိုင် လူမျိုးစုတပ်တွေနဲ့ စစ်တပ်ရင်းတွေက အသီးသီး နေရာယူထားကြပါတယ်။ ဘိန်းရောင်းဝယ်ဖောက်ကားမှုတွေကို နယ်မြေအာဏာပိုင်တွေနဲ့ ပေါင်းပြီး လုပ်ကိုင်ပါတယ်။ ရလာတဲ့ငွေကြေး အကျိုးအမြတ်တွေကို မြန်မာပြည်တွင်းမှာ စီးပွားရေးလုပ်ငန်းတွေ တည်ထောင်လုပ်ကိုင်ပါတယ်။ တရားမဝင်စီးပွားရေးတွေက ရတဲ့ငွေလုံးငွေရင်းတွေက မြန်မာပြည်တွင်းကို ဝင်လာသလို၊ တရုတ် ရွှေ့ပြောင်းလုပ်သားတွေကလည်း တရားဝင်ရော၊ တရားမဝင်ပါ ဝင်ရောက်လာပါတယ်။ မြန်မာပြည်တွင်းက ဆောက်လုပ်ရေး လုပ်ငန်းခွင်တွေမှာ တရုတ်အလုပ်သမားတွေ ဝင်ရောက်လုပ်ကိုင်မှုများပြားလာပါတယ်။ မြို့သစ်စီမံကိန်းနဲ့ စက်မှုဇုန်တွေတွဲပြီး တရုတ်စက်ရုံတွေလာ ရောက်တည်ထောင်ကြတယ်။ တရုတ်စက်ရုံတွေမှာ တရားမဝင် တရုတ်လုပ်သားတွေ မြန်မာပြည်တွင်းကို လာရောက်လုပ်ကိုင်ပါတယ်။ တရုတ်လုပ်သား ဝင်ရောက်မှုဟာ နယ်စပ်ဒေသက မြို့တွေတင်မက မြန်မာ

4. Chinese Investment in Myanmar, Khine Win, A study of Chinese Capital flows to Eight Countries, CIPE, 2019, December

ပြည်တွင်းက မြို့ကြီးတွေမှာပါ ဝင်ရောက်လာတာကိုတွေ့ရပါတယ်။ တရုတ်နယ်စပ်နဲ့နီးတဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နဲ့ ဗိုင်းမော်မြို့တွေမှာ တရုတ်ဝင်ရောက်မှု ကြီးထွားလာသလို၊ ရန်ကုန်နဲ့ မန္တလေးလိုမြို့ကြီးတွေမှာလည်း တရုတ်ဝင်ရောက်မှု များပြားပါတယ်။ ဒီလိုအချက်တွေကိုကြည့်ရင်၊ လက်ရှိမြန်မာပြည်တွင်းမှာ တရုတ်အရင်းအနှီးတွေပဲ ဝင်နေတာ မဟုတ်ပါဘူး။ တရုတ်လုပ်သားတွေလည်း ဝင်ရောက်နေတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ တရားမဝင် ဝင်ရောက်နေတဲ့ တရုတ်လုပ်သားတွေ များပြားလာခြင်းဟာ၊ ခြစားမှု လာဘ်စားမှုနဲ့ တရားဥပဒေ အသက်ဝင်မှု အားနည်းခြင်းတွေကြောင့်ဖြစ်ပါတယ်။

ပုဂ္ဂလိကကဏ္ဍမှာလည်း တရုတ်ရင်းနှီးမြှုပ်နှံမှုနဲ့ ဝင်လာတဲ့ စက်ရုံအလုပ်ရုံတွေ အမြောက်အမြားရှိလာပါတယ်။ တရုတ်ပိုင် စက်ရုံအလုပ်ရုံတွေက နိုင်ငံတော်ရဲ့ပံ့ပိုးထောက်ပံ့မှု အများအပြားရပါတယ်။ တရုတ်စက်ရုံတွေအတွက် နိုင်ငံတော်က အခွန်နှုန်းထား လျှော့ပေါ့ပေးတယ်။ မြေသုံးစွဲပိုင်ခွင့်ကို အကြွေးစနစ်နဲ့ သုံးစွဲခွင့်ရကြတယ်။ ချည်ထည်လုပ်ငန်းတွေနဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ တရုတ်ကုမ္ပဏီတွေ မြန်မာပြည်တွင်းကို အလုံးအရင်း ဝင်လာကြတယ်။ အလုပ်သမားဈေးပေါတဲ့အတွက် မြန်မာပြည်မှာ တရုတ်အထည်ချုပ်စက်ရုံတွေ အလုပ်ဖြစ်ကြတယ်။ အလုပ်ချိန်သတ်မှတ်မှုနဲ့ပတ်သက်ပြီးတော့ တရုတ်စက်ရုံလုပ်ငန်းရှင်တွေနဲ့ မြန်မာလုပ်သားတွေအကြား အငြင်းပွားမှုတွေလည်း ဖြစ်လာတယ်။ လုပ်ခလစာ၊ အလုပ်သမား အခွင့်အရေးနဲ့ ပတ်သက်ပြီး အငြင်းပွားမှုတွေ ရှိတယ်။ တရုတ်ကုမ္ပဏီတွေနဲ့ မြန်မာ အလုပ်သမားတွေအကြား မမျှတမှုတွေ ရှိနေပေမယ့် တရုတ်ရင်းနှီးမြှုပ်နှံမှုတွေက ကုန်ထုတ်လုပ်ရေးကဏ္ဍမှာ တဖြည်းဖြည်း တိုးလာနေဆဲဖြစ်ပါတယ်။

လက်ရှိမြန်မာပြည်မှာ နိုင်ငံတကာ ကြွေးမြီ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရှိနေပါတယ်။ အဲသည့်အထဲက တရုတ်ဆီမှာ တင်နေတဲ့ ကြွေးမြီပမာဏဟာ ၄၀% ရှိပါတယ်။ ၂၀၁၆ - ၁၇ ကုန်သွယ်ရေးနှစ်မှာ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၁၀.၈ ဘီလီယံ

အထိ ရှိလာပါတယ်။[၅] ဒီကိန်းဂဏန်းဟာ တရားဝင်ဖော်ပြချက်ဖြစ်ပါတယ်။ စာရင်း မပေါက်တဲ့ ကုန်သွယ်ရေးတန်ဖိုး ပမာဏမပါဝင်ပါဘူး။ ပြည်တွင်း ပြည်ပ မီဒီယာနဲ့ ပညာရှင်အုပ်စုတွေကတော့၊ မြန်မာပြည်မှာ အရပ်သားအစိုးရ လက်ထက်အတွင်း အသစ်ရေးထိုးလိုက်တဲ့ စီမံကိန်းတွေအပေါ်မှာ တရုတ်ရဲ့ ကြွေးမြီထောင်ချောက်ထဲ ဝင်နိုင်မယ့်အလားအလာတွေ ရှိနေကြောင်း သတိ ပေးကြပါတယ်။ အထူးသဖြင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းနဲ့ ရေနက်ဆိပ်ကမ်း စီမံကိန်းတွေကို သီရိလင်္ကာနိုင်ငံက ဟန်ဘန်တိုတာ ဆိပ်ကမ်းလို အကြွေးနွံမနစ်စေဖို့ သတိပေး ပြောကြားတာတွေ ရှိပါတယ်။ တရုတ်ရင်းနှီးမြှုပ်နှံမှုပုံစံတွေရဲ့ ထူးခြားချက်ရှိပါတယ်။ ယေဘုယျအားဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေဟာ သက်ဆိုင်ရာနိုင်ငံရဲ့ နိုင်ငံရေးတည် ငြိမ်မှုနဲ့ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုတွေကို တိုင်းတာပြီးမှ ရင်းနှီးမြှုပ်နှံလေ့ ရှိပါတယ်။ သို့ပေမယ့် လက်ရှိ မြန်မာပြည်မှာ တွေ့နေရတဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှု ပုံစံက ဒီလို မဟုတ်ပါဘူး။ သာဓက တချို့ကို ထုတ်ပြချင်ပါတယ်။ ရခိုင် ပြည်နယ်အတွင်း တရုတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတွေကိုကြည့်ပါ။ ကျောက်ဖြူ မှာ အထူးစီးပွားရေးဇုန်အဖြစ် တိုးချဲ့လာတဲ့အပြင် ကျောက်ဖြူမှာ ရေနက် ဆိပ်ကမ်းတည်ဆောက်ရေး စီမံကိန်းပါ ပါဝင်နေပါတယ်။ ထိုနည်းလည်း ကောင်းပဲ ဟိုးယခင်ကတည်းက တည်ဆောက်ပြီးစီးပြီးဖြစ်တဲ့ ကျောက်ဖြူ ကူမင်း ရေနံပိုက်လိုင်း ရှိပါတယ်။ မြန်မာပြည်တွင်းကို ကန့်လန့်ဖြတ် ဖြတ် ဖြတ်သွားတဲ့ ရေနံပိုက်လိုင်း ဖြတ်သန်းရာ ဒေသတစ်လျှောက်ဟာ လက်နက် ကိုင် အင်အားစုတွေနဲ့ စစ်ဖြစ်ပွားရာနေရာ ဒေသတွေ ဖြစ်ပါတယ်။ ရခိုင် ပြည်နယ်ဆိုရင်လည်း လူမျိုးစုပဋိပက္ခနဲ့ ဘင်္ဂါလီလူမျိုးစုအရေး ပြဿနာ တွေနဲ့ အေးချမ်းတည်ငြိမ်မှု မရှိတဲ့ ဒေသဖြစ်ပါတယ်။ သဘောတူလက်မှတ် ရေးထိုးပြီးဖြစ်တဲ့ ကချင်ပြည်နယ်က စီမံကိန်း(၂)ခုကိုလည်း လေ့လာကြည့်စေ လိုပါတယ်။ ယခင် စစ်အစိုးရလက်ထက်ကတည်းက ရင်းနှီးမြှုပ်နှံထားပြီး ဖြစ်တဲ့ မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း အပါအဝင် ယခု ဝိုင်းမော်နဲ့ မြစ်ကြီး နားမြို့ အနီးနားမှာတည်ဆောက်မယ့် မြစ်ကြီးနားစီးပွားရေး ဖွံ့ဖြိုးမှုဇုန်

5. Myanmar Fears Chinese Debt Trap, Belt and Road News, 2020 Feb 28 (Link: https://www.beltandroad.news/2020/02/28/myanmar-fears-chinese-debt-trap/ )

စီမံကိန်းတို့ပဲဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်းက စီမံကိန်းတည်နေရာတွေဟာ လူမျိုးစုလက်နက်ကိုင်နဲ့ စစ်တပ်အကြားမှာ လုပ်ပိုင်ခွင့်အာဏာစက်ချင်းထပ်နေတဲ့ နေရာဒေသဖြစ်ပါတယ်။ ကေအိုင်အေရဲ့ လွှမ်းမိုးမှုဩဇာပျံ့နှံ့တဲ့ နယ်မြေလည်း ဖြစ်ပါတယ်။ ရခိုင်မှာလည်း ထိုနည်းလည်းကောင်း ပါပဲ။ ထူးခြားချက်က လက်နက်ကိုင်ပဋိပက္ခနဲ့ လူမျိုးစုပဋိပက္ခတွေ ပြင်းပြင်းထန်ထန်ဖြစ်နေတဲ့အကြားက တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေဟာ အစဉ်တစိုက်ဆက်လက်အကောင်အထည်ဖော်နိုင်တာ တွေ့ရပါတယ်။ ဒေသတွင်းပြည်သူလူထုတွေ စစ်ဘေး စစ်ဒဏ်ခံနေရပေမယ့် တရုတ်စီမံကိန်း နယ်မြေတွေမှာ ဘေးကင်းရန်ပဖြစ်နေတာ တွေ့ရပါတယ်။ တရုတ်အနေနဲ့လည်း ဒေသတွင်းတည်ငြိမ်အေးချမ်းမှု မရှိတာကို လျစ်လျူရှုပြီး ရင်းနှီးမြှုပ်နှံမှုတွေကို ထပ်တိုးလုပ်ဆောင်နေဆဲဖြစ်ပါတယ်။ ဒီအချက်ဟာ ထူးခြားပါတယ်။ တရုတ်အနေနဲ့ဒေသတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသေးတဲ့ ဒေသတွေမှာ ဘယ်လိုနည်းနဲ့ တရုတ်စီမံကိန်းတွေကို အစဉ်တစိုက် အကောင်အထည်ဖော် ရှေ့တိုးလုပ်ဆောင်နိုင်နေတာလဲ။

လုံခြုံရေးနဲ့ ငြိမ်းချမ်းရေး လေ့လာသုံးသပ်သူတွေရဲ့ ပြောဆိုချက်တွေမှာ၊ လူမျိုးစုလက်နက်ကိုင်တပ်တွေရဲ့ ရပ်တည်မှုဟာ တရုတ်အထောက်အပံ့မကင်းဘူးလို့ ပြောကြပါတယ်။ ထိုနည်းလည်းကောင်းပဲ ကေအိုင်အေနဲ့ အေအေတို့လိုလူမျိုးစုလက်နက်ကိုင်တပ်တွေကို တရုတ်က စစ်ရေးထောက်ပံ့မှုတွေ ရှိတယ်လို့ ဆိုပါတယ်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း တရုတ်ဩဇာလွှမ်းမိုးမှုရှိတယ်ဆိုတဲ့ သာဓကတွေကို တွေ့ရပါတယ်။ တရုတ်အနေနဲ့ ဒေသတွင်းမှာ ပဋိပက္ခတွေ မငြိမ်းချမ်းသေးပေမယ့် တရုတ်စီးပွားရေး အကျိုးအမြတ်ချဲ့ထွင်တာတွေကို အနှောက်အယှက်မရှိ အေးအေးသက်သာ လုပ်ကိုင်နိုင်တာဘာ့ကြောင့်ပါလဲ။ အကြောင်းတရားကတော့ စစ်စီးပွားရေးနဲ့ ချိတ်ဆက်နေနိုင်ပါတယ်။ လက်နက်ကိုင်တပ်စီးပွားရေးနဲ့ ချိတ်ဆက်နေနိုင်ပါတယ်။ တရုတ်ဟာ မြန်မာစစ်တပ်ကိုလည်း ရင်ခွင်ပိုက်အနေနဲ့ ထားတားနိုင်ပြီး လူမျိုးစုလက်နက်ကိုင် တပ်တွေကိုလည်း ကြိုးဆွဲနိုင်အောင် ဩဇာလွှမ်းမိုးထားနိုင်ပါတယ်။ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေဟာ မြန်မာပြည်တွင်း ပဋိပက္ခတွေကို

မမှုဘဲ ဆက်လက်မြင့်တက်နေဆဲ ဖြစ်ပါတယ်။ ဆက်လက် တိုးမြင့်နေဆဲ ဖြစ်ပါတယ်။ ဒီအချက်ကို ထောက်ရှုပြီး ကြည့်ရင်၊ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေ ဟာ ပဋိပက္ခတွေနဲ့ ဆက်စပ်နေသလားဆိုတာ မေးခွန်းထုတ်ရမှာဖြစ်ပါတယ်။ ပဋိပက္ခကြောင့် အကျိုးစီးပွားတွေရနေရင်၊ ပဋိပက္ခတွေကို ပိုလို့ တိုးလာစေ ချင်ပါတယ်။ ပဋိပက္ခတွေထဲကိုလည်း ပိုလို့ တိုးဝင်ချင်ကြပါတယ်။ ပဋိပက္ခ ကြောင့် အကျိုးအမြတ်ရနေရင်၊ ပဋိပက္ခတွေကို မကြောက်ဘူး။ ပဋိပက္ခတွေ ကို မမှုဘူး။ ပဋိပက္ခတွေ မရှိရင်တောင်၊ ပဋိပက္ခတွေကို မွေးမြူနေမှာဖြစ် ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အကျိုးအမြတ်တွေဟာ ပဋိပက္ခတွေရဲ့ ကျေးဇူးပြုမှုနဲ့ အသက်ဆက်နေရတာကြောင့်ဖြစ်ပါတယ်။ မြန်မာပြည်တွင်းက တရုတ်ရင်းနှီးမြှုပ်နှံမှုတွေဟာ မြန်မာပြည်တွင်းက ပဋိပက္ခတွေ၊ လက်နက် ကိုင်တိုက်ပွဲတွေနဲ့ ဘယ်နည်းဘယ်ပုံ ဆက်စပ်နေပါသလဲ။ စဉ်းစားစရာ ဖြစ်ပါတယ်။

## ppp;ym;a&;

စစ်စီးပွားရေးလို့ ပြောရင် စစ်ကြောင့် ဖြစ်တဲ့ စီးပွားရေးတွေအပါအဝင် စစ်ကိုပြုနိုင်တဲ့ လက်နက်ကိုင်တပ်တွေ ပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေ ကိုလည်း ညွှန်းဆိုပါတယ်။ ခွဲခြမ်းစိတ်ဖြာကြည့်ရအောင်။ ပဋိပက္ခကြောင့် အကျိုးအမြတ်ရနေတဲ့ စစ်စီးပွားရေး လုပ်ငန်းတွေ ရှိနိုင်ပါတယ်။ သယံဇာတ တူးဖော်ထုတ်လုပ်ရေးတွေမှာ၊ တရားဝင် တူးဖော်ထုတ်လုပ်ရောင်းချခြင်းထက် တရားမဝင် တူးဖော်ထုတ်လုပ်ရောင်းချခြင်းက အကျိုးအမြတ် ပိုရပါတယ်။ ဥပမာ – ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်းကို ကြည့်ပါ။ တရားဝင် ဥပဒေ ဘောင်တွင်းက တူးဖော်ရင် စည်းမျဉ်းဥပဒေကို လိုက်နာရမယ်၊ ကျသင့်တဲ့ အခွန်အခကို ဆောင်ရမယ်၊ စစ်ဆေးကြီးကြပ်မှုတွေ ရှိလို့ ကုန်ကျ စရိတ်ဟာ မှောင်ခို တူးဖော်တာထက် ပိုများပြားတယ်။ စနစ်တကျ တူးဖော်ပြီး တာဝန် ယူမှု၊ တာဝန်ခံမှုရှိရှိ လုပ်ကိုင်ရင် ငွေကြေးအရင်းအနှီး ပိုကုန်ကျမယ်၊ သဘာဝပတ်ဝန်းကျင် မပျက်စီးဖို့၊ ကော်ပိုရိတ်လူမှုတာဝန်တွေကို ယူရတာ ဖြစ်လို့ ကုန်ကျစရိတ်များတယ်။ အခက်အခဲတွေ ရှိတယ်။ ဥပဒေစည်းမျဉ်း မလိုက်နာရင် အရေးယူ ဒဏ်ခတ်ခံရတာတွေ ရှိနိုင်တယ်။ တရားမဝင်

တူးဖော်ထုတ်လုပ်ရောင်းချရင် အခွန်လည်း လျှော့ပေါ့တယ်၊ အောက်ဈေးနဲ့ လည်း ဝယ်ယူနိုင်တယ်။ တူးဖော်ထုတ်လုပ်မှုတွေမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတွေ အပေါ်လည်း တာဝန်ယူစရာ မလိုဘူး၊ ရင်းနှီးမြှုပ်နှံမှု အနည်း အကျဉ်းနဲ့ အကျိုးအမြတ် အများကြီး ရနိုင်တယ်။ ဥပဒေစည်းမျဉ်းဆိုတာကိုလည်း လိုသလို ကျော်လို့ရတယ်။ ဒါ့ကြောင့် ကျောက်စိမ်းတူးဖော်မှုလို လုပ်ငန်းမျိုး တွေမှာ တည်ငြိမ်အေးချမ်းပြီး ဥပဒေဘောင်အတွင်းမှာ ရှိနေခြင်းထက် ဥပဒေဘောင်ပြင်ပမှာ ရှိနေခြင်းက ပတ်သက်ဆက်နွှယ်သူတွေကို အကျိုး အမြတ် ပိုရစေတယ်။ မြန်မာပြည်အတွက် သယံဇာတကျိန်စာသင့်မှုဖြစ်ပေမယ့်၊ တရုတ်ကုမ္ပဏီတွေ၊ ခရိုနီနဲ့ စစ်စီးပွားရေးတွေအတွက် ကြီးစွာသော အကျိုး အမြတ်တွေ ရနေပါတယ်။ ဒါဟာ ပဋိပက္ခကြောင့် အကျိုးအမြတ်ရနေတဲ့ သာဓကဖြစ်ပါတယ်။

လူမျိုးစုလက်နက်ကိုင်တွေဟာ တပ်ရန်ပုံငွေအတွက် ဘယ်လိုရကြပါသလဲ။ လက်နက်ခဲယမ်းမီးကျောက်ကို ဘယ်ကနေရတဲ့ ငွေနဲ့ ဝယ်ယူရပ်တည်ရှင်သန် ကြပါသလဲ။ လူမျိုးစုလက်နက်ကိုင်တွေကို စစ်ရေးထောက်ပံ့မှုတွေ ရှိနေတဲ့ တရုတ်ဟာ လူမျိုးစုလက်နက်ကိုင်တွေအပေါ်မှာ ဩဇာလွှမ်းမိုးမှုရှိပါတယ်။ ဒါ့ကြောင့် မြန်မာပြည် ငြိမ်းချမ်းရေးလည်း တရုတ်ဩဇာ လွှမ်းမိုးတယ်။[6] လူမျိုးစုဒေသတွင်းက တရုတ်ရင်းနှီးမြှုပ်နှံမှုတွေဟာလည်း အေးအေးသက် သာပြီး ရှင်သန်ခွင့်ရနေပါတယ်။ တစ်ဖက်မှာလည်း ဒေသတွင်း အာဏာသက် ရောက်တဲ့ လူမျိုးစုလက်နက်ကိုင်တပ်တွေက အခွန်အခအတွက် ဘိန်းရောင်း ဝယ်ဖောက်ကားမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုတွေကို ခွင့်ပြုထားပါ တယ်။ ဘိန်းလုပ်ငန်းကနေရတဲ့ အခွန်အခတွေဟာ လူမျိုးစု လက်နက်ကိုင်တွေ အတွက် ငွေကြေးအရင်းအမြစ် တစ်ခုဖြစ်ပါတယ်။ ယခင် တောတွင်း ဗမာပြည်ကွန်မြူနစ်ပါတီကလည်း လက်နက်ကိုင်တိုက်ပွဲအသက် ဆက်ဖို့၊ မလွဲမရှောင်သာဆိုတဲ့ အကြောင်းပြချက်နဲ့ ဘိန်းရောင်းဝယ်ဖောက်ကား

6. Modern China-Myanmar Relation, Dilemma of Mutual Dependence, David I. Steinberg and HongweI Fan, Nordic Institute of Asian Sudies, 2012

မှုကို တရားဝင်ခွင့်ပြုပေးခဲ့တာ ရှိခဲ့ဖူးပါတယ်။ [7] လူမျိုးစုလက်နက်ကိုင်တွေနဲ့ ဘိန်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုကရတဲ့ ငွေကြေးတွေဟာ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်နေပါတယ်။ တရုတ် ကုမ္ပဏီတွေထဲမှာလည်း ဘိန်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုကရတဲ့ ငွေတွေနဲ့ ပြည်တွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံတာတွေ မရှိနိုင်ဘူးလား။ ဒါဟာ စဉ်းစားစရာဖြစ်ပါတယ်။ မြန်မာပြည်ရဲ့စီးပွားရေးဟာ တရုတ်ငွေ မည်းတွေကို ငွေကြေးခဝါချပြီး ငွေဖြူဖြစ်အောင်လုပ်ဖို့အတွက် အကောင်းဆုံး အကွက်အကွင်းလား။ ထပ်မံလေ့လာရမှာဖြစ်ပါတယ်။

လက်ရှိ မြန်မာစစ်တပ်ဟာ စစ်အသုံးစရိတ်ကို ဘယ်နေရာကနေ ရပါသလဲ။ နိုင်ငံတော်ရဲ့ အသုံးစရိတ်ထဲက ၁၅ % ကျော်ဟာ စစ်ရေးအသုံး စရိတ် ဖြစ်ပါတယ်။ [8] နိုင်ငံရေးနဲ့ လုံခြုံရေးဆိုင်ရာ လေ့လာသုံးသပ်သူတွေကတော့ ဒီပမာဏထက် များနိုင်တယ်လို့ ဆိုပါတယ်။ စစ်တပ်ဟာ စစ်ရေးအသုံး စရိတ်ကို အစိုးရရဲ့ နှစ်စဉ်အသုံးစရိတ်ထဲကနေ ရရှိသလို၊ စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းတွေထဲကနေလည်း ရရှိပါတယ်။ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်လို ကုမ္ပဏီတွေဟာ စစ်တပ်ပိုင်ကုမ္ပဏီတွေဖြစ်ပါတယ်။ ဦးပိုင် ကနေရတဲ့ စီးပွားရေးအကျိုးအမြတ်တွေဟာ စစ်တပ်ဟာ ကိုယ့်ဘာသာကိုယ် ရပ်တည်ဖို့အတွက် အသုံးစာရိတ်တွေ ဖြစ်သွားပါတယ်။ ထိုနည်းလည်း ကောင်းပဲ၊ မြန်မာ့စီးပွားရေးကော်ပိုရှင်းကလည်း အလားတူဖြစ်ပါတယ်။ စစ်အစိုးရစနစ်ကနေ ဆင်းသက်လာတဲ့ မြန်မာပြည်မှာ၊ စစ်တပ်ပိုင်စီးပွားရေး လုပ်ငန်းတွေ ရှိတာ မဆန်းပါဘူး။ စစ်တပ်ဟာ နိုင်ငံတော်ကိုလည်း မမှီခိုဘူး၊ ပြည်သူ့အခွန်ဘဏ္ဍာကိုလည်း မမှီခိုဘဲနဲ့ တစ်ဦးတည်း သီးခြား ကိုယ်ပိုင် စီးပွားရေးလုပ်ပြီး ရပ်တည်မယ်ဆိုတဲ့ ပုံစံနဲ့ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အရှေ့တောင် အာရှနိုင်ငံတွေမှာ စစ်အစိုးရလက်အောက်ရောက်ခဲ့တဲ့ တိုင်းပြည် တွေမှာ ဒီလိုသာဓကတွေ ရှိပါတယ်။ ဘီဘီစီရဲ့ အင်တာဗျူးမှာ ငြိမ်းချမ်းရေး

7. The Rise and Fall of the Communist Part of Burma (CPB), Bertil Lintner, Issue 6 of Southeast Asia Program Series, Cornell University, 1990
8. www.ceicdata.com ,Myanmar MM: Military Expenditure: % of Central Government Expenditure

နှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျူရဲ့ ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦး ကတော့ မြန်မာစစ်တပ်ဟာ အင်ဒိုနီးရှားစစ်တပ်ရဲ့ ပုံစံကို ယူခဲ့တယ်လို့ ဆိုပါတယ်။ အင်ဒိုနီးရှားမှာလည်း စစ်တပ်ဟာ ကိုယ်ပိုင်စီးပွားရေး လုပ်ပြီး တပ်ပိုင် စီးပွားရေးတွေကို လုပ်ဆောင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှ၊ တပ်ပိုင်စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံတော် ပိုင်အဖြစ် ပြုလုပ်ဖို့ အတော်ခက်ခဲခဲ့တယ်လို့ ဆိုပါတယ်။ မြန်မာ စစ်တပ်ဟာ ပြည်သူနဲ့ နိုင်ငံတော်အပေါ်မှာ အမှီအခိုနည်းအောင်၊ လွတ်လပ်စွာ သီးခြား ရပ်တည်နိုင်အောင် စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ပါတယ်။ စစ်အသုံးစာရိတ်အတွက် တပ်ကိုယ်တိုင် ရှာဖွေတဲ့ အရင်းအနှီးတွေ၊ လုပ်ငန်း တွေနဲ့ ချိတ်ဆက်ပြီးတော့ ဖြစ်လာတဲ့ကိစ္စတစ်ခုကတော့၊ စစ် ဗိုလ်ချုပ်တွေရဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ လုပ်ပိုင်ခွင့် အာဏာရထားတဲ့ စစ်ဗိုလ်တွေဟာ ကိုယ်ပိုင်ကုမ္ပဏီတွေကို အမည်ခံတွေနဲ့ ပိုင်ဆိုင်ထား ကြတယ်။ ကျောက်စိမ်းလို ကျောက်မျက်တူးဖော်ရေးလုပ်ငန်းတွေ အပြင် အခြားအခြားသော စီးပွားရေးကဏ္ဍတွေမှာလည်း ပါဝင်နေတာ တွေ့ရပါ တယ်။ မြန်မာပြည်မှာ မြေသိမ်း ယာသိမ်းပြဿနာ အများဆုံးကြုံရတဲ့ အဓိကအကြောင်း (၃) ရပ်ကတော့၊ စစ်တပ်ရဲ့ မြေသိမ်းယာသိမ်းမှုတွေ၊ တရုတ်စီမံကိန်းတွေကြောင့် ကြုံရတဲ့ မြေသိမ်းယာသိမ်း/ မြေယာပြဿနာတွေနဲ့ ခရိုနီစီးပွားရေးသမားတွေကြောင့် ကြုံရတဲ့ မြေသိမ်းယာသိမ်းပြဿနာတွေပဲ ဖြစ်ပါတယ်။ မြန်မာပြည်တွင်းက အကျိုးစီးပွား ပဋိပက္ခတွေဟာ အကြောင်း တစ်ခုတည်းကြောင့်ဖြစ်တာ မဟုတ်ဘဲ အကြောင်းပေါင်းစုံပြီးဖြစ်နေပါတယ်။ အကျိုးစီးပွားရဖို့ ခေါင်းပုံဖြတ် အမြတ်ထုတ်တဲ့သူတွေဟာ တစ်ယောက်ကို တစ်ယောက် ချည်ပတ်တုပ်ထားကြပါတယ်။ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေဟာ ပဋိပက္ခတွေကြားမှာပဲ ဆက်လက်ကြီးထွားနေပါတယ်။ ဒီနေရာမှာ စဉ်းစား ဖို့က မြန်မာပြည်အတွက် တရုတ်အရင်းအနှီးတွေဟာ နိုင်ငံ့စီးပွားရေးအတွက် အကျိုးဖြစ်ထွန်းပါသလား။ အကျိုးထက် အပြစ်ဘယ်အရာက ပိုများနိုင်ပါ သလဲ။ တရုတ်အရင်းအနှီးတွေကို ဘယ်လိုနည်းနဲ့ ဝင်ခွင့်ပြုနေသလဲ။ တရုတ်အရင်းအနှီးတွေကို ဘယ်လိုစီမံခန့်ခွဲမလဲ။ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေဟာ မြန်မာပြည်အတွက် ထွက်ပေါက်လား၊ ထောင်ချောက်လား။

## e*;aumucsu

မြန်မာဟာ တရုတ်နဲ့ ပထဝီနိုင်ငံရေး ဆက်ဆံမှုက အားကြီးတယ်။ ပြင်းထန်တယ်။ ယခင် ဆင်းရဲနေတဲ့ တရုတ်က မြန်မာပြည်အပေါ် ဩဇာလွှမ်းမိုးမှု တစ်စုံတစ်ရာ ရှိနေခဲ့ပေမယ့်၊ လက်ရှိအခြေအနေနဲ့တော့ မတူပါ။ အခု တရုတ်ဟာ ပိုချမ်းသာလာသလို၊ ပိုပြီး လက်တံရှည်လာတယ်။ ကမ္ဘာမှာ စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ ယဉ်ကျေးမှုအရ ထိုးဖောက်ခြေဆန့်လာနိုင်တာတွေ မြောက်များစွာ ရှိနေပြီ။ တရုတ်နဲ့ အနီးကပ်ရှိနေတဲ့မြန်မာအဖို့ မလွန်ဆန်နိုင်တဲ့ ပဋိပက္ခရေးရာ ပြုပြင်စီရင်ခံရမှုတွေ ရှိတယ်။ စီးပွားရေးအရ ဖောက်ထွက် ရွေးချယ်ဖို့ ခက်တဲ့ ဖြစ်စဉ်၊ ဖြစ်ရပ်တွေ ရှိတယ်။ အဆိုးထဲက အဆိုးအနည်းဆုံးကို ရွေးချယ်ရသလိုဖြစ်နေတယ်။ အကျိုးစီးပွားဆုပ်ကိုင်မှု တင်းကျပ်ကြီးမားတဲ့ မြန်မာ့စစ်စီးပွားရေးကိစ္စဟာ ပြည်သူ့အကျိုးစီးပွားအဖြစ် ပြောင်းလဲဖို့ ခက်ပါတယ်။ ဒီဖြစ်စဉ်အတွင်းမှာ တရုတ်ရဲ့ ပါဝင်ပတ်သက်မှုနဲ့ အကျိုး စီးပွားချင်း အပြန်အလှန်အမှီသဟဲပြုမှုဟာ လက်နက်ကိုင်တပ်ခေါင်းဆောင်နဲ့ စစ်ဗိုလ်ချုပ်ကြီးတွေအကြားမှာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပ်ချည်ပတ်နှောင်ထားတယ်။ ဒီဖြစ်ရပ်ဟာ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ရမယ့်ကိစ္စဖြစ်နေတယ်။ မြန်မာပြည်တွင်းမှာ လက်နက်ကိုင် ပဋိပက္ခတွေကို ဇာတ်သိမ်းလို့ မရသေးဘူး။ နိဂုံးချုပ်လို့ မရသေးဘူး။ ကျောက်မျက်ကဏ္ဍလို သယံဇာတတူးဖော်ထုတ်လုပ်မှု စစ်စီးပွားရေးနဲ့ တရုတ်စီးပွားရေးတွေဟာ အကျိုးစီးပွားများစွာ ရှိတယ်။ ဆက်စပ်ပြီးတော့ ဘိန်းထုတ်လုပ်ရောင်းချရေးနဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေဟာ စစ်စီးပွားရေးနဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေအကြားမှာ ပလဲပနံသင့်နေတယ်။ မြန်မာပြည်ရဲ့ လူမှုစီးပွား အခြေအနေဟာ တဖြည်းဖြည်းနဲ့ ဆုတ်ယုတ်ပျက်ပြားလာနေပါတယ်။ နိုင်ငံတကာ ကြိုးကိုင်ချုပ်လှယ်မှုတွေဟာ ပါဝါအပျော့သုံးတဲ့ နည်းနဲ့ များစွာ ရှိနေသလို၊ အနီးကပ်ဆုံး တရုတ်နိုင်ငံရဲ့ လက်ဆုပ်လက်ကိုင်ရှိမှုထဲက ရုန်းမထွက်နိုင်သေးဘူး။ တရုတ် ဗဟိုအစိုးရရဲ့ မဟာဗျူဟာ ကစားကွက်ထွင်မှုတွေကို မြန်မာပြည်က ခံနေရသလို၊ မြန်မာနယ်စပ်နဲ့ နီးကပ်နေတဲ့ တရုတ်ပြည်နယ်အစိုးရတွေနဲ့ တရုတ်ကုန်သည်စီးပွားရေးသမားတွေရဲ့ ချယ်လှယ်ခံနေရမှုကလည်း လွတ်ကင်း မနေဘူး။ မြန်မာပြည်

အတွက်တော့ စစ်စီးပွားရေးအကျိုးအမြတ်နဲ့ တရုတ်အကျိုးစီးပွားအတွက် ခေါင်းခံပေးရမှုမှာ၊ တဖြည်းဖြည်းနဲ့ နှစ်မြှုပ်ပျက်ပြားနိုင်ချေ မြင့်မားမှုမှာ ရှိနေဆဲဖြစ်ပါတယ်။

**မင်းသေ့**

၇ ၊ ၇ ၊ ၂၀၂၀။

## နောက်ဆက်တွဲမှတ်စု

### တရုတ် - မြန်မာ (၂) နိုင်ငံကြား ကျောက်ဖြူစီမံကိန်း၊ ရန်ကုန်မြို့သစ် စီမံကိန်းအပါအဝင် သဘောတူညီချက် (၃၃) ခု လက်မှတ်ထိုး

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီ ၁၈

တရုတ်-မြန်မာနှစ်နိုင်ငံကြား ကျောက်ဖြူစီမံကိန်း၊ ရန်ကုန်မြို့သစ် စီမံကိန်းအပါအဝင် သဘောတူညီချက် ၃၃ခုကို လက်မှတ်ထိုးခဲ့ပြီး အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရန်ကုန်ရဲကွပ်ကဲမှု ဗဟိုဌာနအား လွှဲပြောင်းခြင်းစာလွှာ

၂။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ ကင်းလှည့်ရေယာဉ် ၆ စီး ပေးအပ်ရေး လဲလှယ်မှု စာချွန်လွှာ

၃။ ၃ နှစ်တာ နယ်စပ်ဒေသများ ဖွံ့ဖြိုးမှုစီမံကိန်း ဖြစ်နိုင်ချေလေ့လာမှုဆိုင်ရာ လဲလှယ်မှုစာချွန်လွှာ

၄။ တရုတ်အမျိုးသားရုပ်မြင်သံကြား၊ အသံလွှင့်ဌာနနှင့် မြန်မာပြန်ကြားရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်

၅။ ၂၀၂၀ လန်ချန်း-မဲခေါင် ရုပ်မြင်သံကြားသီတင်းပတ်၏ မြန်မာနေ့ ပူးတွဲကျင်းပရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ

၆။ မြန်မာနိုင်ငံမှ ဆန်ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်

၇။ မြန်မာနိုင်ငံမှ အပူပေးစနစ်ဖြင့် ပြုပြင်ထုတ်လုပ်သော ပိုးအိမ်ခြောက်များ တင်ပို့ခြင်းဆိုင်ရာ သဘောတူစာချုပ်

၈။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့မည့် ကျွဲ၊နွားများအတွက် ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် ကျန်းမာရေးလိုအပ်ချက်ဆိုင်ရာ သဘော တူစာချုပ်
၉။ စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးထိန်းချုပ်မှု ဗဟိုဌာန စီမံကိန်းဆိုင်ရာ စာလွှာ
၁၀။ စပ်မျိုးစပါး သုတေသန ဗဟိုဌာန စီမံကိန်းဆိုင်ရာ စာလွှာ
၁၁။ အတိုးမဲ့ချေးငွေဖြင့် လူစီးရထားတွဲများ ဝယ်ယူရေးသဘောတူစာချုပ်
၁၂။ ရွှေလီ-မူဆယ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် မူဘောင်သဘောတူစာချုပ် လုပ်ငန်းစဉ်များ လျှင်မြန်တိုးတက်စေရေး နားလည်မှုစာချွန်လွှာ
၁၃။ ကုန်သွယ်မှု မြှင့်တင်ရေး လုပ်ငန်းအဖွဲ့ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ
၁၄။ အမှတ် - ၂ စက်မှုသင်တန်းကျောင်း မန္တလေး အဆင့်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်
၁၅။ ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ
၁၆။ အခြေခံအဆောက်အဦး ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ
၁၇။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ
၁၈။ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေး စီမံကိန်းဖြစ်နိုင်ချေ လေ့လာမှုဆိုင်ရာစာလွှာ
၁၉။ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်းဆိုင်ရာ သဘောတူစာချုပ်နှင့် အစုရှယ်ယာများနှင့် သက်ဆိုင်သော သဘောတူစာချုပ်
၂၀။ နှစ်နိုင်ငံ သံရုံးမြေနှင့် အဆောက်အအုံ အပြန်အလှန်ထောက်ပံ့ခြင်းဆိုင်ရာ သဘောတူညီချက်
၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

၂၂။ မူဆယ်-မန္တလေးရထားလမ်း ဖြစ်နိုင်ချေလေ့လာမှု အစီရင်ခံစာ လွှဲပြောင်းပေးအပ်ခြင်းစာလွှာ
၂၃။ မန္တလေး-ထီးချိုင့်-မူဆယ် အမြန်လမ်းမကြီးနှင့်ကျောက်ဖြူ-နေပြည်တော် အဝေးပြေးလမ်းမကြီးစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှု အစီရင်ခံစာ လွှဲပြောင်းပေးအပ်ခြင်းစာလွှာ
၂၄။ တရုတ်-မြန်မာနယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှု ဆိုင်ရာနားလည်မှု စာချွန်လွှာ
၂၅။ ရန်ကုန်တိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား ချစ်ကြည်ရေးဆက်ဆံမှု တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ
၂၆။ ရန်ကုန်မြို့တော်အတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ် စာချွန်လွှာ
၂၇။ မန္တလေးတိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်အကြား မြန်မာ့စီးပွားရေးစင်္ကြံပူးတွဲတည်ထောင်ရေး မူဘောင်အောက်မှ ဒေသန္တရအဆင့် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ
၂၈။ နှစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်များ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ
၂၉။ ကွမ်းလုံတံတား စီမံကိန်း အကောင်အထည် ဖော်မှုဆိုင်ရာ သဘောတူညီချက်
၃၀။ ရန်ကုန်မြစ်ဝ အနောက်ဘက်ကမ်း ထိန်းသိမ်းရေးစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ
၃၁။ မန္တလေး-ပုဂံရထားလမ်းစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှု နားလည်မှုစာချွန်လွှာ
၃၂။ မီးလင်းချိုင် သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်မှုဆိုင်ရာ စာလွှာ
၃၃။ ‘ဝ’ တစ်လုံးဥမင်လိုဏ်ခေါင်း စီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ

❒

## ကိုးကား စာရင်း


- Burma in Revolt: Opium and Insurgency Since 1948, Bertil Litner, 1999
- China Investment in Myanmar, Khine Win, A study of Chinese Capital flows to Eight Countries, CIPE, 2019, December
- Chinese Investments in Myanmar, A Scoping Study, Global Environmental institute, Christopher Dunn, Lin Ji and Kui Peng, 2016
- Gilded Gatekeepers: Myanmar's State-Owned Oil, Gas and Mining Enterprises, Patrick R. P. Heller and Lorenzo Delesgues, NRGI, 2016 Jan.
- Modern China-Myanmar Relation, Dilemma of Mutual Dependence, David I. Steinberg and HongweI Fan, Nordic Institute of Asian Sudies, 2012
- Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues Andrew Bauer, Paul Shortell and Lorenzo Delesgues, NRGI, 2016 Feb
- The Rise and Fall of the Communist Part of Burma (CPB), Bertil Lintner, Issue 6 of Southeast Asia Program Series, Cornell University, 1990
- Jade: Myanmar's "Big State Secret", Global Witness, 2015 October


❐

## rif;aoh&;om;xkwfa0jyDom tkyfrsm;


၁။ မင်ခြစ်ကောက်ကြောင်းများ (၂၀၁၇၊ ဇူလိုင်လ၊ ပ-ကြိမ်)
(၂၀၂၀၊ ဇန်နဝါရီလ၊ ဒု-ကြိမ်)

၂။ နိုင်ငံရေးဖတ်စာများ (၂၀၁၈၊ ဧပြီ၊ ပ-ကြိမ်)
(၂၀၂၀၊ ဇူလိုင်လ၊ ဒု-ကြိမ်)

၃။ ဖတ်ညွှန်းများ (၂၀၁၈ ၊ စက်တင်ဘာ)

၄။ နွယ် (၂၀၁၉ ၊ ဖေဖော်ဝါရီ)

၅။ စာဖတ်သမားသို့ (၂၀၁၉ ၊ စက်တင်ဘာ)

၆။ မြန်မာ့လမ်းပွင့် (၂၀၂၀၊ ဧပြီလ)


**ယခု**


၇။ ချိုင်းနားရီဗျူး


**ဆက်လက်ထွက်ရှိမည့် စာအုပ်**


၈။ မြန်မာသစ် (Eiia&;?v tz tpn;?pmay)

၁၀။ ဗမာ့အမျိုးသားရေးဝါဒနိဒါန်း

၁၁။ တက်ကျမ်း (လူကြီးမဖတ်ရ)


**www.minthayt.com**

**စာရေးသူ၏ website သို့ ဝင်ရောက်၍ စာများဖတ်ရှုနိုင်ပါသည်။**


**Email: aungkokotoe.minthayt@gmail.com**



1991 cEp 'Zibmv (1) &uae ar;zm;/
0;0r;armi ?a':usioe;w\ ti , q;om; /
2007 cEp rwvwiwuov0iwe;u"mwaA' *Px;jziatmijri/
2012 wiwuov pmay toi;ü t , 'wm/
2012 cEpwi a&een;ynmb && /
2013 cEpwi Eiiwumquqa&;ynm bve'yvrm&&/
2019 cEpwi Eiia&;ynmav vmrr [mb&&/